# သစ်တောကြေးမုံ

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ



# မာတိကာ

**မျက်နှာဖုံး**

- ✧ မစန်းပါး(၂) ဒီရေတော ကြိုးပြင်ကာကွယ်တော — မျက်နှာဖုံး

**ဒေါင်းကြီး**

- ✧ ကမ္ဘာ့စားနပ်ရိက္ခာနေ့ — ၁

**သတင်းများကဏ္ဍ**

- ✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၉

**သစ်တောလုပ်ငန်းကဏ္ဍ**

- ✧ မြန်မာ့ဝါးတောများ စနစ်တကျအကျိုးရှိစွာထုတ်ယူသုံးစွဲကြစို့လား - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)** — ၁၆-၁၇၊၂၀

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

- ✧ အစိမ်းရောင် ဘောဂဗေဒ –**မောင်ကြာလု** — ၂၇-၂၉
- ✧ လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့ - **ဒေါက်တာ တင်အောင်ဝင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန** — ၄၇-၄၉

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

- ✧ တိုတိုထွာထွာမှတ်စရာ (၃၀) - **တက္ကသိုလ်ဆရာတစ်ဦး** — ၁၀
- ✧ ကမ္ဘာမြေချစ်သူဆရာ ဆရာဦးအုန်း၏ အတ္ထုပတ္တိအကျဉ်း - **ဦးစွန်ထွေး၊ အတွင်းရေးမှူး (FREDA)** — ၁၁-၁၂
- ✧ အလေအလွင့် - **မင်းဆွေ** — ၁၈-၂၀
- ✧ မြေယာအရောင်းအဝယ်နဲ့ သစ်တောဥပဒေ - **မောင်ချမ်းမြေ့(သစ်တော)** — ၂၅-၂၆

**ဘဝတစ်ကျွေ့ကဏ္ဍ**

- ✧ သစ်တောစိုက်ခင်းသမားတစ်ယောက်ရဲ့ဘဝအစိတ်အပိုင်းများ - **အောင်ကျော်စိုး (ဂ၃)** — ၂၁-၂၄
- ✧ အမှတ်တရတွေထဲက အမှတ်တရ - **ကိုနွေဖြိုးဦး (မြောင်)** — ၃၃-၃၆
- ✧ လွမ်းဆွတ်သတိရခြင်း (၁၃) - **ချစ်ဦး (၉၂)** — ၄၁-၄၂
- ✧ သားငယ်လေးရဲ့ မွေးရပ်မြေ - **ဦးရဲလွင်(၉၃)** — ၄၃-၄၄၊၄၆
- ✧ ဘဝရဲ့ အရသာတစ်ချို့ - **စိုင်းကျော်အောင်** — ၄၅-၄၆

**ရသကဏ္ဍ**

- ✧ ချောရယ် နှုတ်ဆက်ခဲ့ပါတယ် - **တင်စိုး** — ၃၇-၄၀၊၄၂

**ကဗျာ / ကာတွန်းကဏ္ဍ**

- ✧ ချစ်ခြင်းရယ် မလွဲပါနဲ့ (ကဗျာ) - **ညီရွှေဝင်း** — ၁၂
- ✧ ကာတွန်း - **အော်ပီကျယ်** — ၄၉

**အင်္ဂလိပ်ကဏ္ဍ**

- ✧ MYANMA SELECTION SYSTEM - **Dr.Kyaw Tint (Forest)** — ၁၃-၁၅
- ✧ SOME MISCELLANEOUS NOTES OF MYINT SWE - **Myint Swe (1975)** — ၃၂

**နောက်ကျောဖုံး**

- ✧ သော်ကကြီးပင် - **ဦးဟုတ်လင်း** — ၃၀-၃၁, နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးလှဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် — ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၃၄၄
fdextension39@gmail.com

# ကမ္ဘာ့စားနပ်ရိက္ခာနေ့

လူသားတစ်ဦး၏ လူနေမှုဘဝအတွက် အခြေခံကျဆုံးလိုအပ်ချက်မှာ စားဝတ်နေရေး (Food, Shelter, Clothing) ဟူသော အချက် ၃ ချက်ဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ အာဟာရပြည့်စုံသော အစားအစာကို မှီဝဲသုံးဆောင်ရန်လိုအပ်သည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါး စုံညီမျှတမှ သက်ရှည်ကျန်းမာလူ့ဘဝ စာချိုးအတိုင်း လူသားအားလုံး အာဟာရပြည့်ဝကျန်းမာကြမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာလိုအပ်မှုသည် နှစ်စဉ်ကမ္ဘာ့လူဦးရေ တိုးတက်လာမှုနှင့်အတူ တိုးတက်လာလျက်ရှိသည်။ တိုးတက်ပြောင်းလဲလျက်ရှိသည့် နည်းပညာခေတ်နှင့်အပြိုင် နှစ်စဉ်တိုးပွားလျက်ရှိသော ကမ္ဘာ့လူဦးရေနှင့် စားနပ်ရိက္ခာပမာဏ အချိုးမညီမျှဖြစ်လာသည်ကို လေ့လာတွေ့ရှိရသည်။

လူဦးရေတိုးတက်လာမှုနှင့်အတူ သဘာဝသယံဇာတများ ပိုမိုထုတ်လုပ်သုံးစွဲခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ ရုပ်ကြွင်းလောင်စာများအသုံးပြုမှုများပြားလာခြင်း စသည်တို့ကြောင့် အရင်းအမြစ်အမျိုးမျိုးမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာပြီး ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အကျိုးဆက်အနေဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ မုန်တိုင်းများကျရောက်ခြင်းနှင့် အချို့ဒေသများတွင် မိုးခေါင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လျက်ရှိသည်။

နိုင်ငံတိုင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် နေ့စဉ်အာဟာရပြည့်ဝစွာရရှိရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအစာထုတ်လုပ်ရေးအခန်းကဏ္ဍကို အလေးထားဆောင်ရွက်ရန်လိုအပ်ပေသည်။ စားသောက်မှုပုံစံကို ပြုပြင်ရန်လိုအပ်ပြီး ဘေးကင်းလုံခြုံသောအစားအစာကို စားသောက်ကြရန်လည်း လိုအပ်ပေသည်။ အမျှင်ဓာတ်ပါသောအစားအစာ၊ ဘေးထွက်ဆိုးကျိုးနည်းသော အစားအစာများကိုမှီဝဲသုံးစွဲကြရမည်။

ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ စားနပ်ရိက္ခာဖူလုံရေးကြိုးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှစ၍ နှစ်စဉ် ကမ္ဘာတစ်ဝန်းလုံး၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားများကျင်းပကြသည်။ ရည်ရွယ်ချက်အနေဖြင့်ဆာလောင်မွတ်သိပ်သူများအား ကိုယ်ချင်းစာနိုင်ရေး၊ လူသားအားလုံး စားနပ်ရိက္ခာလုံခြုံရေးနှင့် အစာအာဟာရပြည့်ဝစွာရရှိရေး လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းလုံး သိရှိစေရန် ရည်သန်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အခြေခံအကြောင်းရင်းများဖြစ်သည့် ရာသီဥတုညီညွတ်မျှတမှုရှိရေး၊ စိမ်းလန်းစိုပြည်သောသဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဖြစ်ပေါ်ရေးမှာ ကမ္ဘာပြည်သူပြည်သားအားလုံး၏ တာဝန်ဖြစ်ပါသည်။ လူသားအားလုံး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်သော စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ထုတ်ထောင်ခြင်းအစရှိသော လုပ်ငန်းများကို အမျိုးသားရေးအမြင်၊ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်းဆုံး ပူးပေါင်းပါဝင်ကြပါစို့ဟု တိုက်တွန်းလျက် အောက်တိုဘာလ ၁၆ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

သတင်းကဏ္ဍ

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပခြင်း



၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြီးပိုင်းအကွက်အမှတ် (၁၃)အတွင်း ရန်ကုန်–မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် ၂၀၄ မိုင် ၁ ဖာလုံမှ မာရဝိဇယဘုရား အဝင်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်းများ၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကံ့ကော်ပျိုးပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ကျွန်း၊ ပိတောက် စသည့်သစ်မျိုးများ အပါအဝင် သစ်မျိုး ၁၅ မျိုး၊ အပင်ပေါင်း ၂၅၂၀ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်များကို တစ်နိုင်ငံလုံး အရှိန်အဟုန်ဖြင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများ အပါအဝင် သစ်ပင်ပေါင်း ၂၄. ၆၂၉ သန်းစိုက်ပျိုးတည်ထောင်ခဲ့ကြောင်းသိရသည်။



# ပြည်ထောင်စုဝန်ကြီး လာအိုနိုင်ငံ၌ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့်(၁၈)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးများတက်ရောက်ခြင်း






အာဆီယံဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံ သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် ရည်ရွယ်၍ (၁၇) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အာဆီယံ မိတ်ဖက်နိုင်ငံများဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အမေရိကန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့၊ National Convention Center ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်နှင့်သစ်တောရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ အာဆီယံ မိုးလေဝသအထူးပြုဌာနနှင့် အာဆီယံ ဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက်(၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက Country Statement ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းမှုဧရိယာ ဟက်တာ၂၈.၅၄ သန်းရှိပြီး တစ်နိုင်ငံလုံး၏ ၄၂.၁၉% ဖြစ်ကြောင်း၊ သစ်တောများသည် ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသဖြင့် သစ်တောသယံဇာတထိန်းသိမ်းရေးသည် မြန်မာနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် နေရောင်ခြည်စွမ်းအင်၊ ရေအားလျှပ်စစ်စသည့် အသေးစားပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဖော်ဆောင်ခြင်းကို တွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်အတွက် သစ်တောများအပေါ် မှီခိုနေရမှုကို လျော့ချနိုင်ပြီး ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောထိန်းသိမ်းခြင်းတို့ကို အထောက်အကူပြုလျက်ရှိကြောင်း၊ ယခု အစည်းအဝေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ပြီး အာဆီယံအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဒေသတွင်းပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုဝင်ဘာလအတွင်း UAE နိုင်ငံ

တွင် ကျင်းပမည့် UNFCCC COP 28 သို့ အာဆီယံမှတင်သွင်းမည့် အာဆီယံနိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးတွဲကြေညာစာတမ်း၊ အာဆီယံသန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု၊ အာဆီယံပတ်ဝန်းကျင် ထိန်းသိမ်းရေးချန်ပီယံဆု ဆုရရှိသူများနှင့် ပြင်ပမှဝင်ရောက်လာသည့် မျိုးစိတ်များဆိုင်ရာ အာဆီယံလုပ်ငန်းအစီအစဉ်များကို အတည်ပြုခြင်းကို ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေးကိုဆက်လက်ကျင်းပရာ အာဆီယံဒေသတွင်း Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအခြေအနေ၊ ခြောက်သွေ့ရာသီတွင်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသခန့်မှန်းချက်နှင့်နိုင်ငံအလိုက် မီးခိုးမြူငွေ့လျှော့ချရေးဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံ (၂၀၂၃–၂၀၃၀)၊ အာဆီယံ သစ်ဆွေးမြေစီမံအုပ်ချုပ်မှုမဟာဗျူဟာ (၂၀၂၃–၂၀၃၀)နှင့် မီးခိုးမြူငွေ့ကင်းစင်၍ ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲရေးအတွက် အာဆီယံရင်းနှီးမြှုပ်နှံမှုမူဘောင်တို့ကိုအတည်ပြုခြင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုး မြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးစာချုပ်အား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ လွှဲပြောင်းမည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာနတည်ထောင်ရေးကို မြန်မာနိုင်ငံမှအပြည့်အဝထောက်ခံပြီး အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသတွင်းမီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်များအား အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံဗဟိုဌာနနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေး ဗဟိုဌာန တည်ထောင်ရေးစာချုပ်များအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ လွှဲပြောင်းသည့် အခမ်းအနားသို့ တက်ရောက်သည်။

ညပိုင်းတွင် အာဆီယံ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆုနှင့် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး ချန်ပီယံဆုပေးပွဲနှင့် ညစာစားပွဲအခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

မြန်မာနိုင်ငံမှ အာဆီယံသန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (၂၀၂၃)ကို မူလတန်းအဆင့်အတွက် အခြေခံပညာမူလတန်းကျောင်း (ဒေါင့်ကွေး)၊ ဒေါင့်ကွေးကျေးရွာ၊ ကျောင်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် အထက်တန်းအဆင့်အတွက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တို့ကရရှိပြီး အာဆီယံလူငယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ချန်ပီယံဆု (၂၀၂၃)ကို Senior Category မှ ဒေါက်တာကောင်းထက်စွမ်းကရရှိရာ ဆုများကို မြန်မာကိုယ်စားလှယ်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး မန္တလေးတိုင်း မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ၁၂–၉–၂၀၂၃ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ၄/၂၀၂၂ အထူးစီမံ တစ်အုပ်တစ်မစိုက်ခင်း အပင် ၅၀၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေနှင့် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော ၃/၂၀၂၃ အထူးစီမံ သဘာဝတောထိန်းကွက်လပ်ဖြည့်စိုက်ခင်း အပင် ၃၀၀၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆည်ပေါက်မျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးခြင်းနှင့် အထူးစိမ်း တစ်အုပ်တစ်မစိုက်ခင်းများအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ဘေးမဲ့တောဥယျာဉ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဘေးမဲ့တောဥယျာဉ်အတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ရေထွက်စမ်းများမှ ရေနမူနာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပုပ္ပါးတောင်ဘေးမဲ့တောဥယျာဉ်နှင့် ပုပ္ပါးတောင်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအား အထူးအလေးထားဆောင်ရွက်သွားရမည့်အပြင် ကြက်မောက်တောင်ဆည် ရေရှည်တည်တံ့စေရေးအတွက် အရေးပါသောပုပ္ပါးတောင်ဒေသ ရေဝေရေလဲဧရိယာများနှင့် ပုပ္ပါးနှင့်ကျောက်ပန်းတောင်းမြို့၏ သောက်သုံးရေအတွက် အရေးပါသော သဘာဝစိမ့်စမ်းရေထွက်များကို ထိန်းသိမ်းကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပုပ္ပါးတောင်ဒေသသည် ထူးခြားသောဘူမိနယ်မြေများအများအပြားရှိသည့်အတွက် အမျိုးသားဘူမိဥယျာဉ်တည်ထောင်နိုင်ရေး အတွက်လည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုပ္ပါးတောင်ဒေသပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုပ္ပါးတောင်ဘေးမဲ့တောဥယျာဉ် ပညာပေးပြခန်းအတွင်း ပြသထားမှု၊ သမင်ခြံအတွင်း သမင်များအား ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ပရဆေးဥယျာဉ်အတွင်း ဆေးဖက်ဝင်အပင်များထိန်းသိမ်းဆောင်ရွက်ထားမှုနှင့် ပုပ္ပါးတောင်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ်၊ ဘူးကင်းတောင်ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA တို့ ပူးပေါင်းတည်ထောင်ထားသည့် ၂၀၁၁ သစ်မျိုးစုံစိုက်ခင်းဧက ၃၇၀ ၏ ရှင်သန်မှုနှင့် စိုက်ခင်းအား ထိန်းသိမ်းဆောင်ရွက်ထားမှုအခြေအနေအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်ရှိ ရွှေပုံတောင် အမြဲတမ်းပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း သစ်ပင်စိုက်ပျိုးပွဲနှင့် အထူးစိမ်းစိုက်ခင်းများအတွက် သစ်မျိုး ၃၂ မျိုးဖြင့် နှစ်ပေနှင့်အထက် ပျိုးပင်ကြီး ၉၀၀၀၀ ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ်၊ နတ်ကန်ဦးကြိုးပြင်ကာကွယ်တောအတွင်း ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော ၁/၂၀၁၃ ကျေးရွာထင်းစိုက်ခင်း ဧက ၂၀၊ အပင် ၂၄၂၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ၁၃-၉-၂၀၁၃ ရက်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်ရှိ ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးထားသော ၁/၂၀၁၃ ကျေးရွာသုံးစိုက်ခင်း ယူကလစ်၊ရှား ၇၅ ဧကနှင့် ၂/၂၀၁၃ ရေဝေရေလဲစိုက်ခင်း ယူကလစ်၊ ရှား၊ ဒဟက် ၇၅ ဧက၏ ရှင်သန်အောင်မြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ်၊ ယင်းဆိပ်အမြဲတမ်းပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၃ မျိုးဖြင့် ပျိုးပင်ပေါင်း ၆၁၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၊ တောပုန်းကြိုးပြင်ကာကွယ်တော၊ အကွက်အမှတ် ၃ ရှိ ၂၀၁၁ ခုနှစ် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း အပင်၂၂၀၀ ၏ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တည်ထောင်ပြီးသော သစ်တောစိုက်ခင်းများအား ရေရှည်တည်တံ့အောင်ထိန်းသိမ်းသွားရန်နှင့် အပူပိုင်းဒေသမျိုးရင်းသစ်မျိုးများအား သုတေသနပြုလုပ်ပြီး သုတေသနရလဒ်များအပေါ် အခြေခံ၍ ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အောင်လံမြို့နယ်ရှိ မိုးလယ်ပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၈ မျိုးဖြင့် ပျိုးပင်ပေါင်း ၇၈၀၀၀ ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး ၂ ပေ အထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိစေရေးအတွက် လိုအပ်သော သစ်စေ့စုဆောင်းခြင်း၊ ကြိုတင်ပျိုးထောင်ခြင်း လုပ်ငန်းများအား အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ပြည်ကျွန်းကြိုးဝိုင်းရှိ သက်ကြီးကျွန်းစိုက်ခင်း ၇၈ ဧကသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ကျွန်းပင် ၃၄၆၆ ပင်အား ထိန်းသိမ်းစောင့်ရှောက်ထားမှုနှင့် စိုက်ခင်းအတွင်း သစ်စေ့ထုတ်



ရေိယာမှ နှစ်စဉ် သစ်စေ့စုဆောင်းရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျွန်းစိုက်ခင်းများ အောင်မြင်အောင်တည်ထောင်နိုင်ရေးအတွက် လိုအပ်သောမျိုးကောင်းမျိုးသန့်ကျွန်းစေ့များ စုဆောင်းနိုင်ရန် ဖြောင့်တန်းသော ကျွန်းပင်များပေါက်ရောက်ရာ သဘာဝတောနှင့် သက်ကြီးကျွန်းစိုက်ခင်းနေရာများအား ကျွန်းသစ်စေ့ထုတ်ရေိယာအဖြစ် တိုးချဲ့သတ်မှတ်ဆောင်ရွက်သွားရန် မှာကြားကာ သဲကုန်းမြို့နယ်၊ ရွှေကျွန်းတောကြိုးဝိုင်းရှိ သက်ကြီးကျွန်းစိုက်ခင်း ၁၄၇ ဧကအတွင်း သစ်စေ့ထုတ်ရေိယာ တည်ထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်ရှိ ရွှေဝါမြိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၁၂၅၀၀ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်ရှိ လသာကုန်း ပျိုးဥယျာဉ်အတွင်း ပျိုးပင်ကြီး ၂၄၀၀၀ နှင့် ၂၀၂၄ မိုးရာသီ လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင် ၇၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

## ဒုတိယဝန်ကြီး မန္တလေးတိုင်းဒေသကြီး ခရီးစဉ်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောင်လျှော်ကန်ကြိုးဝိုင်းရှိ ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၅၀ နှင့် ရေဝေရေလဲစိုက်ခင်း တည်ထောင်ထားရှိမှု၊ မလှိုင်မြို့နယ်၊ ရန်ကုန်–မန္တလေးအမြန်လမ်းဘေးဝဲယာတွင် ၂၀၂၃ ခုနှစ် မေလ၌ စိုက်ပျိုးထားသော တစ်အုပ်တစ်မစိုက်ခင်း(၉) ဧက အောင်မြင်ရှင်သန်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒေသခံပြည်သူများ၏ သစ်နှင့်အိမ်သုံးထင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံပိုင်သစ်တောစိုက်ခင်းများနှင့် ကျေးရွာသုံးထင်းစိုက်ခင်းများတိုးမြှင့်တည်ထောင်ရန်၊ သစ်တောစိုက်ခင်းများပြုစုထိန်းသိမ်းရေးကို သစ်တောသယံဇာတရေရှည် တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ဖြင့် စီမံထိန်းသိမ်းဆောင်ရွက်ရန်၊ ရှမ်းမငယ်ဆည်ရေဝေရေလဲစိုက်ခင်းအား ယခုထက် ပိုမိုအောင်မြင်ရှင်သန်အောင်ဆောင်ရွက်ရန်နှင့် သဘာဝတောကျန်များကိုလည်း အလေးထားထိန်းသိမ်းကာကွယ်ရန် မှာကြားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်–မန္တလေးအမြန်လမ်း၊ တံတားဦးမြို့နယ်၊ မိုင်တိုင် အမှတ် (၃၅၂) ရှိ ၂၀၂၃ ခုနှစ်၊ မေလတွင် စိုက်ပျိုးထားသော လမ်းဘေးဝဲယာ အပင်ကြီး ၃၈၀၀ စိုက်ခင်းတည်ထောင်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်ကြီးမြို့အပုပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ စန္ဒကူးခန်းမ၌ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ခံအရာထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)ရှိ တိုးပွားမန်း ဓာတ်မြေဩဇာစက်ရုံသို့လည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း၊အမှတ်(၁၀၃) သစ်စက်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး၊ ညနေပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ မြန်မာ့သစ်လုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ ဝန်ထမ်းများ စွမ်းဆောင်ရည် ပိုမိုတိုးတက်လာအောင် အမြဲကြိုးစားရေးနှင့်နိုင်ငံ့ဝန်ထမ်းများ ဥပဒေ၊ နည်းဥပဒေများနှင့် အညီ



လိုက်နာဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်၊ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ စဉ့်ကူးကြိုးဝိုင်းသို့ရောက်ရှိပြီး ပြင်ဦးလွင်သစ်ထုတ်ရေးဒေသ စီးပွားရေးသက်ကြီးကျွန်း စိုက်ခင်းအကွက်များအတွင်း သစ်တောဦးစီးဌာန၏ ကျွန်းစိုပင်ထောင်ရိုက်မှတ်မှု၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာန၏ တောတွင်းသစ်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မှတ်ရိုက်ခြင်းလုပ်ငန်းနှင့်ခုတ်လှဲဖြတ်ပိုင်းပေးခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့်သယ်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာညွှန်ကြားချက်များ၊ Standard Operating Procedures- SOP လုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်ရန်၊ သတ်မှတ်ပမာဏပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်းလုပ်ငန်းများပြီးစီးအောင်ဆောင်ရွက်ရန်၊ သစ်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့်လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ်သို့ရောက်ရှိပြီး မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန၏ ပုံဖော်စက်ရုံ အမှတ် (၂-က) နှင့် ပုံဖော်စက်ရုံအမှတ် (၂-ခ)တို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အတွင်းဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ သစ်အခြေခံ အရည်အသွေးမြှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၄-၉-၂၀၂၃) ရက်မှ (၁၀-၉-၂၀၂၃) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၂၆.၆၅၉၉)တန်၊ သစ်မာ (၅.၆၃၆၆)တန်၊ အခြား(၇.၉၇၆၄)တန်၊ စုစုပေါင်း (၄၀.၂၇၂၉)တန်၊ ယာဉ်/ယန္တရား(၁၂)စီး၊ တရားခံ (၁၁)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၉-၉-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူဘိနယ်၊ ရေလဲကျေးရွာနှင့် ညောင်ချောင်းကျေးရွာကြား၊ သပြုကျေးရွာမြောက်ဘက် (၂)မိုင်ခန့်အကွာ၊ ဧရာဝတီမြစ်ကမ်းစပ်မှ တရားမဝင်ကျွန်း/ ပျဉ်းကတိုး ခွဲသား/လုံးပတ် ၃ပေအောက်သစ်/ပုံတို စုစုပေါင်း (၄၂၆)ချောင်း/လုံး (၁၁.၆၁၅၉)တန်၊ စက်တပ်ရေယာဉ်(၁)စီး၊ (ဘေးတွဲ)စက်လှေ (အင်ဂျင်မပါ)(၂)စီး၊ လှေ(၁)စီး၊ တရားခံ(၆)ဦး ဖမ်းဆီးရမိခဲ့ပါသည်။






# (၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ် ဩဂုတ်လတွင် ကြိုးပြင်ကာကွယ်တော (၃)ခု (၄၅၄၉၃)ဧက သတ်မှတ်နိုင်ခဲ့ခြင်း

## နန်းယုတ်ကြိုးပြင်ကာကွယ်တော



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၄၀,၅၁၁) ဧကရှိသောနယ်မြေကို **နန်းယုတ်ကြိုးပြင်ကာကွယ်တော**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်စသည့် ရေအရင်းအမြစ်နှင့်ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့် သစ်တောထွက်ပစ္စည်းများဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

နန်းယုတ်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ကျွန်း၊ သစ်ယာ၊ အင်ကြင်းစသည့်အဖိုးတန်သစ်မျိုးများနှင့် ကညင်၊ သပြေ၊ လောက်ယား၊ သစ်စေးစသည့် ဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့်အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော ဝက်ဝံ၊ မျောက်၊ ဆတ်၊ ပြောင်၊ ဂျီ၊ တော ဝက်စသည့် တောရိုင်းတိရစ္ဆာန်များ၏နေရင်းဒေသများတိုးပွားလာနိုင်ခြင်း၊ ဥရုမြစ်အတွင်းစီးဝင်သော နန်းယုတ်ချောင်း၏ရေဝေရေလဲဧရိယာအားထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

---

## ကောင်းခါးကြိုးပြင်ကာကွယ်တော



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်ခရိုင်၊ ကွတ်ခိုင်မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃,၀၂၀)ဧကရှိသောနယ်မြေကို **ကောင်းခါးကြိုးပြင်ကာကွယ်တော**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၃)အရ ၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၀၂၃ ခုနှစ်၊ဩဂုတ်လ ၃၀ ရက်) မှစ၍သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါးစသည့်သစ်တောထွက်ပစ္စည်းများဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတု သာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကောင်းခါးကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ယမနေ၊ ထောက်ကြံ့၊ ထင်းရှူး၊ ယင်းတိုက်၊ တောင်တမာ စသည့် အဖိုးတန်သစ်မျိုးများနှင့် ချဉ်ယုတ်၊ သဖန်း၊

ကတွတ်၊ မက်ခေါက်၊ ညံ၊ သစ်အယ်၊ ချယ်ရီရိုင်း၊ လက်ပံဒေသမျိုးရင်းသစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့်တောရိုင်းတိရစ္ဆာန်များအားကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော သမင်၊ ဒရယ်၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက်စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသတိုးပွားလာနိုင်ခြင်းနှင့်နမ့်တဲဝမ်းချောင်း၏ ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

## မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တော

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၉၆၂) ဧကရှိသောနယ်မြေကို မစန်းပါး(၂) ဒီရေတောကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၁၀၀/၂၀၂၃)အရ ၁၃၈၅ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်၊ လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ်ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန်ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဓိက ဒီရေတောသစ်မျိုးများဖြစ်သော ပြူးခြေထောက်၊ ပြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနု၊ ပင်လယ်အုန်းစသည့် အဖိုးတန်သစ်မျိုးများနှင့် လမု၊ လဘာ၊ ဘူးဇရပ်၊ ပန်လုံး၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ပန်းဖင်ငှက်နှင့် ဒင်ကြီးငှက်စသည့် ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ပုစွန် များစသည့် ရေနေသတ္တဝါများ ရှင်သန်ပေါက်ဖွားရာ အဏ္ဏဝါဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်းနှင့် သဘာဝဘေးအန္တရာယ်မှကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလ မှ ဩဂုတ်လ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁,၁၈၄ | |
| ၂ | သစ်မာ | တန် | ၅၃၀ | |
| ၃ | အခြား | တန် | ၁,၈၁၇ | |
| **စုစုပေါင်း** | | | **၃,၅၃၁** | |
| ၄ | မီးသွေး | တန် | ၁,၃၉၁ | |
| ၅ | ကား | စီး | ၁၉၈ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၁ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၅၃ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၁၄ | |
| **စုစုပေါင်း** | | | **၂၇၂** | **စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား** |
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၂၅ | |

# တိုတိုထွာထွာ မှတ်စရာ (၃၀)

တက္ကသိုလ်ဆရာတစ်ဦး

## သစ်ဆွေးမြေလား - ပင်ဆွေးမြေလား





သစ်ဆွေးမြေသည် ကွဲပြားသော ရေဝပ်ဒေသတစ်မျိုး (distinctive wetland type) ဖြစ်သည်။ ရေဝပ်ဒေသတစ်ခု၏ မြေမျက်နှာပြင်အနီးရှိမြေဆီလွှာတွင် သစ်ဆွေးများပြည့်ဝနေပါက ထိုနေရာ (ထိုရေဝပ်ဒေသ)ကို သစ်ဆွေးမြေ -Peatland ဟု ခေါ်ဆိုသည်။ (အိုင်ယာလန်နိုင်ငံတွင် Turf ဟုခေါ်ဆိုသည်။) ယင်းကို အဟာရချို့တဲ့သည့် ညွန်များ (nutrient-poor bogs) ရှိ သစ်ဆွေးမြေများနှင့် အာဟာရပို၍ကြွယ်ဝသောစိမ့်မြေများ (more enriched fens) ရှိ သစ်ဆွေးမြေများဟူ၍ ခွဲခြားနိုင်သည်။ (ညွန်များရှိရေများသည် မိုးရေ များဖြစ်ပြီး စိမ့်မြေများမှရေများသည် မြေအောက်ရေများဖြစ်သည်) သစ်ဆွေးမြေများသည် မြေပြင်၊ ကုန်းမြေ၊ ချိုင့်ဝှမ်း၊ သစ်တော စသည့် နေရာအမျိုးမျိုးတွင်တည်ရှိနေကြသည်။

ရေဝပ်ဒေသများတွင်ရှိသည့် သေပြီးအပင်များသည် တစ်နှစ်ပတ်လုံး ရေပြည့်ဝနေကြသည် (waterlogged)။ ထိုအခါအပင်များသည် အပြည့်အဝမဆွေးမြေ့နိုင်ခြင်း (incomplete decomposition) ကြောင့် တစ်ဝက်တစ်ပျက်သာယိုယွင်းပျက်စီး (partially decayed)သည်။ ယင်းအပင်များ တစ်နှစ်ပြီး တစ်နှစ်ထပ်ကာ ထပ်ကာ - ထပ်ဆောင်း စုပုံလာခဲ့ရာမှ (accumulative) နှစ်ပေါင်းထောင်ချီ၍ကြာလာသည့်အခါတွင် 'သစ်ဆွေးစိုင်' - "peat" ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ (မှတ်ချက် - peat ကို - peatland - သစ်ဆွေးမြေနှင့်ကွဲပြားစေရန် သစ်ဆွေးမြေ ဟုသုံးမည့်အစား သစ်ဆွေးစိုင် ဟုသုံးထားခြင်းဖြစ်ပါသည်။)- သစ်ဆွေးစိုင်ဟုခေါ်ဆိုထားသော်လည်း သစ်ပင်သာမကဘဲ အခြားအပင်များလည်းပါဝင်နေသည်။ အပူပိုင်းသစ်တောများရှိ သစ်ဆွေးမြေများမှ သစ်ဆွေးစိုင်တွင် သစ်ပင်များ၏သစ်သားများ၊ သစ်ရွက်များနှင့် အခြားအပင်များ၏အစိတ်အပိုင်းအားလုံးပါဝင်သည်။ အအေးပိုင်းဒေသများရှိ သစ်ဆွေးစိုင်များတွင် စဖ်ဂ်နမ်ရေညှိများ (Sphagnum mosses/ bog moss/ quacker moss)၊ မြက်မုန်ညင်း/သုံးထောင့်မြက်များ (sedges)နှင့် ချုံပုတ်များ (shrubs) အဓိကပါဝင်သည်။ စဖ်ဂ်နမ်ရေညှိမျိုးစု (Genus) တွင်မျိုးစိတ် (Species)ပေါင်း အကြမ်းဖျင်း ၃၈၀ ခန့်ရှိပြီး ယင်းတို့သည် ပင်ဆွေးစိုင်များဖြစ်ပေါ်မှုတွင် အဓိကအကျဆုံးဖြစ်သည်။ ထို့ကြောင့် peat ကို မြန်မာလို သစ်ဆွေးစိုင် ဟုခေါ်ဆိုမည့်အစား အပင်အားလုံး - all plants ကိုခြုံမိစေရန် ''ပင်ဆွေးစိုင် '' ဟုခေါ်ဆိုပြီး ပင်ဆွေးစိုင်များရှိသော ကုန်းမြေ (land) ဖြစ်သည့် "peatland" ကို ''ပင်ဆွေးမြေ'' ဟုခေါ်ဆိုပါကပို၍ မှန်ကန်သီလျော်သည့် ပညာရပ်ဆိုင်ရာ ဝေါဟာရများဖြစ်မည်ဖြစ်ပါသည်။

(**စကားချပ်** - peat နှင့် peatland ကို တက္ကသိုလ်ပညာရပ်ဝေါဟာရစာအုပ်တွင်ဖော်ပြထားခြင်းမရှိပါ။ မြန်မာစာအဖွဲ့၏ အင်္ဂလိပ် - မြန်မာအဘိဓာန်စာအုပ်တွင် - peat ကိုအအေးပိုင်းစိမ့်မြေများတွင်မျက်နှာပြင်အနီး ဖြစ်ပေါ်လေ့ရှိသောမြေဆွေးစိုင်။ သစ်ဆွေးမြေ။ peaty - သစ်ဆွေးမြေဆန်သော။ သစ်ဆွေးမြေဖြင့် ပြုလုပ်ထားသော။ peaty soil ဟု ဖော်ပြထားသော်လည်း peatland ကိုမူဖော်ပြထားခြင်းမရှိပါ။ Peatland ကိုမြန်မာလို စတင်၍ ဖွင့်ဆော်ဦးရေးသားခဲ့သူများက ဖော်ပြပါအဘိဓာန်ကို ကိုးကားခဲ့ကြဖွယ်ရှိပါသည်။)

တက္ကသိုလ်ဆရာတစ်ဦးသည် အငြိမ်းစား ပါမောက္ခချုပ် ဦးဝင်းကြည် (အမျိုးသား စာပေဆုရှင် ဆရာဝင်းချစ်) ဖြစ်ပါသည်။

# ကမ္ဘာမြေချစ်သူဆုရှင် ဆရာဦးအုန်း၏ ၉၆ နှစ်မြောက်မွေးနေ့ (၇–၈–၂၀၂၃) အထိမ်းအမှတ်ဆောင်းပါး

*ဦးစွန်ထွေး၊ အတွင်းရေးမှူး ( FREDA )*

## ဆရာကြီးဦးအုန်း၏ အတ္ထုပ္ပတ္တိအကျဉ်း

၁၉၂၇ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မန်ကျည်းစင်တင်းတိပ်ရွာတွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က ပညာသင်ယူရာတွင် ထူးချွန်ခဲ့သည်။ ကျောင်းတွင် ပထမ၊ ဒုတိယ အမြဲတမ်းရသည်။ ဂျပန်ခေတ်တွင် ဂျပန်စာသင်ယူခဲ့သည်။ ဂျပန်တော်လှန်ရေးကာလတွင် ဗမာ့တပ်မတော် (BIA)သို့ ဇီးချောင်း၊ ညောင်းကုန်းတစ်ဝိုက် တိုက်ပွဲများဖြစ်စဉ် အရေးကြီးသော သတင်းများ ပေးခဲ့သည်။ ဂျပန်ကင်ပေတိုင်များက သံသယဝင်လာသဖြင့် အသတ်ခံရမည့်ဘေးမှ သီသီလေးလွတ်ခဲ့သည်။ စစ်ကိုင်းမြို့အထက်တန်းကျောင်းမှ ဆယ်တန်းကို ၁၉၄၇ ခုနှစ်တွင် အောင်မြင်ခဲ့သည်။ မန္တလေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ယူရာ ၁၉၅၁ ခုနှစ်တွင် သိပ္ပံဘွဲ့ B.Sc. ရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံသို့ ပညာတော်သင် သွားရောက်ပြီး ၁၉၅၆ ခုနှစ်တွင် B.Sc(Hons) ဘွဲ့ရရှိခဲ့သည်။ B.Sc ဂုဏ်ထူးတန်းတွင် ဆာဟာရသဲကန္တာရအကြောင်း စာတမ်းပြုစုရာတွင် Credit ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည်။

အင်္ဂလန် ဝေလတက္ကသိုလ်သို့ ပညာတော်သင်မသွားခင် စစ်ကိုင်းမြို့၊ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ၁ နှစ်နှင့် သုံးလတာဝန်ထမ်းဆောင်ခဲ့သည်။ ပညာတော်သင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ သစ်တောဝန်ကြီးဌာနတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အထက်ချင်းတွင်းဘက်ရှိ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်သည့် တာဝန်ယူခဲ့သည်။

၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် သစ်တောဌာနတွင် ဆရာအဖြစ်တာဝန်ထမ်းဆောင်ရန် ခေါ်ယူခံရသည်။ သစ်တောဌာနတွင် ၁၉၇၃ ခုနှစ်ထိ ၉ နှစ်တိုင်တိုင် ကထိကအဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် သစ်တောဌာနတွင် ပြန်လည်အမှုထမ်းသည်။ သစ်တောဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ကမ္ဘာ့သမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ သစ်တောများ ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်ခဲ့ရာ ဆရာကြီးဦးအုန်းကို ၁၉၈၂ ခုနှစ်တွင် ပုပ္ပါးတောင်စိမ်းလန်းစိုပြည်ရေးအတွက် တာဝန်ပေးခဲ့သည်။ တောင်ကတုံးနီးပါးဖြစ်နေသော ပုပ္ပါးတောင်ကို စိမ်းလန်းစိုပြည်အောင်လုပ် ဆောင်ခဲ့သည်။ စိတ်အားထက်ထက်သန်သန်၊ စေတနာပါပါဖြင့် လုပ်ကိုင်သဖြင့် အောင်မြင်လာသည့်အပေါ် များစွာပီတိဖြစ်ခဲ့သည်။

၁၉၈၆ ခုနှစ်တွင် စီမံကိန်းညွှန်ကြားရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် လုပ်သက်ပြည့်ပင်စင်ရသည်။ သစ်တောပညာဌာနတွင်ပင် အကြံပေးအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့သည်။ သစ်တောဌာနတွင် အကြံပေးအဖြစ်လုပ်ကိုင်စဉ် UNDP ပရောဂျက်တစ်ခုတွင် ဒီရေတောကျွမ်းကျင်သူ ဂျပန်ပညာရှင်တစ်ဦးနှင့် တွဲဖက်လုပ်ကိုင်ခဲ့ရသည်။ ဒီရေတောများ ထိန်းသိမ်းရေးလုပ်ကိုင်ခဲ့ပြီးလုပ်ငန်းကို ပိုမိုကျွမ်းကျင်လာသည်။

၁၉၉၃ ခုနှစ်တွင် သစ်တောအကြံပေးအဖြစ်မှ အနားယူခဲ့သည်။ ၎င်းနောက် သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း Forest Resource Environment Development and Conservation Association (FREDA) ပေါ်ပေါက်လာပြီး၊ ထိုအသင်းတွင် အတွင်းရေးမှူးရာထူးနှင့် ဥက္ကဋ္ဌရာထူးများအဖြစ်ဖြင့်(၂၀၁၅)ခုနှစ်အထိ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် သဘာဝသစ်တောများနှင့် ရင်ဘောင်တန်းလာသော သစ်တောစိုက်ခင်းများ စာအုပ် ရေးသားပြုစုသဖြင့် စာပေဗိမာန်က သုတ(သိပ္ပံ)ပထမဆု ချီးမြှင့်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် Expo 2005 တွင် ကမ္ဘာမြေချစ်သူ ၁၀၀ ရွေးချယ်ရာတွင် မြန်မာနိုင်ငံမှ ဆရာကြီးဦးအုန်းပါဝင်ခဲ့သည်။ Hundred Earth Lover ဆု ရရှိခဲ့သည်။

၂၀၀၇ ခုနှစ်တွင် စတင်၍ အောင်ပင်လယ် လူမှုဝန်းကျင်မဂ္ဂဇင်းတွင် နာယကအဖြစ် တာဝန်ယူခဲ့သည်။

၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ Minamata မီနာမာတာမြို့တော်ဝန်က ချီးမြှင့်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆု Minamata Environmental Award ရရှိခဲ့သည်။

ဆရာကြီးဦးအုန်းသည် International Society For Mangrove Ecosystem (ISME)တွင် ရာသက်ပန်အသင်းသား ဖြစ်ခဲ့သည်။

ဖရီဒါအသင်းတွင် တာဝန်ထမ်းဆောင်စဉ် ဧရာဝတီတိုင်းအတွင်းရှိ ပျက်စီးနေသော ဒီရေတောများကို ပြန်လည်စိုက်ပျိုးရန် ကြိုးပမ်းခဲ့သည်။

၂၀၁၁ ခုနှစ်တွင် မြန်မာအစိမ်းရောင်ကွန်ရက် Myanmar Green Network (MGN) ကို စတင်ဖွဲ့စည်းတည်ထောင်ရာတွင် ပညာရှင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ကွယ်လွန်သည့်အချိန်အထိ မြန်မာအစိမ်းရောင်ကွန်ရက်၏ နာယကအဖြစ် တာဝန်ယူခဲ့သည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလုပ်ကိုင်သူများ၊ သစ်ပင်စိုက်ပျိုးသူများကို ကမ္ဘာမြေချစ်သူ ဦးအုန်းဆုကို ပေးအပ်ချီးမြှင့်ခြင်း**

မြန်မာတစ်နိုင်ငံလုံးအတွင်း အပင်ချစ်သူများအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ဆရာကြီး ဦးအုန်းမှ ပထမအကြိမ် ကမ္ဘာမြေချစ်သူဆုကို မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် သစ်ပင်တစ်ထောင် ရှင်သန်အောင်စိုက်ပျိုးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများအား အထူးဆု(၄) ဦးနှင့် ရိုးရိုးဆု (၁၂)ဆု စုစုပေါင်း (၁၆)ဆု ချီးမြှင့်ခဲ့ပါသည်။

၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် ဆရာကြီးဦးအုန်းမှ ဒုတိယအကြိမ် ကမ္ဘာမြေချစ်သူဆုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်တစ်ထောင်ရှင်သန်အောင် စိုက်ပျိုးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင်ဆောင်ရွက်နေသူများအတွက် အထူးဆု (၃) ဦးနှင့် ရိုးရိုးဆု (၅)ဆု စုစုပေါင်း (၈)ဆု ချီးမြှင့်ခဲ့ပါသည်။

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့တွင် ဆရာကြီးဦးအုန်းမှ တတိယအကြိမ် ကမ္ဘာမြေချစ်သူဆုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်တစ်ထောင်ရှင်သန်အောင် စိုက်ပျိုးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများအား ရိုးရိုးဆု (၄) ဆု ချီးမြှင့်ခဲ့ပါသည်။



၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် ဆရာကြီးဦးအုန်းမှ စတုတ္ထအကြိမ် ကမ္ဘာမြေချစ်သူဆုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်တစ်ထောင် ရှင်သန်အောင် စိုက်ပျိုးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများအား ရိုးရိုးဆု (၆)ဆု ချီးမြှင့်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် ဆရာကြီးဦးအုန်းမှ ပဥ္စမအကြိမ် ကမ္ဘာမြေချစ်သူဆုကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သစ်ပင်တစ်ထောင်ရှင်သန်အောင် စိုက်ပျိုးသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများအား အထူးဆု(၄) ဦးနှင့် ရိုးရိုးဆု (၁၂)ဆု စုစုပေါင်း ဆု(၁၆) ဆု ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အပင်ချစ်စိုက်ပျိုးသူများ အပင်ချစ်သူများ ဤဆုကိုလျှောက်ထားနိုင်စေရန် ရည်ရွယ်ပြီး တင်ပြရခြင်းဖြစ်ပါသည်။

## ချစ်ခြင်းရယ် မလွဲပါနဲ့

**ညီရွှေဝင်း**

သစ်ပင်ကျေးဇူး အထူးသိမှတ်
ခံယူတတ်စွာ လက်တွေ့ပါ၍
ရာသီအလို မြေဆီစိုခိုက်
သစ်ပင်စိုက်တာ "**ချစ်**" လို့ပါ။

သစ်ပင်ကိုမြင် လိုချင်စိတ်ပေါက်
အိမ်အဆောက်သယ် ခွဲဟယ် စိတ်ဟယ်
သိပ်ချစ်တယ်ပေါ့.... တကယ်တော့ ဒါ....
"**ခြစ်**" တာပါ။

ချစ်သာချစ်ပါ မခြစ်ပါနဲ့
ချစ်တာဆိုလျှင်.... ခင်မင်မြတ်နိုး....
အကျိုးလိုစွာ ထိန်းသိမ်းမှာပေါ့။

အခုတော့လေ.... တောတွေခုတ်ပစ်....
ကုတ်ခြစ်နေလျှင် သွေးစိမ်းရှင်သာ
ထွက်ရှာမှာမို့ "**ခြစ်**" တာရှောင်လို့
"**ချစ်**"ကြစို့ ။ ။

# MYANMA SELECTION SYSTEM

(Dr. Kyaw Tint (Forest))

**Background**

Systematic management of forests was initiated in the Bago province by Dr. Dietrich Brandis in 1856.

Dr. Brandis formulated the first Working Plan for Burma teak forests in 1857, where the Brandis Method of Yield Regulation was applied.

During the period from 1880 to 1920 **Myanma Selection System** (MSS, formerly Burma Selection System- BSS) was developed as a combination of yield regulation by the Brandis method and periodical improvement fellings to favor teak.

Starting from 1920, the great majority of the Working Plans (WPs) except Monhyin and Thayarwady WPs prescribed the MSS for teak. Since then, the MSS has been applied in Myanmar practically to all types of natural forests with virtually blanket silvicultural prescriptions.

**The MSS involves (from U Kyi, 1960):**

1. Adoption of a felling cycle of 30 years;
2. Dividing a felling series into 30 annual coupes of approximately equal yield capacity;
3. Fixing exploitable sizes, e.g., 7'6" gbh ( @ 75 cm dbh) for good teak and 6'6" gbh ( @ 65 cm dbh) for poor teak;
4. Estimating annual yield (or Annual Allowable Cut- AAC) by the Brandis method;
5. Girdling of all teak trees that have been marked for extraction;
6. Girdling marketable teak trees under the girth limit as selection felling (SF trees), if they are so defective or deteriorating that they are not likely to survive another 30 years, and as thinning (IFM trees) even if they are healthy but that their removal would favor a number of promising smaller teak trees;
7. Enumerating all residual teak trees 4' gbh and over (@ 40+cm dbh), and other commercial species within one-foot gbh below the exploitable girths;
8. Improvement fellings which include climber cutting, felling of ficus-bound teak trees, and removing useless species to favor teak;
9. Gap and enrichment plantings to supplement natural regeneration and improve proportion of valuable species; and
10. Special operations to induce natural regeneration of teak in areas where bamboos flower.

**THE BRANDIS YIELD REGULATION METHOD** (after U Kyi, 1960)

The method involves:

1. A quick estimation of the growing stock and girth class distribution- (Class I trees 7' gbh (girth at breast height @ 70 cm dbh) and over to class V trees 3' gbh (@ 30 cm dbh) and below by linear valuation survey with an unknown, though usually assumed 10% sampling intensity.
2. Adoption of 7' gbh as the exploitable size.
3. A quick estimation of rates of growth in each girth class by boring and ring count, and deducing the time of passage in each girth class and the total number of years taken by trees to grow to the exploitable size.
4. Adoption of a felling cycle of 30 years – partly for convenience of working and partly as this period generally corresponds to the then time of passage of class II trees to class I.
5. Estimation - based on all available estimates-

of the percentage of trees in each class surviving to attain the exploitable size. From these the annual yield in number of trees 7' gbh (70 cm d) and over is calculated as-

**AY = ARR + (C I – ½ FC * ARR)/LP,**

where

ARR = annual rate of recruitment from C II to C I trees

C I = the original stock of C I trees

½ FC * ARR = working stock

LP = decided period of liquidation of the original stock of (surplus) C I trees- usually 60 years, i.e., length of 2 felling cycles.

A schedule showing approximately equi-productive successive annual coupes in which the annual yield is to be obtained during the felling cycle by girdling forms part and parcel of the method.

**An example of yield regulation by the Brandis system**

The following data were taken from the Working Plan drawn up in 1884 by P.J. Carter for the Bondaung Reserved Forest of Taungoo Forest Division (data from N.V.Brasnett, Indian Forester, March 1956).

| Enumeration class | No. of trees | Years required to pass through class | % likely to survive and be cut | Net no. of harvestable trees |
|---|---|---|---|---|
| I. Over 7 | 25,581 | - | 95 | 24,302 |
| II. 6-7 ft girth | 14,926 | 29 | 85 | 12,687 |
| III. 4.5 – 6 ft | 21,713 | 41 | 70 | 15,199 |
| IV. 3 – 4.5 ft | 35,004 | 35 | 50 | 17,502 |

The minimum exploitable girth is 7 feet with a felling cycle of 30 years.

From the table,

C I = 24,302

Total recruitment to C I during the first felling cycle = 12,687 + 15,199/41 = 13,058

(in 29 years all CII trees will be recruited to C I, and in the 30th year the first average annual recruitment of C III will entre C I).

Therefore, ARR = 13,058/30 = 435 trees 7' gbh and up.

Thus, working stock = ½ FC*ARR = ½*30*435 = 6,525.

This working stock of 6,525 trees must be reserved on the ground to enable 435 trees to be harvested each year during the felling cycle of 30 years.

Therefore, the surplus C I trees to be harvested = 24,302 – 6,525 = 17,777.

In order to avoid a sharp decline in the next felling cycle, it is proposed to invest it in two felling cycles. Hence, the annual yield is-

AAC = 435 +17,777/60 = 435 + 296 = 731 (or) 730 trees above exploitable girth.

Then, total yield during the felling cycle = 730*30 = 21,900 trees 7' gbh and over.

*(Note: The current practice being to girdle or extract all trees over the girth limit, the Brandis method had been completely abandoned.)*

**Some Observations on MSS**

The observations made by some foresters on the MSS

are presented below: -

Dawkins, 1958

— the MSS applies minimum girth limit for extraction. The MSS is not a true selection system. It is a Stratified Uniform or Girth-limit system by which all commercial species including teak above minimum felling girths are harvested at each felling cycle. *"The minimum girth means that there is a selection to the disadvantage of the most vigorous trees of each species, "which inevitably ruins the forest"*

Dawkins and Philip, 1998

The Brandis's model of forest management was adopted from Europe and was not entirely suited to teak-bearing forest, because teak is a light-demander…

In Europe the forests where the selection system was applied included a high proportion of shade bearers. *Less valuable evergreen shade-*

*bearers growing mixed with teak in the natural forests precludes natural regeneration of teak. Therefore, the MSS was not entirely suited to teak-bearing forest, because teak is a light-demander.*

Lamprecht, 1989

*The sustained production of harvestable timber can in general be secured neither by fixing minimum diameters nor by making replacement plantings obligatory. ... The still widespread claim that by limiting extraction to thick stems one can achieve lasting productivity hinders the search for effective solutions to the problem. Not infrequently, this claim is merely used as an alibi, especially by those exploiting the forest.*

***Conclusions and recommendations***

As it is currently practiced, the MSS is easy to implement: selection of harvestable trees even can be accomplished by the laborers not necessarily by the trained foresters since all trees above the exploitable girth (s) are selected for harvest. As a matter of fact, the MSS's original prescription was to extract trees selectively: the MSS prescribes selection and extraction of SF trees and IFM trees with a view to promoting health, economics and silviculture of the forest. It is the Brandis' yield regulation method that requires fixing girth limit (s). *Neither the silvicultural system nor the yield regulation method under the MSS takes the structures of the residual stands into consideration.*

In order to overcome the weaknesses of the System observed by the internationally renowned silviculturists it should be modified. Since the forest management in Myanmar is still very extensive, the modified MSS should at the same time targets towards intensive management in view of very low stocking, low growth rates and decreasing forest estate.

Before the MSS could be fully modified and practiced, the Girth-limit system should be completely abandoned since it creams and will inevitably ruin the forest.

The selection of the exploitable trees should be silvicultural aiming at improving the residual stand structure towards normality, because *the forest must maintain a 'normal' or "balanced" age/size structure to ensure its sustainability or perpetuation as a producer. The MSS should incorporate measures to normalize the residual stand structures of both teak and the forest as a whole in case of natural teak-bearing forests.*

## REFERENCES

1. *Dawkins, H.C., 1958:* The management of natural tropical high-forest with special reference to Uganda.
2. *Dawkins*, H.C. and Philip, M.S., 1998: Tropical moist forest silviculture and management. A history of success and failure.
3. *Kyaw Tint, 2002:* The present state of growth, composition and structure of teak (*Tectona grandis*) forests in Myanmar (unpublished).
4. *Kyaw Tint, 2022*: Modified Myanma Selection System (latest version, April 2022)
5. *Kyi, U, 1960: (title unknown copy)* Doctoral thesis, Oxford University.
6. *Lamprecht, H., 1989:* Silviculture in the tropics.
7. *Seydack, A.H.W., 2000:* Theory and Practice of yield regulation systems for sustainable management of tropical and subtropical moist natural forests. [(in Sustainable Forest Management, K. von Gadow et al. (eds)].
8. *Von Gadow K. and Bredenkamp B., 1992:* Forest management.






မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများစွာရှိသည့်အပြင် သစ်တောသယံဇာတများစွာ ပျံ့နှံ့ပေါက်ရောက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ ဝါးနှင့် ရောနှောပေါက်ရောက်သော သစ်တောများစွာရှိပါသည်၊ ဝါးမျိုးစိတ်ပေါင်း (၁၀၀)ကျော်ခန့် ပေါက်ရောက်လျက်ရှိပြီး ဝါးကိုလူအသုံးအဆောင်ပစ္စည်းများ၊ လယ်ယာနှင့်ရေလုပ်ငန်းသုံးပစ္စည်းများ၊ စက်မှုကုန်ကြမ်းသုံးပစ္စည်းများ၊ အဆောက်အအုံသုံးပစ္စည်းများအဖြစ်နှင့် လူတို့၏အစားအစာ(မျှစ်)စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြပါသည်။ ထိုသို့ထုတ်လုပ်အသုံးပြုရာတွင် များသောအားဖြင့် မိရိုးဖလာနည်းစနစ်ဖြင့်သာ ပြုလုပ်သုံးစွဲသည့် အဆင့်သာရှိပါသည်။

ဝါးပင်တစ်ပင်ကို အမြစ်ပိုင်း၊ ပင်စည်ပိုင်းနှင့် အဖျားပိုင်း(အခက်၊အရွက်)ပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်ပါသည်။ အမြစ်ပိုင်းကို လူ့အလှအပပစ္စည်းများ ပြုလုပ်အသုံးပြုကြခြင်းနှင့် အခက်အရွက်ပိုင်းကိုမူ တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း၊ အသုံးပြုကြပြီး အဓိကအားဖြင့် ပင်စည်ပိုင်းကို အများဆုံးအသုံးပြုကြကြောင်းတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် မိရိုးဖလာနည်းစနစ်များအရ ဝါးအခြေခံပစ္စည်းထုတ်လုပ်ရောင်းချသုံးစွဲမှုများကိုအုပ်စုခွဲ၍ လေ့လာမည်ဆိုလျှင် အောက်ပါအတိုင်း တွေ့ရှိရပါမည်။

(က) လုပ်ငန်းသုံးအကြမ်းထည်ဝါးပစ္စည်းထုတ်လုပ်ခြင်း
(ခ) အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးအတွက်ပစ္စည်းထုတ်လုပ်ခြင်း
(ဂ) အိမ်ထောင်ပရိဘောဂပစ္စည်းထုတ်လုပ်ခြင်း
(ဃ) ဝါးလက်မှုကိရိယာပစ္စည်းများထုတ်လုပ်ခြင်းနှင့်
(င) အစားအစာ(မျှစ်) ထုတ်လုပ်ခြင်း တို့ ဖြစ်ပါသည်။

ရှေးပဝေသဏီကတည်းကပင် လူတို့သည် ဝါးလုံးကို ခွဲခြမ်းစိတ်ဖြာ၍ အိမ်အသုံးအဆောင်ပစ္စည်းများ၊ (တောင်း၊ ခြင်း၊ ဆန်ကော၊ ဆန်ကာ၊ ဖျာ၊ စပါးကျီ)၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ (ငါးဖမ်းအိမ်၊ ငါးဖမ်းခြင်းကြား၊ ငါးဖောင်၊ ငါးဖမ်းတိုင်၊ ငါးဖမ်းပိုက်ဖော့) လယ်ယာသုံးကိရိယာများ (ဝါးဆည်ငယ်၊ လယ်ယာသုံးလက်နက် ကိရိယာ၊ သီးနှံထောက်တိုင်၊ ရေသွယ်ပိုက်၊ လေရဟတ်) စသည်တို့ကို ယက်လုပ်အသုံးပြုလာကြပါသည်။ ၎င်းဝါးထွက်ကုန်ပစ္စည်းများကို အခြေခံလွယ်ကူသောနည်းစနစ်များအသုံးပြု၍ ယက်လုပ်အသုံးပြုကြပြီး တာရှည်ခံအတွက် မွမ်းမံပြင်ဆင်မှုများကို ထည့်သွင်းဆောက်လုပ်ကြခြင်းမရှိသေးပါ။ အဓိကရည်ရွယ်ချက်မှာ လူတို့နေ့စဉ်သုံးလိုအပ်ချက်များကို ဖြည့်စွက်ပေးရန် ဖြစ်ပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် မျှင်ဝါး၊ ကရင်ဝါး၊ ကျခတ်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ဝါးဘိုး၊ ဝါးနက်နှင့်ဝါးယားစသည်တို့ကို လွယ်ကူသောနည်းလမ်းများဖြင့် ဝါးဖြတ်တောက်ခြင်း၊ အဆစ်ဖယ်ခြင်း၊ ဝါးခွဲခြင်း၊ ဝါးစိတ်ဖြာခြင်း စသောလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီး ယက်လုပ်သောအခါတွင် ပုံစံများကိုအသုံးပြုခြင်းမရှိဘဲ မိမိတို့မိရိုးဖလာကျွမ်းကျင်တတ်မြောက်ထားသော နည်းစနစ်အတိုင်းယက်လုပ်လေ့ရှိပါသည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ အထက်ဖော်ပြပါ ဝါးများပေါက်ရောက်သော နေရာဒေသအနီး နေထိုင်ကြသော တောင်သူလယ်သမားများသည် မိမိတို့နေ့စဉ်လုပ်ငန်းသုံး အကြမ်းထည်ဝါးထည်ပစ္စည်းများကို ထုတ်လုပ်ရောင်းချအသုံးပြုလေ့ရှိပါသည်။

ဝါးသည် လူသားများနှင့် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ရင်းနှီးခဲ့ပြီး ဝါးနှင့်ပတ်သက်၍ ရိုးရာ အသုံး

အဆောင်ပစ္စည်းများစွာရှိကြောင်း သိရှိရပါသည်။ ဥပမာအားဖြင့် တောင်း၊ ဆန်ကော၊ ဆန်ကာ၊ ယပ်တောင်၊ ယွန်းထည်၊ သောက်ရေခွက်၊ ဖျာ စသည့် အိမ်အသုံးအဆောင်ပစ္စည်းများ လေး၊ မြား၊ နှစ်ဖက်ချွန်ဝါး၊ လောက်စလုံးနှင့် ပစ်ရသော တစ်ပင်တိုင်၊ နှစ်ပင်တိုင် ကိုင်းလေးမြား စသော လက်နက်ကိရိယာများ ဝါးတံတား၊ ဝါးဖောင် စသော လမ်းပန်းဆက်သွယ်ရေး သယ်ယူပို့ဆောင်ရေး အသုံးပြုမှုများ၊ ငါးဖမ်းကိရိယာများ၊ လယ်ယာသုံးကိရိယာ ဖြစ်သည့် ရေသွယ်ဝါး၊ ခနွဲ၊ အိမ်ရာအဆောက်အအုံသုံး တိုင်ထရံ၊ မျက်နှာကြက်၊ ငြမ်း၊ ယင်းလိပ် စသည့် မရေမတွက်နိုင်သောပစ္စည်းများတွင် ဝါးကို အသုံးပြုနေကြောင်းတွေ့ရှိရပါသည်။ လက်ရှိဝါးထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေများကို သတင်းအချက်အလက်ကောက်ယူ၍ လေ့လာသောအခါ ဝါးကို အလုံးအတိုင်းရောင်းချခြင်းနှင့် လက်မှုပစ္စည်းများ ပြုလုပ်ရောင်းချခြင်းတို့ကို တွေ့ရပါသည်။ ဝါးလုံးအဖြစ် အိမ်ဆောက်ခြင်း၊ ငြမ်းဆင်ခြင်းတို့တွင် သုံးနိုင်ရန် မျှင်၊ ကြသောင်း၊ ဝါးယား၊ တင်း၊ ထီးရိုးဝါးစသည်တို့ကို ဝါးအရောင်းဆိုင်ကလေးများဖွင့်၍ ရောင်းချကြကြောင်း သိရှိရပါသည်။ ထိုဆိုင်ကလေးများတွင် ဝါးကို ဝါးထရံ၊ ဝါးကပ်၊ နှီး စသည်တို့ကို ပြုလုပ်ရောင်းချလျက်ရှိကြောင်းလည်း တွေ့ရှိရပါသည်။ ၎င်းအပြင် ကျေးလက်နေတောင်သူလယ်သမားများ၏ အဓိကအသုံးအဆောင်ပစ္စည်းများဖြစ်ကြသော တောင်း၊ ဆန်ကော၊ ဆန်ကာ၊ ခမောက်၊ ဦးထုပ်၊ ထမ်းပိုး၊ ဖျာ စသည်တို့ကို ပြုလုပ်ရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းလုပ်ငန်းများမှာ တစ်နိုင်တစ်ပိုင် မိသားစုလုပ်ငန်း အဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ ရောင်းဝယ်ဖောက်ကားလျက်ရှိသော အများဆုံးတွေ့ရှိရသည့် မိရိုးဖလာ၊ သမားရိုးကျ ထုတ်လုပ်ရောင်းချအသုံးပြုနေသည်ကို တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ကျေးလက်တွင်နေထိုင်ကြသော တောင်သူလယ်သမားများနှင့် အထူးသဖြင့် တောင်ပေါ်ဒေသများတွင်နေထိုင်ကြသော လူမျိုးစုတောင်ပေါ်သားများသည် မိမိတို့နေထိုင်ရန်အတွက် ဝါးအဆောက်အအုံများကို မိရိုးဖလာနည်းစနစ်အရ ဆောက်လုပ်နေထိုင်ကြပါသည်။ ဝါးသည် အလေးချိန်နှင့် စံထားပါက အလွန်ခိုင်မာ၍ ပျော့ပျောင်းသောဂုဏ်သတ္တိပိုင်ဆိုင်သောကြောင့် မြန်မာနိုင်ငံတွင် ကြခတ်ဝါး၊ ကြသောင်းဝါး၊ သိုက်ဝါး၊ တင်းဝါး၊ ဝါးဘိုး၊ ဝါးနက်နှင့် ဝါးယား စသောဝါးများ ပေါက်ရောက်ရာဒေသရှိ လူများသည် ဝါးကို အိမ်တိုင်အဖြစ်အသုံးပြု၍လည်းကောင်း၊ ဝါးကိုပင် ခွဲခြမ်း၍ အခင်းအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။ အိမ်၏အကာနှင့် အမိုးအဖြစ်လည်း ဝါးကို ယက်လုပ်၍ အသုံးပြုလေ့ရှိပါသည်။ ဤကဲ့သို့ ဝါးအတိဖြင့် ဆောက်လုပ်နေထိုင်ကြရာတွင် တစ်ထပ်အမြင့်(သို့မဟုတ်) နှစ်ထပ် ဆောက်လုပ်လေ့ရှိပြီး၊ မြေညီထပ်ကို ကျွဲ၊ နွား၊ ကြက်၊ ဝက် စသော အိမ်မွေးတိရစ္ဆာန်များအတွက် ခြံအဖြစ် အသုံးပြုလေ့ရှိပါသည်။ ဝါးများကို ခွဲခြမ်းစိတ်ဖြာ၍ မိမိတို့၏ အိမ်ခြံစည်းရိုးအဖြစ် အသုံးပြုကြပါသည်။ ၎င်းအပြင် တစ်ရွာနှင့်တစ်ရွာသွားလာကြသော လမ်းများ၏ ချောင်းကူး၊ မြောင်းကူးနေရာများကိုလည်း ရိုးရိုးဝါး တံတားငယ်များ၊ ဝါးကြိုးတံတားများနှင့် တမံဘောင်ထိန်းစသည်ဖြင့် ဝါးကို အဓိကအသုံးပြု၍ ဆောက်လုပ်ကြသည့်အပြင် လှေပေါင်းမိုး၊ လှည်းပေါင်းမိုးနှင့်လှေထိုး ထိုးဝါးများကိုလည်း ဝါးဖြင့်ပြုလုပ်ကြပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံတွင် မျှင်၊ ဝါးဘိုး၊ ဝါးဘိုးကြီးနှင့် ဝါးယားစသော ဝါးများပေါက်ရောက်သော ဒေသအနီးနေထိုင်ကြသော တောင်သူလယ်သမားများသည် ဝါးအစိမ်းခုတ်လုပ်၍ မီးဖြင့် အကွေးအဆန့်ပြုလုပ်ပြီး မိမိလိုရာအရွယ်အစားဖြစ်သော အိမ်ထောင်ပရိဘောဂများ ပြုလုပ်ကြပါသည်။ အထူးသဖြင့် မီးအပူပေးခြင်းဖြင့် မိမိလိုရာအကွေးအကောက်များ ပြုလုပ်ပြီးနောက် ဝါးကုလားထိုင်၊ ဝါးခွေးခြေခုံ၊ ဝါးပက်လက်ကုလားထိုင် စသော ဝါးအိမ်ထောင် ပရိဘောဂပစ္စည်းများကို ထုတ်လုပ်ရောင်းချနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဝါးမျိုးကွဲပေါင်း (၁၀၀) ကျော်ရှိ၍ ဝါးပေါက်ရောက်မှု ခန့်မှန်းခြေဧရိယာမှာ(၁၅,၀၀၀) စတုရန်းကီလိုမီတာကျော် ရှိပါသည်။ ကရင်ဝါးတစ်မျိုးတည်းပင် စတုရန်းကီလိုမီတာ (၈,၀၀၀) ကျော်ရှိကြောင်း သိရပါသည်။ အဓိကပေါက်ရောက်သောဒေသများမှာ ပဲခူးရိုးမ၊ ရခိုင်ရိုးမနှင့် တနင်္သာရီဒေသများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဝါးအမျိုးအစားများ ပေါများစွာပေါက်ရောက်သည့်အတွက် တချို့သောကျေးလက်ဒေသများတွင် မိရိုးဖလာနည်းစနစ်များဖြင့် အိမ်တစ်ဆောင်လုံးကို ဝါးဖြင့်ပင်ဆောက်လုပ်ကြသည့်အပြင် မီးဖိုချောင်သုံးထမင်းအိုးမွှေသည့် ယောင်းမအဆုံး၊ ဝါးကိုပင်အသုံးပြု၍ ထမင်းအိုး၊ ဟင်းအိုးများ တင်ရန် ကရွတ် များကိုလည်း ဝါးဖြင့်ပင်ပြုလုပ်ကြသည့်အပြင် ဆန်ထည့်စရာ တောင်း၊ ဆန်ပြာစရာ ဗန်း၊ ထမင်းထည့်စရာ ပလုံး၊ လက်ဆွဲခြင်း စသည်တို့ကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံတွင် ဝါးပေါက်ရောက်မှုဧရိယာမှာ (၁၅,၀၀၀) စတုရန်းကီလိုမီတာရှိသော်လည်း သိပ္ပံနည်းကျနည်းစနစ်များကို လက်လှမ်းမမီသေးသောကြောင့် အရည်အသွေးမြင့်မားသောဝါးအခြေခံကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချသုံးစွဲနိုင်ခြင်းမရှိသေးပါ။

စာမျက်နှာ (၂၀) သို့ ➤

# အလေ အလွင့်

**မင်းဆွေ**

ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှအသုံးပြုနေကြသည့်ဝတ္ထုပစ္စည်းများစွာရှိကြသည်။ သက်မဲ့ရုပ်ဝတ္ထုတွေရော၊ သက်ရှိပစ္စည်းတွေရောများလှစွာပေ။ လူမှုနေ့စဉ်ဘဝမှာ အသုံးဝင်အသုံးတည့်နေသမျှသုံးနေကြသည်။ ဖြစ်ထွန်းမှုထုတ်လုပ်မှုတစ်ခုအနက်မှ လက်တွေ့လောလောဆယ်အသုံးဝင်မည့် အသုံးတည့်မည့်အစိတ်အပိုင်းတို့ကို ရွေးထုတ်ပြီး သုံးကြသည်။

အသုံးမဝင်သော၊ သို့မဟုတ် လောလောဆယ်အသုံးမဝင်သေးသော အစိတ်အပိုင်းတို့သည် အမှိုက်ဖြစ်သည်ဟုမှတ်ယူကာ စွန့်ပစ်လိုက်ကြသည်။ အချို့ဒေသစကားအရ ဝဲပစ်လိုက်သည်။ လွှင့်ပစ်လိုက်ကြသည်။ သို့သော် ၎င်းစွန့်ပစ်ပစ္စည်းများသည် တကယ်ပဲ အမှိုက်လား၊ စွန့်ပစ်ရမည့်အရာလား၊ ကျောခိုင်းနောက်ချန်ထားပြီး ဝဲပစ်လိုက်ရမည့်အရာလား သေချာစဉ်းစားစိစစ်ရန်လိုပါသည်။ လက်တွေ့မျက်မြင်အရ ဤနည်းဤပုံဖြင့် တိုက်ရိုက်အသုံးမတည့်ရုံမျှဖြင့် အမှိုက်ဖြစ်နိုင်ပါသလား။ အခြားနည်းတစ်ခုခုဖြင့်ရော အသုံးတည့်နိုင်မည်လား။ ဆင့်တက်ပြုပြင်ထုတ်လုပ်ခြင်းဖြင့်ရော အသုံးဝင်ပစ္စည်းဖြစ်မလာနိုင်ပေဘူးလား။ ဤနေရာအတွက် ဤလူအတွက် ဤအဖွဲ့အစည်းအတွက် ဤလုပ်ငန်းအတွက် အသုံးမတည့်နိုင်သော်လည်း အခြားနေရာ၊ အခြားသူ၊ အခြားအဖွဲ့အစည်း၊ အခြားလုပ်ငန်းရပ်တစ်ခုခုအတွက် တစ်နည်းတစ်ဖုံ အသုံးမတည့်နိုင်ပေဘူးလား။ သေချာမစိစစ်မစဉ်းစားဘဲဆုံးဖြတ်လိုက်သဖြင့် အမှိုက်ဟုသတ်မှတ်ခံရပြီးထိုက်သင့်သောအသုံးဝင်မှုကို လူ့လောကအတွက်အသုံးမချလိုက်ရပါလျှင် ထိုပစ္စည်း ထိုသူသည် အလေအလွင့်ခေါင်းစဉ်အောက်သို့ရောက်သွားပေမည်။

အလေအလွင့်ဆိုသည်မှာ အမှိုက်မဟုတ်ပါ။ အသုံးမချလိုက်ရဘဲ အလဟဿဖြစ်သွားရသည့်အရာသာဖြစ်ပါသည်။ အသုံးပြုနိုင် အသုံးချနိုင်သောအရည်အချင်း တစ်ရပ်ရပ်သူ့မှာရှိနေပါလျက် လစ်လျူရှုခံရပြီး အချိန်၏ တိုက်စားမှုအရ ကုန်ဆုံးကွယ်ပျောက်သွားရသည့်အရာသည် အလေအလွင့်ဖြစ်ပါသည်။ ယခုကာလတွင် နေရာအသီးသီး၌ အကြောင်းအမျိုးမျိုးဖြင့် စွန့်ပစ်ထားကြသည့် အမှိုက်များကိုပင် တစ်နည်းနည်းပြန်လည်ပြုပြင်ထုတ်လုပ်၍ အသုံးချနေကြပြီဖြစ်ပါသည်။ မီးဖိုချောင်အမှိုက်၊ ဈေးအမှိုက်၊ စက်ရုံအလုပ်ရုံအမှိုက်၊ သီးနှံစိုက်ခင်းအမှိုက် စသည် အမျိုးမျိုးတို့ဖြစ်ကြပါသည်။

အထိုက်အလျောက်သောတန်ဖိုးများ အသီးသီးရှိနေကြသည့် ပစ္စည်းအမျိုးမျိုးတို့ကို အယူအဆ ဆုံးဖြတ်ချက်မှားပြီး အမှိုက်ဟုသဘောထားမိကြသဖြင့် အလေအလွင့်ဖြစ်ရသည်များမှ ဆုံးရှုံးမှုများကို ကြုံဖူးကြရပါသည်။ အချို့တို့မှာမူ အမှိုက်ဟုမသတ်မှတ်သော်လည်း အပြည့်အဝအသုံးမချနိုင်သဖြင့် အလေအလွင့်ဖြစ်သွားကြရသည်များလည်း မလွှဲမရှောင်သာရှိကြပါသည်။ ဥပမာ – စိုက်ပျိုးရေးကဏ္ဍတွင် လယ်စိုက်ပြီးကောက်ရိတ်သိမ်းရာ၌ စပါးနှံအားလုံးကို လုံးဝအပြောင်အစင်ရရှိစေအောင် မသိမ်းနိုင်သဖြင့် လယ်တစ်ကွက်ချင်းစီတွင် ကောက်နှံအချို့တို့ကျန်ရှိခဲ့ပြီး အလေအလွင့်ဖြစ်ကြရသည်။ အမှိုက်ဟုသတ်မှတ်ပြီး တမင်ချန်ထားခဲ့ကြခြင်းမဟုတ်ပါ။ အမှိုက်မဟုတ်မှန်းသိလို့လည်း ကောက်သင်းကောက်သူတို့ရှိကြတာဖြစ်သည်။ များပြားပမာဏထုတ်လုပ်ခြင်းတွင် လုပ်ငန်းကို တွင်ကျယ်အောင်လည်းစီမံရသည်ဖြစ်ရာ မြေပေါ်လဲကျနေသောကောက်ပင်၊ ကျိုးပြတ်ကျပြီး လယ်ပပ်ကြားအပ်အကြား ကျနေသည့်စပါးနှံတို့သည် ကောက်ရိတ်သမား/ ကောက်ရိတ်သမ၏ တံစဉ်တွင်လည်းကောင်း၊ ကောက်ရိတ်စက်၏ အသွားများအကြားတွင်လည်းကောင်း ပါဝင်သွားနိုင်ခြင်းမရှိဘဲ လယ်ထဲတွင်ကျန်ခဲ့ကြသည်။ ဒါကို အချိန်ရသူ၊ လယ်မရှိသောဆင်းရဲသူအချို့တို့က ကောက်သင်းကောက်ဝင်ကြသည်။



အလေအလွင့်ကို ကောင်းစွာပြန်လည်အသုံးချနိုင်ခြင်းဖြစ်သည်။ သို့သော် အလေအလွင့်သည် မူလကောက်နှံတို့လောက်တော့ ကောင်းမွန်သန်စွမ်း ပြည့်ဝကြမည်မဟုတ်ပါ။ ရိတ်သိမ်းမှုထဲပါဝင်မသွားနိုင်သည့် အကျိုးအကျေအပြတ်များဖြစ်ကြသည်။ ဤတွင် 'ကောက်သင်းကောက်သူက အနှံကြီးကြိုက်' ဟူသော စကားပုံသည်လည်းဖြစ်လာရသည်။ ကောက်သင်းကောက်သူသည် အနှံကြီးတော့ရနိုင်ဖို့ရာခက်ခဲပါလိမ့်မည်။

အညာအရပ်မှာ မြေပဲစိုက်တောင်သူများ၏ ယာကွက်များ၌လည်း ပင်ထောင်မြေပဲသည်လည်းကောင်း၊ ပင် ပြန့်မြေပဲသည်လည်းကောင်း နုတ်သိမ်းချိန်၊ ထွန်ယက်၍ ပဲကောက်ချိန်တို့တွင် မြေလွှာထဲ၌ မြေပဲတောင့်အချို့တို့ ကျန်ခဲ့ကြပေသည်။ အသုံးမဝင်သည့်အမှိုက်မို့ တမင်ချန်ခဲ့ကြခြင်းမဟုတ်ပါ။ လုပ်ငန်းသဘာဝအရ သိမ်းစု ဆောင်ရွက်ရာတွင် အပြည့်အဝမရရှိနိုင်သဖြင့် ကျန်ခဲ့ကြခြင်းသာဖြစ်ပါသည်။ ဤသို့သောမြေပဲကွက်များ၌လည်း ကောက်သင်းကောက်သူတို့ရှိကြပါသည်။ အမှိုက်ဖြစ်မသွားစေဘဲ တတ်နိုင်သမျှပြည့်ပြည့်ဝဝအသုံးချနိုင်အောင် ကောက်သင်းကောက်ပြီး ဖေါ်ထုတ်အသုံးပြုခြင်းသည် လူ့လောကအတွက် တန်ဖိုးရှိစေပါသည်။ အလေအလွင့်ကို တစ်နည်းတစ်လမ်းအားဖြင့် လျော့နည်းစေပါသည်။ ကောက်သင်းကောက်ပြီးလည်း ကျန်နေကြသေးသည့် မြေပဲတောင့်များသည် မိုးဦးကာလ တစ်မိုးနှစ်မိုးလောက်ရွာလိုက်ပြီးလျှင် နောက်နှစ်ရက်သုံးရက်လောက်မှာ ပဲပင်ပေါက်တွေ ယာကွက်မြေပြင်ထဲမှာ ကုန်းကုန်းကွကွနဲ့ပေါ်လာကြသည်။ ပဲပင်ပေါက်လိုက်နုတ်ပြီးတော့လည်း အမှိုက်မဟုတ်သည့် အလေအလွင့်အချို့ကို တန်ဖိုးရှိအောင် အသုံးပြုနိုင်ကြပြန်ပါသည်။ အလေအလွင့်ကိုသတိမထားမိပေမယ့် အကျိုးရှိအောင်တော့ အသုံးပြုနေကြပါသည်။

ကျွန်ုပ်တို့ သစ်တောကဏ္ဍတွင်လည်း သစ်နှင့်သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်သုံးစွဲမှုများ များစွာရှိကြပါသည်။ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)၏ မူဝါဒသဘောထားကြေညာချက် အပိုဒ်(၂) ပဓာနကျသောအချက်များ (၆)ချက်၌ စွမ်းဆောင်ရည်တိုးတက် မြင့်မားစေခြင်း (Efficiency)ခေါင်းစဉ်အောက်တွင် 'သစ်တောသယံဇာတများမှရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကိုမထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန်စီမံရမည်' ဟု ဖေါ်ပြထားပါသည်။ အလေအလွင့်မရှိပြည့်ပြည့်ဝဝအသုံးချနိုင်ကြစေရေးရည်ရွယ်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည့် မြန်မာ့သစ်လုပ်ငန်း၏ သစ်ခုတ်လှဲထုတ်လုပ်မှုများနှင့် ပတ်သက်၍လည်း သာမန်အားဖြင့် ငုတ်အမြင့် ၂ ပေထက်မပိုစေရဟုလည်းကောင်း၊ သစ်ဖြတ်ပိုင်းပေးရာတွင်လည်း ရောင်းတန်းဝင်သစ်ထုထည်ပမာဏအားလုံး ပါဝင်အောင်ဖြတ်ပိုင်းပေးရမည်ဟုလည်းကောင်း သတ်မှတ်ချက်များထား၍ လေလွင့်မှုနည်းစေရန် စီမံခဲ့ကြပါသည်။ သစ်တောဦးစီးဌာနက နှစ်စဉ်တောထွက် (Annual Allowable Cut) နှင့်အညီ စနစ်တကျ ပင်ထောင်ရိုက်မှတ်ပေးထားသည့် မှတ်ပင်များကိုသာ ခုတ်လှဲထုတ်လုပ်စေပါသည်။ ထို့ပြင် မှတ်ပင်များကိုခုတ်လှဲရာ၌ အနီးအနားရှိ အခြားသောပင်ပျိုများနှင့် အနာဂတ်မျိုးဆက်ပင်များကို ထိခိုက်ပျက်စီးမှုမရှိစေရေးလည်း စည်းကမ်းများသတ်မှတ်ပေးထားပါသည်။ သစ်ထုတ် သစ်သယ် တောတွင်းကားတိုက်လမ်းများ ဖောက်လုပ်ခြင်းကြောင့် အခြားသောအပင်များပျက်စီးဆုံးရှုံးစေခြင်း၊ ချောင်းငယ် မြောင်းငယ်များကို သစ်တိုက်ကားဖြတ်သန်းရန်အတွက် နင်းကြမ်းတုံးများအဖြစ် နီးစပ်ရာသစ်ပင်များကို ခုတ်လှဲချထား အသုံးပြုခြင်းတို့ကြောင့်လည်း တောမှ အချိန်မတန်မီ ခုတ်လှဲခံကြရသော သစ်ပင်သစ်တုံးများကို သစ်ထုတ်ရာသီအပြီးတွင် တောတွင်း၌ချန်ထားခဲ့ကြသဖြင့် အလေအလွင့်များဖြစ်ကြရပါသည်။

သစ်ထုတ်ပြီး ပြန်အပ်သည့်အကွက်များတွင်လည်း ကိုင်းဖျားကိုင်းနား အသေးအမွှားစသည် အသုံးပြု၍ရနိုင်သေးသည့် အပိုင်းအစများကျန်ခဲ့ကြသည်ဖြစ်ရာ အပြည့်အဝအသုံးပြုနိုင်ရေးရည်ရွယ်လျက် 'ဗတိုဗဇ' ဟူသော အသုံးအနှုန်းဖြင့် ကောက်သင်းကောက်လုပ်ငန်းများ လုပ်ခဲ့ကြဖူးပါသည်။ ဗတိုဗဇထုတ်လုပ်ခွင့်ပြုရာတွင် မြန်မာ့သစ်လုပ်ငန်းမှထုတ်လုပ်ပြီး ပြန်အပ်သစ်ကွက်များမှဖြစ်ရမည်၊ သစ်အခြောက်ဖြစ်ရမည်၊ အလျား ၆ ပေထက်မပိုစေရ၊ ရောင်းတန်းဝင်သစ်ကုဗပေမရှိစေရ စသည့်သတ်မှတ်ချက်များဖြင့်ထိန်းချုပ်၍ အလေအလွင့်များ နည်းပါးစေရန်၊ အလေအလွင့်ဖြစ်သွားမည့်ပစ္စည်းများကို အကျိုးရှိရှိပြန်လည်အသုံးပြုနိုင်ရန် စီမံခဲ့ကြဖူးပါသည်။ သို့သော် မသမာမှုများ ရောနှောပါဝင်လာခြင်းတို့ကြောင့် ဗတိုဗဇထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များကို ရပ်နားခဲ့ကြရပါသည်။ အမှန်တကယ်အလေအလွင့်ဖြစ်နေသည့်ပစ္စည်းများကို မလေလွင့်ရအောင်စီမံရခြင်းတွင် ထိန်းချုပ်နိုင်မှုနည်းပါးသောကြောင့် ဆက်လက်မလုပ်ဆောင်ရခြင်းသည် နှမြောဖွယ်ဖြစ်ပါသည်။

သစ်တစ်ပင်လုံးကို အလေအလွင့်မရှိ အပြည့်အဝ

အသုံးချနိုင်အောင် စီမံကြရန်လိုပါသည်။ သစ်လုံး သစ်ခွဲသားရရှိနိုင်မည့်အပိုင်းကိုထုတ်ယူသုံးစွဲသလို၊ ကိုင်းဖျားကိုင်းနားကိုလည်း သစ်မျိုးအလိုက် ပရိဘောဂသော်လည်းကောင်း၊ ခြံတိုင်သော်လည်းကောင်း၊ ထင်းအဖြစ်သော်လည်းကောင်း၊ သစ်ရွက်ကိုလည်း သဘာဝမြေသြဇာအဖြစ်သော်လည်းကောင်း၊ ဖုထစ် ကွေးကောက်သော သစ်အစိတ်အပိုင်းများကိုလည်း သင့်လျော်သလို စိတ်ကူးဖန်တီးသည့် ပန်းပုရုပ်များအဖြစ်သော်လည်းကောင်း၊ သစ်မြစ်နှင့် ဆုံပိုင်းများကိုလည်း သဘာဝစားပွဲပုံဖေါ်၍သော်လည်းကောင်း တန်ဖိုးမြှင့်ထုတ်လုပ်၍ လေလွင့်ပြုန်းတီးမှုမရှိသလောက်နည်းပါးအောင် အသုံးချနိုင်ကြပါလျှင် ကောင်းပါမည်။ အညာဒေသမှာ မန်ကျည်းပင်သည် အရွက်နုကို စားသုံးရန်လည်းကောင်း၊ အရွက်ကြွေတွေကို မြေသြဇာအလို့ငှာလည်းကောင်း၊ အသီး အနု/အရင့်/အမှည့်တို့ကို စားသုံးခြင်းအတွက်လည်းကောင်း၊ မန်ကျည်းအခေါက်ကို ဆေးဝါးအလို့ငှာလည်းကောင်း၊ ပင်စည်အကြီးကို သစ်အဖြစ်လည်းကောင်း၊ ကိုင်းငယ်အသင့်အတင့်တို့ကို စဉ်းတီတုံးအဖြစ်လည်းကောင်း၊ ကိုင်းဖျားကိုင်းနားအသေးတွေကို ထင်းအဖြစ်လည်းကောင်း စသည် အပြည့်အဝအသုံးချနိုင်ကြသလို ကျွန်ုပ်တို့၏ သဘာဝသယံဇာတများကို သစ်ပင်မှသာမဟုတ် အားလုံးအားလုံးတို့တွင် အလေအလွင့်မရှိ အပြည့်အဝ အသုံးချနိုင်ရေး စီမံသင့်ကြပေသည်။ သဘာဝတောများတွင် ဝါးပေါက်ရောက်မှုများအနက် အသုံးမချလိုက်ရဘဲ သက်တမ်းလွန်ပျက်စီးသွားကြသည်များလည်း များစွာရှိနေကြပါသည်။ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း စသည့်သစ်မျိုးများကိုသာ ထုတ်ယူသုံးစွဲနေကြခြင်းဖြင့် သဘာဝတောများတွင် တန်ဖိုးနည်း/ လူသုံးနည်း သစ်မျိုးများစွာတို့ အချည်းနှီးဖြစ်နေကြရသည်။ အလေအလွင့်မဖြစ်ရအောင် သင့်ရာအချိန်၊ သင့်ရာနည်းလမ်းများဖြင့် စီမံ၍ လူ့လောကကို အကျိုးပြုနိုင်ကြစေလိုပါသည်။

မြေပြင်၊ ရေပြင်၊ သစ်ပင်၊ သီးနှံ၊ တိရစ္ဆာန်၊ လူသားများအားလုံးတို့တွင် မိမိလိုလားသော ရည်ရွယ်ချက်အတွက် အကောင်းဆုံးဆိုသောစံသတ်မှတ်ချက်များ ပြည့်မီသည်လည်းရှိမည်၊ မပြည့်မီသည်လည်းရှိမည်။ သို့သော်သူ့အတန်းအစားနှင့်သူ သင့်ရာအတိုင်းအတာတစ်ခုစီအထိတော့ အသုံးတည့်ကြပေမည်။ ဥပမာတွေပြရလျှင်များပြားနေပေလိမ့်မည်။ ထို့ကြောင့် သင့်လျော်ရာ၊ ထိုက်တန်ရာနေရာများတွင် အတတ်နိုင်ဆုံးကိုက်ညီအောင် ပြုပြင်သုံးစွဲကြခြင်းဖြင့် အလေအလွင့်များကိုလျှော့ချနိုင်ပြီး လောကကောင်းကျိုးအတွက် ဖြည့်ဆည်းနိုင်ကြပါစေရန် အကြံပြုတင်ပြလိုက်ရပါသည်။

++++++

စာမျက်နှာ ( ၁၇ ) မှအဆက်

လူဦးရေတိုးပွားလာခြင်းနှင့်အတူ သဘာဝတောများမှ ဝါးထုတ်ယူသုံးစွဲမှုမှာလည်း တိုးတက်များပြားလျက်ရှိရာ ရေရှည်တွင် နှစ်စဉ်ပုံမှန်တောထွက်ရရှိရေးအတွက် အခက်အခဲဖြစ်လာနိုင်ပါသည်။ ထုတ်ယူရရှိသည့် ဝါးများကို ဝါးအသုံးပြုမှုအနည်းဆုံးနှင့် တန်ဖိုးအများဆုံးဝါးထွက်ပစ္စည်းများထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရေးကိုလည်းဆောင်ရွက်သွားရန် လိုအပ်နေပါသည်။

ဝါးသည် မြန်မာတိုင်းရင်းသားလူမျိုးတိုင်း မရှိမဖြစ်သုံးစွဲခဲ့ကြပြီး ဝါးနှင့် ကင်းသည်ဟူ၍ မရှိသလောက်ပင်ဖြစ်ခဲ့ကြသည်။ ကျေးလက်ဒေသတွင် နေထိုင်ကြသော တောင်သူလယ်သမားများနှင့် အထူးသဖြင့် တောင်ပေါ်ဒေသတွင် နေထိုင်ကြသော လူမျိုးစုတောင်ပေါ်သားများသည် မိမိတို့နေထိုင်ရန်အတွက် ဝါးအဆောက်အအုံများကို မိရိုးဖလာနည်းစနစ်အရ ဆောက်လုပ်နေထိုင်ကြပါသည်။ ထိုနည်းတူ မြန်မာနိုင်ငံရှိ မြို့ရွာများတွင်လည်း အချို့သော အဆောက်အအုံနှင့် လူ့အသုံးအဆောင်များကို ဝါးဖြင့် သာလျှင် အသုံးပြုနေထိုင်ကြသည့်အတွက် ဝါးနှင့် ကင်းကွာ၍ မရနိုင်ပါ။ သစ်တောများမှသစ်နှင့်သစ်မဟုတ်သောအခြား သစ်တောထွက်ပစ္စည်းများ (Non-Wood Forest Product-NWFP)ကို ထုတ်လုပ်ပေးလျက်ရှိရာ မြန်မာနိုင်ငံတွင် သစ်တောအခွန်ဝင်ငွေရရှိရေးနှင့် ရောင်းဝယ်ဖောက်ကားဝင်ငွေရရှိရေးအတွက် သစ်ကိုသာ လူအများက အာရုံစိုက်ခဲ့ကြပြီး သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများကို သာမာန်သစ်တောထွက်ပစ္စည်းအနေဖြင့်သာ ဂရုပြုခဲ့ကြပါသည်။ သို့သော်ယခုအခါသစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများကို ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်သာယာရေးအတွက် အလွန်အရေးပါသော သစ်တောထွက်ပစ္စည်းအဖြစ် အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။

ဝါးသည် လူသားနှင့် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ရင်းနှီးခဲ့ပြီး မှတ်တမ်း၊ မှတ်ရာများအရ ရိုးရာအသုံးအဆောင်ပစ္စည်းများ (၁,၅၀၀) ခန့်ရှိကြောင်း သိရှိရပါသည်။ သစ်တောစီမံအုပ်ချုပ်မှု၌ ပြည်သူများတက်ကြွစွာပါဝင်သော ဝါးအသုံးပြုမှုမြှင့်တင်ရေးသည် ဝါးနှင့် ပတ်သက်၍ စတင်ဖွံ့ဖြိုးတိုးတက်စေမည့် ခြေတစ်လှမ်းဖြစ်ပြီး ဝါးတောများကို ထာဝစဉ်အုပ်ချုပ်လုပ်ကိုင်မှုနှင့်အရည်အသွေးမီဝါးထွက်ပစ္စည်း ထုတ်လုပ်မှုခေတ်မီထုတ်လုပ်သည့် နည်းပညာနှင့်ဈေးကွက်ကို အခြေခံသည့်ဝါးထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းအဖွဲ့အစည်းများတည်ထောင်ပေးခြင်းဖြင့် ကျေးလက်ပြည်သူလူထု ဝင်ငွေတိုးတက်ရရှိမည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

# သစ်တောစိုက်ခင်းသမား တစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းများ

အောင်ကျော်စိုး (ရဉ)

၁၉၈၃ December မှာ....University of Rangoon, သစ်တောပညာဌာနရဲ့ နောက်ဆုံးနှစ် field သိမ်းခဲ့ပြီ....

ပျဉ်းမနား မိုးစွေမှာ camp fire လုပ်။ ပုပ္ပါး–ပုဂံ–ညောင်ဦးဘက် touring ထွက်၊ နောင်သစ်တောတက္ကသိုလ်၊ ရေဆင်းမှာprofessor ဖြစ်လာမယ့် သူငယ်ချင်းကိုဇော်ဝင်းရဲ့ ကြက်မောက်တောင်ဆည်ခြေက မကျီးတိုင်းရွာ (မြန်မာပြည်မှာ တိုင်း ၈ တိုင်းရှိတယ်၊ မကျီးတိုင်းလည်းပါဆိုပဲ....သူကြွေးကြော်နေကြ)မှာ ကောက်ညှင်းပေါင်း၊ ထန်းရည်ခါးနဲ့ ကြက်သားလည်းမြည်းခဲ့ဖူးပြီ။ ပုပ္ပါးတောင်မကြီးထိပ်လည်းတက်ခဲ့ပြီးပြီ၊ field ပြန်သိမ်းလာတော့ သထုံဆောင်မှာ ပြန်တည်းကြ၊ လုပ်ငန်းခွင်ဝင်ရမှာမို့ လိုတာတွေပြင်ကြ labor ရုံးမှတ်ပုံတင်ရနဲ့ ၁၉၈၄ January ကာလ....အိမ်ပြန်လိုအပ်တာလုပ်လိုက် ၊ ရန်ကုန်ပြန်လာလိုက်ကြနဲ့ 1st February မှာတော့ 210 scale နဲ့ စိုက်ကွက်လက်ထောက်ရာထူး အသီးသီးခန့်စာ ရုံးချုပ်ကထွက်လာပါတော့တယ်။

အလုပ်လျှောက်စဉ်ကတည်းက priority ၃ ခု တောင်းခဲ့ရာမှာ မိမိက တိုက်ကြီးသားဖြစ်သော်လည်း ဇာတိပြန်မလုပ်လိုပေမယ့်....သားကြီးသြရသမို့ အိမ်နဲ့လည်း မကင်းကွာလိုတော့... မနီးမဝေး ပဲခူးတိုင်းကို လျှောက်ခဲ့ရာမှာ အဲဒီသွားဖို့ order မို့ ပဲခူးတိုင်းရုံးကို ပဲခူးတိုင်းတာဝန်ကျ သူငယ်ချင်းတွေနဲ့အတူ သွားခဲ့ရပြန်ပါတယ်.... သူငယ်ချင်း ၁၅ ယောက်ဝန်းကျင်လောက် ရှိပါမယ်၊ ပဲခူးတိုင်းရုံးက သွားချင်တဲ့မြို့နယ်အဆိုပြုခိုင်းပြန်တော့ ဘယ်လျှောက်ရမယ်မသိဖြစ်နေချိန်... ကိုယ့်လိုပဲ ရေနံချောင်းသားရဲမြင့်သိန်းက သူ့အရပ် မနေချင်၊ ပဲခူးတိုင်းလျှောက်လာပြီး၊ နတ္တလင်းက နေတိုင်းရုံးရောက်နေတဲ့စာရေးက ကောင်းကြောင်းပြောတယ်ဆိုပြီး... ဘာရယ်မဟုတ် နှစ်ယောက်အဖော်ရှိလို့ နတ္တလင်းကို လျှောက်ရာမှာ ၅ ရက်ခန့်အကြာ.... နတ္တလင်း တာဝန်ကျစာထွက်လာလို့ တိုက်ကြီးအိမ် ပြန်လာ ပြင်ဆင်ပြီးနောက် ၁၉၈၄ February လလယ်ခန့်မှာ နတ္တလင်းမြို့ကိုရောက်လာသတင်းပို့ရပါတယ်။

ထိုစဉ်က စိုက်ခင်းဒေသကြီးတွေ မခွဲရသေးပါ။ မြို့နယ်မှူးရုံးမှာ သူငယ်ချင်း နှစ်ယောက် ညဖက် ရုံးစားပွဲတွေဆက် အိပ်ရာခင်းအိပ်ရပါတယ်။ ရောက်စဆိုတော့ အိမ်ရာမရသေး။ ဒီလိုနဲ့တစ်ပတ်ခန့်အကြာမှာတော့ ဦးရဲမြင့်သိန်းက ကွင်းစမ်းစီးပွားရေးကျွန်းစိုက်ခင်း၊ ဦးအောင်ကျော်စိုး၊ တောင်ညိုစီးပွားရေးစိုက်ခင်းရယ်လို့ ရုံးမိန့်တာဝန်ခွဲစာထွက်လာပါတော့တယ်။ သူငယ်ချင်းနှစ်ယောက်သွားရမယ့်နေရာ မတူကြတော့ပါ။

ရဲမြင့်သိန်းသွားရမယ့် ကွင်းစမ်းဆိုတာ တောင်ပေါ် ၁၄ ရွာအုပ်စု ကရင်ရွာတွေကို မြေပြန့်ဖို့ထားတဲ့ရွာတွေထဲက ရွာတစ်ရွာပါ။ ထိုစဉ်က နတ္တလင်းကနေ အရှေ့ဘက် ၇ မိုင်ခန့်ကို မြင်းလှည်းစီး(လမ်းကတော့ မ ကောင်းပါ) ဓမငယ်ဆိုတဲ့ရွာရောက်ပါတယ်။ အဲဒီကနေ ၄ မိုင်ခန့်လမ်းလျှောက်ရင် ကွင်းစမ်းဘိုတဲကိုရောက်၊ စိုက်ခင်းက ဘိုတဲကနေ ချောင်းကူးရင် ဟိုဖက်ကမ်းမှာ စိုက်ခင်းစပ်ပါ။ သက်သောင့်သက်သာ ရောက်နိုင်ပါတယ်။

ဤဖေကိုယ်ကတော့ စကတည်းက ယဉ်သလိုဆိုသွားရမယ့် တောင်ညိုစိုက်ခင်းဆိုတာ ဤမျှမနီးပါ၊ တောင်



ညိုကြိုးဝိုင်းကိုသွားရမှာပေါ့၊ တောင်ညိုကြိုးဝိုင်းကို မသိပေမယ့် တက္ကသိုလ်စိန့်တင်ရေးတဲ့ အောင်ဆန်းသူရိယလုသောင်းဘွဲ့ရတဲ့ ပေါင်းတည်နဲ့နတ္တလင်းကြားက ဘိုးသာအောင် ကုန်းတံတားတိုက်ပွဲတော့ အချို့ဖတ်ဖူးကြမှာပါ၊ အဲ့ဒီဘိုးသာအောင်ကုန်းတံတားအောက်က ချောင်းကတောင်ညိုချောင်းဖြစ်ပြီး တောင်ညိုကြိုးဝိုင်းကနေ မြစ်ဖျားခံစီးလာတာပါ။ ပျဉ်းမနားတောင်ညိုသာ လူသိများပြီး နတ္တလင်းအရှေ့က တောင်ညိုကတော့လူသိနည်းပါတယ်။ ဇလားတစ်ခုမှောက်ထားတဲ့ပုံသဏ္ဍာန်ရှိ တောင်ကြောရှည်ဖြစ်ပြီး၊ သူကလည်း ရာဇဝင်သေးတဲ့နေရာတော့ မဟုတ်ပါ၊ သခင်သန်းထွန်း၏နောက်ဆုံးနေ့များပါ နယ်မြေတစ်ခုဖြစ်ပြီး၊ အဲ့ဒီစာအုပ်ထဲက ဇာတ်ကောင်အချို့ကိုလည်း မျက်ဝါးထင်ထင် ဆုံတွေ့ခဲ့ရပါတော့တယ်။

ရဲမြင့်သိန်းကနီးတော့အရင်ထွက်သွားပြီး... ကိုယ်ကအဲဒီတောင်ညိုနယ်က လာပြီးပြန်မယ့် တောခေါင်းတစ်ယောက်အပြန်ကို အတူလိုက်ဖို့စောင့်ရပါတယ်။ တောင်ညိုနယ်ကိုသွားရမယ့်လမ်းကများစွာရှိပြီး နောင်ရေးရင်း ထိုအကြောင်းများပါလာမှာပါ။ ယခုတော့ မိမိလိုက်ပါရမယ့်ခရီးကိုပြောရရင် နတ္တလင်းကနေ တောခေါင်းကိုမောင်ကြိုင်နဲ့အတူ နံနက် ၇ နာရီလောက် ကျောက်ခွက်ဆိုတဲ့ရွာကိုထွန်စက်ထွေလာပေါ်က လိုက်ရမှာပါ....ကျောက်ခွက်ရွာကိုနတ္တလင်းအရှေ့ရွာတွေက စပါးကောက်ဖို့ စပါးဒိုင်ဖွင့်ထားလို့ ဆောင်းတွင်းနဲ့နွေလမ်းဖောက်ထားတာပါ။ မိုးရာသီလမ်းမပေါက်ပါ။ ထွန်စက် ထွေလာတွေက စပါးဒိုင် စပါးအိတ်တွေမြို့ဂိုဒေါင်ကိုပို့ မြို့ကနေရတဲ့ခရီးသည်နဲ့ ကုန်တင်စပါးဒိုင်ကိုပြန်တာပါ၊ ကြုံရာခရီးသည် တင်ကြတာပါ။ ဒီလိုနဲ့ ဗာစီတီကျောင်းဆင်းကြီးကျွန်တော်ဟာ ထွန်စက်ထွေလာနံရံတွေတင်းတင်းကိုင်လို့ တစ်ခါမှ မရောက်ဖူးသေးသောအရပ်ဆီ....ဘယ်လိုတွေဆက်သွားရမယ်မသိသေးပဲ.... လောလောဆယ် ထွန်စက်ကြီး မိန့်မိန့်စီးလို့ သစ်တောစိုက်ခင်းသမားဘဝခရီးကို စခဲ့ပါတော့တယ်။

++++++

ထွန်စက်ထွေလာနံရံ တင်းတင်းဆုပ်ရင်း ဘေးစောင်းရင် ထိန်းကိုင်လိုက်.... ချိုင့်ထဲကျလို့ ဆောင့်ရင်ကိုယ်ဖော့လိုက် မိန့်မိန့်ကြီးစီးလာပြီး နံနက် ၉ နာရီကျော်လောက်မှာတော့... ကျောက်ခွက်ရွာ စပါးဒိုင်ကို ရောက်လာပါတော့တယ်။ စပါးဒိုင်ဆိုတော့ စပါးလာချတဲ့ လှည်းတွေနဲ့ အနားမှာ စားသောက်ဆိုင်သေးလေးတွေ အကြော်တဲတွေ၊ တစ်ခွက်.. တစ်ဖလားခွက်ပုန်းဆိုင်လေးတွေနဲ့ပေါ့။ ခရီးရှည်ဆက်ရမှာမို့ တောမုန့်ဟင်းခါး ၂ ခွက်စီလောက် ဖိုက်ဖြည့်ပြီး.... လမ်းလျှောက်ခရီးစကြရပါတယ်။

ကျောပိုးအိတ် ကိုယ်စီပိုးလို့ ကျောင်းသားဘဝကတည်းက အိပ်ရာလိပ်ကိုတော့ တောခေါင်း ကိုမောင်ကြိုင်ရဲ့ယောက်ဖဆိုသူပါလို့ ကူသယ်ပေးခဲ့ပါတယ်။ သစ်တောကျောင်းသားဘဝကတည်းက keep bag အိတ်တစ်လုံး အိပ်ရာတစ်လိပ်နဲ့ မြန်မာပြည်တလွှား ၄ နှစ်လောက် ခရီးသွားနေကြ ထုံးစံအတိုင်းပါပဲ။ ဒေါင်ကျကျ ပြားကျကျ နေတတ်အောင် trained ခံရပြီးသားပါ။ ဆရာများ ကျေးဇူးပေပေါ့။

ဒီလိုနဲ့ ၂ နာရီကျော်လောက် လမ်းလျှောက်ပြီးတဲ့အခါ အချိန်က မွန်းတည့် ၁၂ နာရီနီးပြီဖြစ်ချိန် ကိုမောင်ကြိုင်က ရွာတစ်ခုဖြတ်စဉ်.... အိမ်တစ်အိမ်ထဲ ရုတ်တရက်ဝင်လိုက်ပြီး၊ ဆရာ ဒီမှာနားရအောင်ပြောပါတယ်၊ နားဆိုလည်းနားရမပေါ့၊ နေကပူ ဗိုက်ကဟာ နည်းနည်းပန်းပြီလေ။ အမှန်တော့ ဒီခရီးသွားရင် သူတထောက်နားနေကြအိမ်ပါ၊ အိမ်ရှင်က တောရွာဓလေ့အတိုင်း ထမင်းအိုးကောက်တည်၊ အောက်က ကြက်တွေပြေးသံ ကြားရလေတော့ ငါတို့ဖြတ်တာ ကြက်တစ်ကောင် ကံဆိုးရှာပြီတွေးမိပါတယ်.... ခုလို ဖုန်းကြိုဆက်လို့ရတဲ့ခေတ် မဟုတ်လေတော့ ခုညှော်လာ ခုစီစဉ်ကြရတာပေါ့။ ချက်ပြုတ်နေချိန်မှာ အိမ်ရှင်က ဆန့်၂ ပြည်ခွဲလောက် ဆန့်မဲ့မြေအိုးတစ်လုံးယူလာပါတယ်... အဲဒီထဲကနေ ဆန်ဆေးရည်လို့အရည်တွေကို ဖန်ခွက်ထဲထည့်လို့ ချက်ပြုတ်တာ စောင့်ရင်း *ဒါလေးသုံးပါဦး* ဧည့်ဝတ်ပြုပါတယ်။

ကျွန်တော် ကိုမောင်ကြိုင်ကိုကြည့်လိုက်တော့ ဆရာ *ဒါစိမ်ရေပါ.. ဝမ်းတွင်းအေးတယ်..နေပူခံတယ် ခေါင်းမကိုက်ဖူးနဲ့* ညွှန်းပါတော့တယ်။ ကျွန်တော်က ဖြစ်ပါ့မလားဗျာ....ကျွန်တော်တို့ အဝေးကြီးသွားမှာ မဟုတ်လားဆိုတော့.... ဆရာ *ကျွန်တော် လှည်းကြုံလည်း ရထားပြီ၊ ထမင်းမစားခင်နည်းနည်းသုံးပါ* ဆိုတော့ကာ ဒီကလည်း ပါချင်ချင်ရယ်။

အဲဒီမှာ နတ္တလင်းနယ်ရဲ့အရှေ့ဖက်တောရွာတွေမှာသာတွေ့ရတဲ့ စိမ်ရေဆိုတာ စတင်မြည်းစမ်းခဲ့ရပါတယ်။ တောအရက်ချက်တဲ့ စိမ်ရေမျိုးလည်းမဟုတ်ဘဲ.... ဆန် သို့မဟုတ် ကောက်ညှင်းကို သူတို့အရပ်ထွက် တဆေးထည့်ပြီး သုံးရက်လောက်စိမ်ထားရင် စိမ်ရေသောက်လို့ရပါပြီ။ တပတ်လောက်စိမ်ထားရင် ပိုကြည် ပိုပြင်းတယ် ပြောပါတယ်၊ ခုထည့်သောက်တာ *ဦးရည်* ခေါ်ပြီး ကုန်ရင်နောက်တစ်ခါရေထည့်သောက်နိုင်ပြီး *ပဲ့ရည်* ခေါ်ပါတယ်၊ အရှိန်ရသွားရင် မတင်းတိမ်သူတွေရေထပ်ရောလာရင် *ဖြစ်*

ရည် ညှစ်ရည် လို့ နောင်သောအခါ နတ္တလင်းနယ် နေစဥ် .... ထိုသို့အာသာပြေထိဖြစ်ကုန်ကြတာလည်း ကြုံခဲ့ကြရပါတယ်။ ထိုစဉ်ကကြုံခဲ့ရတဲ့ ဒေသသုံး local beer လို့သာ ဆိုပါစို့ .... တောအရက်လို methanol မသန့်စင်တဲ့ liquor ထက်စာရင် အန္တရာယ်ကင်းစင်မှုရှိပြီး စိမ်ရေထဲ ထည့်တဲ့ *တဆေး*ကလည်း ခု ကျွန်တော်တို့ဝင်တဲ့ရွာဖက်တွေမှာသာရကြောင်း နောင်မှာသိရပါတယ်။ ရွာနံမည်တော့ မမှတ်မိတော့ပါ။ ဒီဇာတ်လမ်းဖတ်မယ့်သူတွေမှာ foresters အများစုပါဝင်မှာမို့ လုပ်ငန်းလုပ်ရင်း အနည်းနဲ့အများ အပန်းဖြေတတ်ကြတာမို့ ကြုံတုန်းဖော်ပြပေးရတာဖြစ်ပြီး သူရာရေ ရှောင်ကျဉ် မနှစ်မြို့သူများကိုတော့ တောင်းပန်သမှုပြုပါတယ်။

ဒီလိုနဲ့ နှစ်ဖန်ခွက်လောက်ပြီးတော့ ရီဝေဝေပေါ့။ ကိုမောင်ကြိုင်ကလည်း အာရွှင်လာပြီ၊ ဆရာ ဟိုရောက်ရင် ပျော်လာမှာပါ.... ယာလူကြီး ဦးရွှေဖျိုင်းက သစ်တောသမားတွေ စားအိမ် သောက်အိမ်၊ သမီးချောတွေလည်း အများကြီး စသည်ဖြင့်ပေါ့။ ကျွန်တော်လည်း ပွဲရှိန်သတ်စေလို့ *ကျက်ရင် ထမင်းစားကြရအောင်* လို့ ပွဲသိမ်းထမင်းစားကြပါတယ်။ ကိုယ်လမ်းကြုံလိုက်မဲ့ နွားလှည်းကလည်း နွားတွေ နေပူမှာစိုးလို့ ခဏစောင့်ပြီး ၂နာရီကျော်လောက်မှာလှည်းစထွက်ခဲ့ပါတယ်။ ကျွန်တော်တို့လိုက်မှာမို့ပါ။ သူတို့အလိုဆို ၃ နာရီလောက် နေအေးမှထွက်ချင်တာပါ၊ ဒါကလည်း မြို့မွေး မြို့ကြီး ကျွန်တော်ဟာ တောသူတောင်သားတွေနဲ့ ဘဝတစ်လျှောက် လက်ပွန်းတတီးနေလာရင်းမှ တိရစ္ဆာန်တွေအတွက်လည်း ဒီလိုထည့်တွက်ရတာတွေရှိပါလားလို့ နားလည်လာခဲ့ရပါတယ်။

တောရွာမှာမောင်းတဲ့ ခရီးသွားလှည်းတွေမှာ ကက်အိမ်ရယ်ပါခဲပါတယ်။ တံပိုးရယ် လှည်းဝင်ရိုးရယ် ဆက်အပေါ်က ဇင်တုံးပေါ်နဲ့ရှေ့ဖက်နားလေး အကာခင်းပေါ် ကောက်ရိုးထူထူခင်း အဲ့ဒီပေါ် လိုက်ကြရတာပါ၊ ထင်းတိုက် ဝါးတိုက်လှည်းတွေကလည်း အဲဒီဖွဲ့စည်းမှုနဲ့ သွားရတာဖြစ်ပြီး... ဘာပဲဖြစ်ဖြစ် ထွန်စက်ထွေလာ အခွံ body ပေါ်စီးရတာထက် ပိုငြိမ့်ညောင်းပါတယ်။ ဒါပေမဲ့ လယ်ကွင်းလမ်းတွေသွားသလို ငြိမ့်ငြိမ့်လေး နေရာတိုင်းတော့ မဟုတ်ပါ၊ အတက်အဆင်းတွေရှိပါတယ်။ အချို့နေရာတွေမှာ ဘေးနှစ်ဖက်က မြေနံရံ လှည်းတစ်စီးသာ မောင်းလို့ရတဲ့ လှည်းလမ်းကြပ် လမ်းရှည်ကြီးတွေ ရှိပါတယ်။ အဲ့လိုကြုံလာရင် လှည်းတက်မယ်ဟေ့.... လှည်းဆင်းလာမယ်ဟေ့နဲ့ ဗျို့ဟစ်ပြောရပါတယ်။ တဖက်နဲ့တဖက် မမြင်ရလို့ပါ.... တဖက်က အသံမကြားရရင် အတက်ဆို နွားကို ညာသံပေး အတင်းရုန်းတက်စေရပါတယ်။ အဆင်းသမားဆိုရင်တော့ နွားကဒုံးစိုင်းဆင်းရတာပါ၊ အပေါ်ကလိုက်သူ မြဲမြဲကိုင်ထားပေတော့ပဲ၊ ပြုတ်ကျရင် ကိုယ့်လှည်းက နင်းသွားမှာပါ၊ တစ်ခါတရံ အဲ့လိုပြေးအဆင်း လှည်းမှောက်တတ်တဲ့ အန္တရာယ်လည်း ရှိပါတယ်။ လမ်းမှာအဆင်းသာ အတက်သာ.... တောအုပ်ကလေးထဲ မြေညီလေးထဲ အရိပ်လေးအေးအေးနဲ့ဖြတ်ရတဲ့ အခါလည်းရှိပါတယ်။

ထိုအခါတော့သာသာယာယာပေါ့.... ကျွန်တော်တို့ဘဝတစ်လျှောက်ဖြတ်သန်းခဲ့ရတဲ့ ခရီးလိုပါပဲ၊ ဘဝအစကတည်းက လှည်းစီးရင်းနိမိတ်ပြခဲ့တာပ။

လှည်းလမ်းကြောင်း တစ်ကြောင်းပေါ်သာ သွားလာကြတာဖြစ်လို့ မျက်နှာချင်းဆိုင် ဆုံမိရင် ဝန်ပေါ့သူက လမ်းဘေးချပေး.... အတက်သမားကို ဦးစားပေး စတာတွေလည်း နားလည်မှုနဲ့လုပ်သွားကြပြီး၊ တစ်ခါတရံလည်း သူရှောင် ငါရှောင် အငြင်းပွားပြီးမှ ခရီးဆက်ကြတဲ့ ခလေ့၊ တောသူတောင်သားပေမို့ ယဥ်ကျေးလိမ္မာစွာပြောမနေဘဲ ရှင်းရှင်းပြောတတ်တဲ့ ဓလေ့ကိုတွေ့ရပါတယ်၊ အဲသူတို့ အရပ်သုံးယဉ်ကျေးမှုအရ *ညီကေးကြီး* လို့ခေါ်တာတော့ မှတ်သားမိပါတယ်။ ရင်းနှီးစွာပြောတဲ့သဘောပေါ့.... ညီကေးကြီးက ဖယ် လိုက် ပကွာဆိုတာမျိုးပေါ့။

ဒီလိုနဲ့ ရွာတွေဖြတ်လိုက် ကုန်းတက်ဆင်းတွေဖြတ်လိုက်နဲ့ ၂နာရီကျော်လောက်မောင်းအပြီးမှာ ရှေ့မှာ လှည်းစီးရေ ၂၀ ကျော်လောက်ရှိတဲ့ လှည်းတန်းကြီးနဲ့ ရင်ဆိုင်မိချိန် ကိုမောင်ကြိုင်က ရုတ်တရက် ဟိုရှေ့က လှည်းတွေရပ်ထားလိုက်လို့အော်လိုက်တော့.... ကျွန်တော်လည်း အံ့အားသင့်သွားမိပါတယ်။

ကိုမောင်ကြိုင့်အော်သံကြောင့် ရှေ့ ဝါးနှစ်ရိုက်ခန့်အကွာက လှည်းတန်းကြီးက တကျိုကျိုမြည်လို့ ရပ်တန့်သွားပါတယ်....ကားဘရိတ်လိုတော့မဟုတ် နွားလှည်းဘရိတ်နဖားကြိုးတွေဆွဲလိုက်ကြလို့ပါ။ ကျွန်တော်က သူ့ကိုဘာလုပ်တာတုန်းဆိုတဲ့ အကြည့်နဲ့ ကြည့်လိုက်တဲ့အခါ ကျွန်တော် ဒီလှည်းတွေ ထင်းအခွန်ဆောင်ပြီး လားကြည့်လိုက်ဦးမယ်ဆရာပြောပြီး ..လှည်းတွေဆီသွားမေးတာ.... ဟိုကဖြတ်ပိုင်းလေးတွေပြကြနဲ့မြင်ရပြီး ၁၅ မိနစ်ကျော်လောက်ကြာတော့ ကျွန်တော်တို့လှည်းဆီပြန်လာ ညံ့လယ်ဂိတ်ကနေ ထင်းလက်မှတ်ဖြတ်လာတယ်ဆရာ ပြောပါတယ်။ ပြီး ကျွန်တော်တို့လှည်းက စထွက်ပါတယ်။ ဆောင်းဝင်စကာစလို့ နွေရာသီထိ မိုးမကျမီ သစ်တောကြိုးဝိုင်းထဲကို လှည်းလမ်းကြောင်းတွေ ဝင်ထွက်သွားလို့ရချိန် သက်

ဆိုင်ရာမြို့နယ်အလိုက်ရွာတွေကနေ လှည်းတွေစု စားနပ်ရိက္ခာတွေနဲ့တက်လာ ထင်းခြောက်စုတက်ကြပါတယ်။ ထင်းတွေ တင်ပြန်လာရင် ဌာနမှာလှည်းတစ်စီး ၂ ကျပ်စသည်ဖြင့် နှစ်အလိုက် သတ်မှတ်လာတဲ့နှုန်းနဲ့အခွန်တော်ဆောင်ကြရပါတယ်။ ကိုမောင်ကြိုင်က တောင်ညိုကြိုးဝိုင်းက ဘိနယ်တောခေါင်းတစ်ယောက်ဖြစ်လေတော့ ထင်းလက်မှတ်ဖြတ်ပြီး၊ မပြီး ထင်းတင်လာတဲ့လှည်းတွေကိုစစ်တဲ့သဘောပါပဲ။

ကဲ ကိုမောင်ကြိုင်ရေ နာရီ နီးပြီ၊ သွားရမယ့်ခရီးကလည်းလိုသေး....နောက်တစ်ခါ ထင်းလှည်းအုပ်စုတွေ့လည်းစစ်မနေပါနဲ့တော့.... ခင်ဗျားတို့ ကြိုးဝိုင်းကအထွက်လမ်းကြောင်းတိုင်းမှာ အကောက်စာရေးရှိမှာပါ.... သွားကြစို့လို့လောဆော်၊ လှည်းကလည်းသွက်သွက်လေးမောင်းလို့ ညနေ ၆ နာရီခွဲခန့် မှောင်စပြုနေချိန် တစ်နေရာအရောက် လှည်းဆရာက စုတ်သပ်ရပ်လိုက်ပါတယ်။ဓာတ်မီးထိုးကြည့်တော့လှည်းလမ်းကနေ ခြေလမ်းခွဲလေးတခုတွေ့ရပါတယ်။ 'ဆရာ ကျွန်တော်တို့ ဒီမှာဆင်းဆက်လျှောက်ရမယ်....လှည်းသွားမယ့်နေရာနဲ့မတူတော့ဘူး'

'ဗျာ....ကျွန်တော်က ဒီခရီးခုမှလိုက်လာတော့ ဘယ်လောက်ဝေးမှန်းမသိ... ဘယ်အချိန်ရောက်မယ်မသိ. ခုလိုလမ်းလျှောက်ရဦးမယ်မသိ၊ကောင်းလေစွ ကိုမောင်ကြိုင်ရေ....ကဲ လျှောက်ဆိုလည်း လျှောက်ကြတာပ။

ဒီလိုနဲ့ခြေလမ်းလေးအတိုင်း ဓာတ်မီးထိုးလို့ တောင်ကုန်းတွေ့တက်လိုက် ဆင်းလိုက်၊ ပြန့်လေး လျှောက်လိုက်နဲ့ဗိုက်ကဆာလာ....နည်းနည်းတော့ ကျွဲမြီးတို၊ ရောက်ခါနီးပါပြီ ဆရာနဲ့ပဲ လျှောက်လာလိုက်တာ လရောင်အောက်ရွာတစ်ရွာကိုလှမ်းမြင်လိုက်ရပါတယ်။ အဲဒါ ဖောင်အိုင်ဆရာ.... ဆရာ အဲဒီမှာဒီညအိပ်ရမှာ.... ဒါနဲ့ သွက်သွက်ဆက်လျှောက် ဖောင်အိုင်ရွာရောက်တော့ ည ၈ နာရီခွဲနီးလေပြီ။

ရွာလယ်လောက်ရောက်တော့ အိမ်ဝိုင်းတခုထဲဝင်လိုက်တော့ ခြေတံရှည် လေးပင်အိမ်တစ်လုံး။

'ဗျို့.... ဦးရွှေဗျိုင်း အသစ်ရောက်တဲ့ ဆရာပါလာတယ်ဗျို့'

ရော ကိုမောင်ကြိုင် အပြောကောင်းတဲ့အိမ် တည့်တည့်ကြီး ရောက်ချေပြီကော။

အိမ်ပေါ်ရောက်တော့ ကျွန်တော့်အိပ်ရာလိပ်ချ ကျောပိုးအိတ်ချ....တောရွာထုံးစံ ရေနွေးအရင်ချည့်ခံပေါ့။ အဲ နောက်မှာတော့ ချက်ချင်း ချက်ကြပြုတ်ကြပေါ့.... ကြက်မ တစ်ကောင်လည်း ကံဆိုးပြန်ပေါ့၊ ရေနွေးသောက် ၁၅ မိနစ်လောက်ကြာတော့ ကိုကြိုင်နဲ့ သူ့ယောက်ဖ 'ဆရာ ဒီမှာနားကျန်တော့ဆရာ၊ ကျွန်တော်တို့နေရာထိဆက်သွားလိုက်ဦးမယ်၊ ဆရာ့ကို မနက် လာကြိုဖို့ ဘိုတဲမှာဝင်ပြောခဲ့မယ် '

'ဟာ....ခင်ဗျားတို့ ထမင်းစားသွားလေ'

'နေပါစေတော့ဆရာ.... သိပ်နောက်ကျနေမှာ စိုးလို့ပါ'

ဤသို့ဖြင့် ကျွန်တော်သည် ယခုမှ မြင်ဖူး တွေ့ဖူးရသည့် သူစိမ်းများအလယ် တစ်ယောက်ထီးတည်း ကျန်ခဲ့ရလေတော့၏။

နောင်မှ ထိုဒေသမှာ သွားလာနေထိုင်တော့ သိရသည်မှာ ကိုမောင်ကြိုင်တို့သည် နောက်ထပ် ၅ မိုင်ကျော်ဆက်လမ်းလျှောက်မှသာ သူတို့ နေထိုင်ရာ ဘိုကြီးစခမ်းရွာအနီးသို့ရောက်မှာဖြစ်လေပြီး၊ ကိုယ်ကနားမယ့်နေရာနားနီးတာကိုမသိ၊ သူတို့ကများစွာဆက်သွားရမည်မသိ၊ ကျွဲမြီးတိုမိသည်ကို များစွာအားနာခြင်းဖြစ်ရပါ၏၊ သစ်တောဝန်ထမ်းများ၏ ပင်ပန်းခံနိုင်မှု အဆာခံနိုင်မှု အကြောက်အလန့်မရှိသွားလာနိုင်မှုတို့ကိုလည်း တွေ့မြင်နိုင်ရပါ၏။

သူတို့ပြောတဲ့ ကျွန်တော် စခန်းချရမယ့်နေရာ ဘိုတဲက ဖောင်အိုင်ရွာကနေ ၂မိုင်ခန့်ဆက်သွားရမှာ ဖြစ်ပြီး၊ သူတို့ကထပ် ၃ မိုင်ကျော် ဆက်သွားကြရမှာပါ။ ထိုညက ၂ မိုင်လောက်လိုတော့တဲ့ ဘိုတဲကို ဆက်မခေါ်ဘဲ ယာလူကြီး ဦးရွှေဗျိုင်း အိမ်တင်ထားခဲ့ရတာကတော့ ဘာမှန်း ညာမှန်းမသိ တောတက်လာသူတစ်ယောက်စောစောစား စောစောနားစေလိုသော စေတနာထင်ပါလေရဲ့ ။ ။

ဆက်လက်ဖော်ပြပါမည် ➤





# မြေယာအရောင်းအဝယ်နဲ့ သစ်တောဥပဒေ

မောင်ချမ်းမြေ့(သစ်တော)

' မိုင်ဆွန်ခပါ ဆရာလေး.... ဝင်ခွင့်ပြုပါဦး '

လုပ်လက်စ ရုံးအလုပ်တွေရပ်ပြီး မော့ကြည့်လိုက်တော့ ရှမ်းဘောင်းဘီနဲ့အမျိုးသားတစ်ယောက်။

ဟုတ်ကဲ့....ဦးလေး.... ထိုင်ပါဦးဗျ၊ ကျွန်တော်ဘာကူညီပေးရမလဲခင်ဗျ'

ခုရက်ပိုင်း သစ်တောကြိုးဝိုင်းတွေထဲ မြေတွေရောင်းမိဝယ်မိလို့ အရေးယူခံရတာတွေ Online မှာ ဟိုးလေးတစ်ကျော်ဖြစ်နေတာတွေ့လို့ပါဆရာလေး၊ ပြီးတော့ဦးလေးလည်း မြေဝယ်ဖို့ ပိုက်ဆံစုနေတာပြည့်တော့မှာဆိုတော့ ကြိုတင်ဆင်ခြင်ဖို့နဲ့ ဗဟုသုတရအောင် ဆရာလေးဆီ လာမေးတာပါကွယ်'

'သြော် .... ဟုတ်ကဲ့ပါ ဦးလေး၊ ခုလိုကြိုတင်ပြီးလာမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ'

'ဒါနဲ့ သစ်တောကြိုးဝိုင်းဆိုတာ ဘယ်လိုမျိုးတုန်း၊ ဘယ်လိုသတ်မှတ်ထားတာတုန်းကွဲ့'

'ဟုတ်ကဲ့.... ဦးလေး သစ်တောကြိုးဝိုင်းဆိုတာ သစ်တောဥပဒေအရ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကြေညာထားတဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပိုင်နယ်မြေတွေကို ပြောတာပါခင်ဗျာ'

'ဒါဆိုရင် ဆရာလေးတို့ သစ်တောကြိုးဝိုင်းတွေရှိ/မရှိ ဘယ်လိုသိနိုင်မလဲ'

'ဟုတ်ကဲ့.... ဦးလေး သစ်တောကြိုးဝိုင်းဆိုတာ ဧရိယာအားဖြင့် (၁) ဧက၊ (၂) ဧကတင်ရှိတာ မဟုတ်ဘဲ ထောင်ချီ၊ သောင်းချီ၊ သိန်းချီရှိတာမို့လို့ ခြံစည်းရိုး အပြည့်ခတ်ထားတာမျိုးတော့ မဟုတ်ဘူးဗျ၊ ဒါကြောင့် သစ်တောကြိုးဝိုင်းတွေရှိတဲ့ဧရိယာတွေနားမှာ ကြိုးဝိုင်းဆိုင်းဘုတ်တွေ၊ အပင်တွေမှာ ကြော်ငြာပျဉ်ပြားတွေ၊ ကြိုးဝိုင်းဘုတ်တိုင်တွေအစရှိသဖြင့်စိုက်ထူပြီး အသိပေးထားတယ်ဗျ'

'သြော်... ဟိုစေတီလိုလို ငုတ်တိုင်လိုလိုနဲ့ တိုင်ကြီးတွေ စိုက်ထားတာကို ပြောတာလား ဆရာလေး'

'ဟုတ်ကဲ့ဦးလေး၊ အဲ့လိုဟာမျိုး တစ်နေရာရာ တွေ့ထားတယ်ဆိုတာနဲ့ အဲ့ပတ်ဝန်းကျင်မှာသစ်တောနယ်မြေတစ်ခုခုရှိနေပြီဆိုတာ ခန့်မှန်းလို့ရပြီ ခင်ဗျ'

'ဒါပေမဲ့ ကိုယ်က သစ်တောကြိုးဝိုင်းမှန်းမသိလို့ ရောင်းမှား ဝယ်မှားဖြစ်မိသွားရင် သစ်တောဝန်ကြီးဌာနကို နစ်နာကြေးတောင်းတာတို့ မြေနေရာအစားထိုးရဖို့အတွက် အသနားခံစာတင်ပြလို့ရမလား၊ ဒါမှမဟုတ်ကိုယ့်ကို ရောင်းတဲ့သူကို တရားစွဲရမလား ဆရာလေး'

'သစ်တောမြေဆိုတာ နဂိုကတည်းက တရားဝင်ရောင်းချပိုင်ခွင့်မရှိဘူးဗျ၊ ဒါကြောင့် ကိုယ့်ကိုရောင်းတဲ့သူဆီကနေ ကိုယ့်ငွေပြန်ရအောင် တောင်းသင့်တယ်ခင်ဗျ၊ မရရင်ရောင်းချသူကို ဥပဒေနဲ့အညီ တရားစွဲသင့်ရင်စွဲပြီး အချိန်မီပြန်တောင်းသင့်ပါတယ်ခင်ဗျ၊ ဦးလေးပြောသလို ဝန်ကြီးဌာနကို နစ်နာကြေးတောင်းဖို့နဲ့ မြေနေရာအစားထိုးရဖို့အတွက် အသနားခံစာတင်ပြီး တောင်းလို့ မရပါဘူးခင်ဗျ၊ နောက်ပြီး အသနားခံစာတင်ပြတဲ့အခါမှာ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့်ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်စဉ် ၂၄/၂၀၁၉) မှာပါတဲ့ သတ်မှတ်ချက်တွေနဲ့ ညီဖို့လိုတယ်၊ သစ်တောမြေရောင်းမှားဝယ်မှားဖြစ်တာဟာ အဲ့ဒီသတ်မှတ်ချက်တွေနဲ့ မညီညွတ်လို့ ဝန်ကြီးဌာနကို တင်ပြလို့မရပါဘူး၊ တင်ပြရင်လည်း မြေနေရာ အစားထိုး မရဘဲ တရားစွဲဆိုခံရလိမ့်မယ်ခင်ဗျ '

'အေးနော်.... ဒီမြေပြဿနာက သစ်တောဌာနကနေ ဝယ်တာမှ မဟုတ်တာ၊ ကိုယ့်ကိုရောင်းတဲ့သူနဲ့သာရှင်းရမှာပဲလေ၊ နောက်ပြီးပြန်တွေးကြည့်ရင် သစ်တောဌာနနဲ့တော့ ဘယ်ဆိုင်မလဲကွာ'

'ဟုတ်ကဲ့.... မှန်ပါတယ် ဦးလေး'

'အဲ့ဒါဆို သိသိ မသိသိ ကိုယ်ကသစ်တောကြိုးဝိုင်းကျူးကျော်မိရင် ဘယ်လိုပုဒ်မနဲ့ တရားစွဲဆိုခံရနိုင်မလဲ ဆရာလေး'

'ဟုတ်ကဲ့.... ဦးလေး၊ သစ်တောကြိုးဝိုင်းမြေထဲ ကျူးကျော်အဆောက်အဦးဆောက်မိပြီဆိုတာနဲ့ သစ်တောဥပဒေ (၂၀၁၈)၊ ပုဒ်မ (၄၀)၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)

အရ တရားစွဲဆိုအရေးယူခံရမယ် ခင်ဗျ '

'အဲ့ပုဒ်မအကြောင်းလေး ဦးလေးနားလည်အောင် အရပ်စကားနဲ့ ရှင်းပြပေးပါဦး ဆရာလေး'

'ဟုတ်ကဲ့.... ဦးလေး၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောကြိုးဝိုင်းထဲ ကျူးကျော်မိပြီဆိုတာနဲ့ အချိန်မီ ထွက်ခွာခြင်း၊ ဖျက်သိမ်းခြင်းမရှိရင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးကိုဖြစ်စေကျခံရမယ်လို့ ပြဋ္ဌာန်း ထားပါတယ်ခင်ဗျ၊ နောက်ပြီး ကြိုးဝိုင်းကျူးကျော်မိသူ တွေ သိသင့်တဲ့အရေးကြီးဆုံးအချက်တစ်ချက် ရှိသေး တယ်ဗျ'

'ဘာများတုန်း ဆရာလေးရဲ့'

'ဦးလေးတို့အနေနဲ့–

(၁) သစ်တောနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်အခြေ ချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်းများ ဆောင်ရွက်ခဲ့လျှင်

(၂) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို သစ်တော နယ်မြေအတွင်း ခွင့်ပြုချက်မဲ့ စားကျက်ချ၊ ဝင်ရောက် စေခဲ့လျှင်

(၃) ခွင့်ပြုချက်မရှိဘဲ သစ်တောနယ်မြေအတွင်းပျက်စီးစေ ရန် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း (သို့) မူလအနေအထားပျက်ယွင်းစေခဲ့သည်ဆိုရင်–

ပြစ်မှုနဲ့ပတ်သက်သည့် လူ၊ တိရစ္ဆာန်အပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း များကို စီရင်ချက်ချသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း ဖယ်ရှားစေ၍ ယင်းနယ်မြေအား ဝန်ကြီးဌာနသို့ လက် ရောက်ပေးအပ်ရန် အမိန့်ချမှတ်ရမည်ဟု သစ်တောဥပဒေ (၂၀၁၈)၊ ပုဒ်မ(၄၀)၊ပုဒ်မခွဲ(ခ)မှာပြဋ္ဌာန်းထားတယ်ခင်ဗျ'

အဲ့ဒါဆို သစ်တောမြေလက်ဦးတာပဲဖြစ်ဖြစ်၊ အ ဆောက်အဦးဆောက်တာပဲဖြစ်ဖြစ်၊ ကျူးကျော်မိရင် အ ကုန်ရှင်းထုတ်ခံရမယ်ဆိုတဲ့ သဘောပေါ့နော် ဆရာလေး'

'မှန်ပါတယ်ခင်ဗျ၊ သစ်တောကြိုးဝိုင်းကျူးကျော် မိပြီဆိုရင် အရင်လိုမဟုတ်တော့ဘူးခင်ဗျ၊ စီရင်ချက်ချတဲ့ နေ့ကစပြီး ရက်ပေါင်း (၃၀) အတွင်း ဖယ်ရှားရှင်းလင်းပြီး ဝန်ကြီးဌာနသို့ လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်ရမည် ဆိုပြီးပြဋ္ဌာန်းထားလို့ တရားသူကြီးအနေနဲ့ ဖျက်သိမ်းဖို့ အမိန့်ချကို ချရမှာပါခင်ဗျ'

'ဟာ.... အဲ့ဒါဆို ဘယ်လောက်ခိုင်မာ ခိုင်မာ ပြန်ဖျက်သိမ်းခံရမှာပေါ့ ဆရာလေး

'ဟုတ်ပါတယ်ခင်ဗျ'

'ဒါဆို သစ်တောကြိုးဝိုင်းနဲ့ နီးစပ်နိုင်တဲ့နေရာ တွေမှာ မြေဝယ်တော့မယ်ဆိုရင် မမှားရအောင်နဲ့ ကိုယ့် အသိမိတ်ဆွေတွေကိုလည်း ပြန်ပြောပြရအောင် ဆောင် ရန်၊ ရှောင်ရန် အချက်လေးတွေ အကြံပြုပါဦး ဆရာလေး'

'ဟုတ်ကဲ့ပါ ဦးလေး၊ ကြိုးဝိုင်းနဲ့ ထိစပ်နိုင်တဲ့ မြေဝယ်တော့မယ်ဆိုရင်–

နံပါတ်(၁)သစ်တောနယ်မြေတွေထဲ မပါအောင် အထူးဂရု ပြုပါ။

နံပါတ်(၂)မြေယာပိုင်ဆိုင်မှုနဲ့ ပိုင်ဆိုင်ကြောင်းအထောက် အထားတွေကို သေချာစိစစ်ပါ။

နံပါတ်(၃)စျေးချိုတိုင်းမဝယ်ပါနဲ့ ရောင်းသူပြောတဲ့စကား တင် နားမထောင်လိုက်ပါနဲ့။

နံပါတ်(၄)သစ်တောကြိုးဝိုင်းမြေဟုတ်/မဟုတ် မြေစာရင်း၊ ထွေအုပ်စတဲ့ အခြားဌာနတွေကို သွားပြီး မ မေးပါနဲ့၊ အဖြေမတိကျနိုင်ပါ။

နံပါတ်(၅)ရောင်းသူထံကနေမဝယ်ခင် မြို့နယ်သစ်တော ဦးစီးဌာနရုံးတွေကို မိမိကိုယ်တိုင်သွားပြီး ကိုယ် ဝယ်မယ့် မြေက သစ်တောမြေနဲ့ကင်းလွတ်ခြင်း ရှိ/မရှိ နှုတ်ဖြင့် (သို့မဟုတ်) စာဖြင့် မေးမြန်း စုံစမ်းဖို့ အကြံပြုပါရစေခင်ဗျ'

'အေးကွာ .... ကိုယ်လည်း တရားစွဲတာမခံရ အောင်၊ ကိုယ့်အဆောက်အဦးလည်း ဖျက်သိမ်းမခံရ အောင်၊ ကိုယ့်မိသားစုလည်း စိတ်သောကမရောက်အောင် မြေဝယ်တဲ့အခါ ပိုင်ဆိုင်မှုအထောက်အထားမခိုင်မာဘူး ထင်ရင် မြေစာရင်းရုံးတို့ ထွေအုပ်ရုံးတို့အပြင် သစ်တော ရုံးတွေကိုလည်း သွားမေးသင့်တာပေါ့နော် ဆရာလေး'

'ဟုတ်ကဲ့ ဦးလေး.... မှန်ပါတယ်ခင်ဗျ'

ခုလိုစိတ်ရှည်လက်ရှည်နဲ့ ရှင်းပြပေးတဲ့အတွက် ကျေးဇူးအထူးပါဆရာလေးရေ မိုင်ဆွန်ခယူလိုဟောခပါကွာ'

'ရပါတယ်ခင်ဗျ၊ ခုလိုရှင်းပြပေးရမှာလည်း ကျွန်တော်တို့သစ်တောဝန်ထမ်းတွေရဲ့တာဝန်မို့ အချိန် မရွေး ရုံးကို သိချင်တာရှိတာနဲ့ လာမေးနိုင်ပါတယ်ခင်ဗျ'

'ကျေးဇူးပါ ဆရာလေးရေ'

***ကြီးတဲ့အမှုများ ငယ်စေ၊ ငယ်တဲ့အမှုများ ပပျောက်ကြပါစေဗျာ***

**သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်**
**ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး**

# အစိမ်းရောင် ဘောဂဗေဒ



မောင်ကြာလှ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထိပ်တန်းဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် အစောပိုင်းကာလများကမူ ကမ္ဘာ့နိုင်ငံတိုင်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည် ကြိုးပမ်းခဲ့ကြသည်။ ယခုအချိန်ထိလည်း စီးပွားရေးကို မျက်ကွယ်ပြု၍ မရသေး။ နိုင်ငံ၏လူဦးရေ တိုးတက်လာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အချိုးညီအောင်ဖော်ဆောင်သွားရမည်မှာ မငြင်းသာသောအချက်ဖြစ်သည်။ လက်ရှိ ကမ္ဘာ့အခြေအနေကို လေ့လာလျှင်တစ်ကမ္ဘာလုံးခြုံ၍ စီးပွားရေးအားနည်းကျဆင်းမှုကို တွေ့ရသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်သည်လည်း စိုးရိမ်ဖွယ်အနေအထားကို ရောက်ရှိနေလေသည်။

သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတို့သည် လွန်စွာရင်းနှီးသော မဟာမိတ်များဖြစ်ကြသည်။ သီးခြားရပ်တည်နေနိုင်ခြင်းမရှိကြပေ။ ဆိုလိုသည်မှာ စီးပွားရေး လုပ်ငန်းဆောင်တာမှန်သမျှ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည်။ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့၏ ဆက်သွယ်ချက်ကို လေ့လာလျှင်ရှင်းလင်းလွယ်ကူ၍ သိသာထင်ရှားသော အချက်ကိုတွေ့မြင်ရမည်ဖြစ်သည်။ ယင်းအချက်မှာ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်သည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်လျှင် စီးပွားရေးလည်း ဆုတ်ယုတ်ခြင်းပင်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများတွင် ဤအချက်ကို အလွန်ထင်ရှားစွာ တွေ့မြင်ကြရသည်။ မိုးလေဝသ ကောင်းမွန်သောနှစ်များတွင် စည်သံ ပျော်သံ ပိုမိုကြားကြရသည် မဟုတ်ပါလော။

စီးပွားရေးလုပ်မည်ဆိုလျှင် အရင်းအမြစ်ကို သုံးစွဲရသည်။ လူသည်လည်း အရင်းအမြစ် ဖြစ်သည်။ အရင်းအမြစ်မှန်သမျှသည် သဘာဝပတ်ဝန်းကျင်နှင့် ဆက်နွယ်လျက်ရှိသည်။ ထို့ကြောင့် စီးပွားရေးကိစ္စမှန်သမျှ သဘာဝပတ်ဝန်းကျင်ကို အခြေခံကြရသည်။ အစောပိုင်းကာလများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် အရင်းအမြစ်ကို ပိုမိုသုံးစွဲကြသည်။ ဆိုရှယ်လစ်စနစ်ဖြစ်စေ၊ အရင်းရှင်စနစ်ဖြစ်စေ၊ မည်သည့်စီးပွားရေးစနစ်မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် သဘာဝအရင်းအမြစ်ကို များများပို၍ သုံးစွဲသည်။ သို့ဖြစ်ရာ ဥစ္စာဓနကြွယ်ဝစေရန် ကြိုးပမ်းမှု နည်းလမ်းမှန်သမျှ သဘာဝအလျောက် တည်ရှိနေသောဖြစ်စဉ်အပေါ် ကျိန်စာတိုက်သကဲ့သို့ ထိခိုက်နစ်နာစေမှာဖြစ်သည်။ ဤသို့ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းဆောင်တာတို့သည် ပဋိပက္ခအသွင်ဆောင်လာကြသည်ကို တွေ့ရသည်။

ဘာသာရပ်ဆိုင်ရာ ဝေါဟာရဖြင့်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ဂေဟဗေဒ ဘာသာရပ်နှင့်သက်ဆိုင်ပြီး စီးပွားရေးသည် ဘောဂဗေဒနှင့်နွယ်သည်ဟု ဆိုရမည်။ ယနေ့အခြေအနေအရ ဂေဟဗေဒနှင့် ဘောဂဗေဒတို့သည် တူညီသော အတွေးအခေါ်အယူအဆကို မျှဝေလက်ခံရမည့်အစား ဘာသာရပ်တစ်ခုနှင့် တစ်ခုရည်ရွယ်ချက်ချင်းဆန့်ကျင်နေကြကြောင်း အပြင်ပန်းအားဖြင့် လေ့လာတွေ့ရှိရပေသည်။အမှန်စင်စစ် ဂေဟဗေဒဆိုသည်မှာ ကျွန်ုပ်တို့နေထိုင်ရာ အိမ်ကို ကိုယ်စားပြုသည်။ သိပ္ပံအလိုအားဖြင့် အပင်နှင့်သတ္တဝါများ၊ ယင်းတို့နှင့် ပတ်ဝန်းကျင်ဆက်စပ်မှုကို လေ့လာသောပညာဖြစ်သည်။ ဘောဂဗေဒဆိုသည်မှာ အဆိုပါ ကျွန်ုပ်တို့နေထိုင်ရာအိမ်ကို စီမံခန့်ခွဲခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ဘာသာရပ်နှစ်ခု စလုံးသည် ကျွန်ုပ်တို့နေထိုင်ရာ အိမ်ကြီးသဖွယ်ဖြစ်သော ကမ္ဘာကြီး သာယာဖွံ့ဖြိုးတိုးတက်စည်ပင်ရေးကို ရည်ရွယ်ကြိုးပမ်းနေကြခြင်းပင် မဟုတ်ပါလော။

လက်တွေ့တွင်မူ ဂေဟဗေဒနှင့်ဘောဂဗေဒတို့သည် အချင်းချင်း အပြန်အလှန်ပြစ်တင်ဝေဖန်လျက် ရှိကြသည်။ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လိုသော ဂေဟဗေဒပညာရှင်များက စီးပွားရေးလုပ်ငန်းများ၏ လုပ်သားများနှင့် သဘာဝတရားတို့အပေါ်အသာစီးယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးရသည်ဟု ဝေ

ဖန်ကြသည်။ စီးပွားရေးလုပ်ငန်းများကလည်း ဂေဟဗေဒပညာရှင်တို့၏ လူသားနှင့်သဘာဝတရားအပေါ် တွေးခေါ်ယူဆပုံများနှင့် ခြုံငုံသုံးသပ်မှုဆိုင်ရာအခြေခံသဘောတရားများသည် ဆွဲဆောင်မှုရှိသည်။ နှစ်လိုဖွယ်ကောင်းသည်။ သို့သော် လက်တွေ့မကျဟု ဝေဖန်စောကြောကြပြန်သည်။ ဤသို့ဖြင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြ၊ နှီးနှောဖလှယ်ကြရာတွင် တိကျသော အဖြေတစ်စုံတစ်ရာကို မရနိုင်ဘဲ ပြဿနာအားလုံး လိပ်ခဲတည်းလည်းဖြစ်လျက်သာ ရှိနေတော့သည်။

ကမ္ဘာ့သမိုင်းတစ်လျှောက် ပညာရှင်တို့သည် ဂေဟဗေဒနှင့် ဘောဂဗေဒအကြား (ဝါ) သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးလုပ်ငန်းဆောင်တာတို့အကြား မျှခြေ အနေအထားကိုရရှိစေရန် အစဉ်တစိုက်ကြိုးပမ်းခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။ အပင်နှင့်သတ္တဝါတို့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖွဲ့တည်မှုစနစ်သည်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများအား နိုင်ငံတော်မှ အကာအကွယ်ပေးခြင်းနှင့် ဥပဒေနှင့်အညီ ကြပ်မတ်ကွပ်ကဲခြင်းတို့သည်လည်းကောင်း ဖော်ပြပါကြိုးပမ်းမှုများဖြစ်သည်။ အနှစ်သာရအားဖြင့်ဆိုလျှင် ဂေဟဗေဒနှင့် ဘောဂဗေဒတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်လိုက်ဖက်၍သဟဇာတဖြစ်သောပညာရပ်များပင်တည်း။ အမှန်တကယ်လိုအပ်သည်မှာ သက်ဆိုင်ရာဘာသာရပ်အလိုက်လုပ်နည်း၊ လုပ်ဟန်စံနမူနာများကို ပြောင်းလဲရေးသားဖြစ်ပေသည်။

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို ဦးတည်ဆောင်ရွက်ရာတွင် ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်များ၊ ပထဝီအချက်အလက်များနှင့် ဂေဟဗေဒဆိုင်ရာ အခြေအနေများကို အခြေခံစဉ်းစားရန်ဖြစ်သည်။**

ဂေဟဗေဒနှင့်ဘောဂဗေဒတို့ကို နှိုင်းယှဉ်လေ့လာပါက တူညီသောစရိုက်လက္ခဏာများစွာ တွေ့ရှိရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည်လည်းကောင်း၊ စီးပွားရေးသည်လည်းကောင်း ပြောင်းလဲမှုကိုခံနိုင်ရည်မရှိကြရာတွင်တူညီကြသည်။ ဤသို့ ခံနိုင်ရည်မရှိသဖြင့် တွေ့ကြုံလာသည့် အပြောင်းအလဲကို သင့်လျော်အောင် ပြုပြင်ကြရာတွင်လည်းတူညီသည်။ ဆိုလိုသည်မှာ သဘာဝပတ်ဝန်းကျင်သည်လည်းကောင်း၊ စီးပွားရေးသည်လည်းကောင်း၊ မည်သည့်အပြောင်းအလဲကိုမဆို အလိုက်သင့်၊ အလျားသင့်လိုက်၍ ပြောင်းလဲနိုင်သောသတ္တိကို ပိုင်ဆိုင်ကြသည်။ ထို့အပြင် သက်ဆိုင်ရာဘာသာရပ်အလိုက် တန်ဖိုးထားမှုများ၊ ကျွမ်းကျင်မှုများ၊ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို အချင်းချင်းအပြန်အလှန် နားလည်မှုဖြင့် ထိန်းသိမ်းကြရသည်။ ကြိမ်ဖန်များစွာ တုံ့ပြန်မှုများ ရှိလင့်ကစား သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေးအခြေအနေများအကြား မည်သည့်အခါမျှ အချိုးညီသော ဆက်သွယ်ချက်မျိုး မရှိချေ။ ဆိုလိုသည်မှာ အပြောင်းအလဲတစ်ခုကို တုံ့ပြန်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တုံ့ပြန်မှုနှင့် စီးပွားရေးဆိုင်ရာ တုံ့ပြန်မှုတို့မတူညီကြသဖြင့် ယင်းတို့အချင်းချင်း တုံ့ပြန်မှုသည်လည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်၊ တစ်နည်းအားဖြင့်ဆိုသော် ယင်းတို့အကြား ဆက်သွယ်မှုကို လေ့လာသုံးသပ်ရုံဖြင့် ယနေ့ကမ္ဘာတွင် ရင်ဆိုင်နေရသော ပြဿနာများအား ဖြေရှင်းနိုင်မည့်အကောင်းဆုံး နည်းလမ်းကို ရှာဖွေတွေ့ရှိနိုင်မည်မဟုတ်ချေ။

သေချာသောအချက်တစ်ချက်မှာ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ရာတွင် ယင်းနိုင်ငံ၏ လူသားအရင်းအမြစ်များ၊ ပထဝီအချက်အလက်များနှင့် ဂေဟဗေဒဆိုင်ရာ အခြေအနေများကို အခြေခံစဉ်းစားရန်ဖြစ်သည်။ ဖော်ပြပါ အခြေခံအကြောင်းတရားတို့၏ ကန့်သတ်ချက်ထက်ကျော်လွန်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များ ချမှတ်ထားရှိရန် ဘယ်သောအခါမျှ မဖြစ်နိုင်ပေ။ အကယ်၍ ဤသို့မျှော်မှန်းချက် ချမှတ်ထားရှိခဲ့ပါမူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ခြင်းမရှိရုံမျှသာမက ဂေဟဗေဒဆိုင်ရာယုတ်လျော့ကျဆင်းမှုတည်း ဟူသော တန်ပြန်ဆိုးကျိုးများပင် ပေါ်ပေါက်လာမည်ဖြစ်သည်။

ဤသို့ဖြင့် သဘာဝအရင်းအမြစ်မှန်သမျှ အကန့်အသတ်ဖြင့်သာ တည်ရှိသည်ဟူသော အတွေးအခေါ် အယူအဆသည် တစ်စထက်တစ်စ ပိုမိုထင်ရှားလာလေပြီ။ ဤယူဆချက်သည် ဂေဟဗေဒ အလိုအရသော်လည်းကောင်း၊ ဘောဂဗေဒ အလိုအရသော်လည်းကောင်း၊ ရှေးမဆွကပင် လက်ခံကျင့်သုံးခဲ့သည့် အခြေခံယူဆချက်ဖြစ်သည်။ ထို့ကြောင့် ယခုအခါတွင် ဖွံ့ဖြိုးတိုးတက်မှု သဘောတရားသည် သဘာဝအရင်းအမြစ်နှင့် ဂေဟစနစ်တို့အပေါ်များစွာ မှီခိုခြင်းမရှိတော့ဘဲ လွတ်လပ်စွာရပ်တည်နေလာပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် သဘာဝသယံဇာတလွန်စွာမကြွယ်ဝသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ တက်လှမ်း

လာနိုင်သော နိုင်ငံများရှိသကဲ့သို့ သယံဇာတ အစုအပုံပေါ် ဖင်ခုထိုင်၍ ဆင်းရဲခြင်းနွံမှ ရုန်းမထနိုင်သောနိုင်ငံများကို လည်း တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု သည် သဘာဝသယံဇာတအပေါ်သာ အဓိက မှီခိုအား ထားရန် မလိုအပ်တော့ချေ။

စက်မှုတော်လှန်ရေးမတိုင်မီက ကမ္ဘာ့နိုင်ငံများ သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လယ်ယာ စိုက်ပျိုးရေး နှင့်ကုန်သွယ်ရေးကို အလေးထားကြခဲ့သည်။ စက်မှုတော် လှန်ရေးပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် ကားကုန်ထုတ် လုပ်မှုနှင့်နည်းပညာတို့အပေါ် ပိုမိုအလေးထားဆောင်ရွက် လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှု လုပ်ငန်းဆိုသည်မှာ သဘာဝအရင်းအမြစ်ကို တန်ဖိုးတိုး မြှင့်ခြင်းဖြစ်သည်။ ဤသို့ တန်ဖိုးတိုးမြှင့်နိုင်ရန် လူသား အရင်းအမြစ်နှင့် နည်းပညာတို့က ထိရောက်စွာပံ့ပိုးကူညီ ကြသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့က ခွင့် ပြုသည့်အကန့်အသတ်အတွင်း အရင်းအမြစ်များကို ထုတ် ယူပြီး တန်ဖိုးတိုးမြှင့်နိုင်သည့်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုသည်လည်း လိုက်လျောညီထွေစွာ ဖြစ်ထွန်းလာ ကြသည်။ ဤသဘောတရားကို ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဖြစ် စဉ်တွင် လေ့လာတွေ့ရှိလေသည်။

သို့ဖြစ်ရာ ဥပမာအားဖြင့် မြေသယံဇာတ၊ ရေ သယံဇာနှင့် လူသားအရင်းအမြစ်တို့ကို အသုံးပြု၍ စိုက်ပျိုး ရေးထွက်ကုန်သီးနှံများထုတ်လုပ်ခြင်း၊ အဆိုပါကောက်ပဲ သီးနှံများအား ပြည်တွင်း ပြည်ပဈေးကွက်များတွင် ကုန် သွယ်မှုပြုခြင်းတို့သည် ၂၁ ရာစုတွင် ခေတ်မမီတော့ပေ။ ထို့အတူ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်တောအစရှိသည့် ကဏ္ဍများအားလုံးတွင်လည်း သဘာဝသယံဇာတများကို ထုတ်ယူခြင်း၊ ထုတ်ယူရရှိသောသဘာဝထွက်ကုန်များကို ကုန်သွယ်မှုပြုခြင်းတို့သည် စက်မှုတော်လှန်ရေးမတိုင်မီက လုပ်နည်းလုပ်ဟန်များသာ ဖြစ်သည်။ အဆိုပါ လုပ်နည်း လုပ်ဟန်များအတိုင်း ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် အရင်းအမြစ်များ ပိုမိုသုံးစွဲရမည်ဖြစ်သည်။ စိုက်ပျိုးမြေများကို တိုးချဲ့ခြင်း၊ သစ်များ ပိုမိုထုတ်ယူခြင်း၊ ရေထွက်ပစ္စည်းများ ပိုမိုထုတ်ယူခြင်း စသည်တို့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မည်မှာ အသေအချာဖြစ် သည်။ အမှန်စင်စစ် ၂၁ ရာစုအတွင်းပြုပြင်ပြောင်းလဲရ မည့် လုပ်နည်းလုပ်ဟန်မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေ၍ ခေတ်မီနည်းပညာများသုံးကာ သဘာဝ အရင်း အမြစ်များကို တန်ဖိုးတိုးမြှင့်စေခြင်းပင်ဖြစ်သည်။

စင်စစ် ဤသဘောတရားသည် ဂေဟဗေဒနှင့် ဘောဂဗေဒတို့၏ ဟန်ချက်ညီသော မျှခြေ အနေအထား



ကို ဖန်တီးဖော်ဆောင်ခြင်းပင်ဖြစ်သည်။ ဂေဟဗေဒနှင့် ဘောဂဗေဒတို့သည် အပြန်အလှန်ထိန်းကျောင်း၍ အကျိုး တူပူးပေါင်းရပ်တည်ကြရမည် ဖြစ်သည်။ သဘာဝပတ် ဝန်းကျင်တိုးတက်ကောင်းမွန်စေသောကိစ္စများသည် စီး ပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသကဲ့ သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျှင် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးကို အလေးပေးဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့မျှမကဆိုပါလျှင် သဘာဝပတ်ဝန်းကျင် ကို ထိခိုက်ပျက်ယွင်းစေမည့် စီးပွားရေးလုပ်ငန်းဆောင်တာ များကို အထူးအလေးထားသုံးသပ်၍ ကြပ်မတ်သွားရန် အရေးကြီးသည်။

ဤအချက်သည် ကမ္ဘာလုံးဆိုင်ရာ ပြုပြင်ပြောင်း လဲမှုဖြစ်သည်။ ဤဖြစ်ပေါ်ပြောင်းလဲမှုသည် စက်မှုတော် လှန်ရေးကဲ့သို့ပင် လူ့သမိုင်းတွင် အရေးပါသော တော်လှန် ရေးတစ်ရပ်ဖြစ်သည်။ မည်သည့်တော်လှန်ရေးမဆို နိုင်သူ ရှိသလို ရှုံးသူလည်းရှိစမြဲ ဖြစ်သည်။ ထို့အတူ တော်လှန်ရေး မှန်သမျှ ဆူပူအုံကြွမှုရှိစမြဲ ဖြစ်သည်။ အချို့က တုန်လှုပ် ချောက်ချားဖွယ်ရာ ပြဿနာအစုအဝေးအဖြစ် ရှုမြင် ကြ မည်။ အချို့ကမူ ကြွယ်ဝချမ်းသာစေမည့် အခွင့်အလမ်း တစ်ပုံတစ်ပင်ကြီးအဖြစ် သုံးသပ်ကြမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းကာကွယ်ရေးကို ဦးတည်သော စီးပွားရေး သို့မဟုတ် အစိမ်းရောင် ဘောဂဗေဒသည် ကမ္ဘာ့လူသားတစ်ရပ်လုံး၏ အကျိုးစီးပွားကိုဖော်ဆောင်ရန် တတိယထောင်စုနှစ်အ တွင်း နိုင်ငံတိုင်း ဆင်နွှဲရမည့် တော်လှန်ရေးတစ်ရပ် ဖြစ် ပေသည်။

**ဆရာ မောင်ကြာလှ၏ 'ဘဝမှတ်တမ်းဝင် စားပွဲပေါ်မှ စာစုများ'**
**စာအုပ်မှ**
**စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။**

နောက်ကျောဖုံးမှအဆက်

# သော်ကကြီးပင် (သော်ကပင်)



ဗြိတိသျှတို့သည် ခရစ်သက္ကရာဇ် ၁၈၂၆ ခုနှစ်တွင် ရန္တပိုစာချုပ်အရ ရခိုင်ပြည်နယ်နှင့် ယခင် တနင်္သာရီနယ်မြေတစ်ခုလုံးကို သိမ်းပိုက်ပြီးနောက် ၁၈၂၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံကာလကတ္တားမြို့ရှိ အရှေ့အိန္ဒိယကုမ္ပဏီ၏ ရုက္ခဗေဒဥယျာဉ်မှူးဖြစ်သူ အင်္ဂလိပ်လူမျိုး ရုက္ခဗေဒပညာရှင် ( Dr.Wallich ) ဒေါက်တာ ဝေါလစ်ကို ရုက္ခဗေဒ၊ စစ်မက်ရေးရာ၊ ကုန်သွယ်ရေးတို့နှင့် ပတ်သက်၍ ပြီးပြည့်စုံသည့် အစီရင်ခံစာတင်သွင်းရန် မော်လမြိုင်မြို့သို့ စေလွှတ်ခဲ့ပါသည်။

ဒေါက်တာဝေါလစ်သည် မော်လမြိုင်မြို့မှ သံလွင်မြစ်ကို ဆန်တက်ပြီး စုံစမ်းစစ်ဆေးခဲ့ပါသည်။ သံလွင်မြစ်ခရီးစဉ်တွင် သံလွင်မြစ်ကမ်းနံဘေး၌ပေါက်နေသည့်အလွန်လှပသောသစ်ပင်တစ်ပင်ကို တွေ့ရှိရသည်။ ၎င်းအပင်သည် ပန်းများ ဝေဝေဆာဆာပွင့်နေသောအပင်ဖြစ်ပြီး ထိုအပင်ကို ရုက္ခဗေဒအမည် *Amherstia nobilis* Wall. ဟု အမည်မှည့်ထားခဲ့လေသည်။

ဒေါက်တာ ဝေါလစ်သည် တနင်္သာရီတိုင်းကို အုပ်ချုပ်သည့် အိန္ဒိယဘုရင်ခံချုပ်ဖြစ်သော အမ်းမတ်မြို့စားကြီး Earl of Amherst ၏ဇနီး Lady Sarah Amherst ကိုဂုဏ်ပြုသောအားဖြင့် ၎င်းပန်းကို သိပ္ပံအမည်ပေးရာတွင် *Amherstia nobilis* Wall. ဟူ၍ အမည်ပေးခဲ့ခြင်းဖြစ်သည်။

သော်ကမျိုးရင်းဖြစ်သော Fabaceae မျိုးရင်းတွင် မြန်မာနိုင်ငံ၌ သော်ကပင်ဟုခေါ်သော အပင်သုံးမျိုးကို တွေ့ရှိရသည်။

၎င်းတို့မှာ ---

(၁) မြန်မာသော်ကပင် သို့မဟုတ် သော်ကကြီးပင် Orchid tree, *Amherstia nobilis*.

(၂) သော်က ကလေးပင် သို့မဟုတ် ကုလားသော်ကပင် Asoka tree, *Saraca indica*.

(၃) တောင်အမေရိက သော်ကပင် Rose of Venezuela , *Brownea grandiceps* တို့ ဖြစ်ကြသည်။

**ပေါက်ရောက်ခြင်း**

သော်ကကြီးပင်ခေါ် မြန်မာသော်ကပင်သည် ပူနွေးစိုများပြီး စွတ်စိုသည့် ရာသီဥတုကို ကြိုက်နှစ်သက်သည်။ တောင်ကုန်းထက်မြေပြန့်များ၌ ပိုမို၍ဖြစ်ထွန်းသည်။

ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၆၀၀ အထိ ပေါက်ရောက်နိုင်သည်။ ပင်လယ်ကမ်းခြေနှင့် နီးကပ်လွန်းသည့်နေရာဒေသမျိုး၌ ကောင်းစွာမဖြစ်ထွန်းကြပေ။ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် သော်ကကြီးပင်များ၏ မူလပေါက်ရောက်ရာအရပ်ဒေသများ ဖြစ်ကြသည်။ အထူးသဖြင့် ကရင်ပြည်နယ် ယွန်းစလင်း မြစ်ဝှမ်းဒေသ၌ သဘာဝအလျောက် အလေ့ကျပေါများစွာ ပေါက်ရောက်ကြသည့်သော်ကကြီးပင်သည် ရေစီးရေလာကောင်း၍ ရေမဝပ်သည့်အပေါ်ယံမြေဆီလွှာထုနက်ပြီး မြေဩဇာကောင်းမွန်ထက်သန်သည့်မြေမျိုးကို ကြိုက်နှစ်သက်သည်။

၁၈၆၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံမှ မျိုးယူ၍ သီရိလင်္ကာနိုင်ငံ၌စိုက်ပျိုးခဲ့ရာ ကောင်းစွာပေါက်ရောက် အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရှိရသည်။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း၌လည်း သော်ကကြီးပင်ကို စမ်းသပ်စိုက်ပျိုးကြည့်ရာ ကောင်းစွာအောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရသည်။ သော်ကကြီးပင်သည် ပေါက်ရောက်မှုအလွန်နှေးကွေးသည့် အပင်မျိုးလည်းဖြစ်သည်။

**အရွယ်ပမာဏနှင့် ထင်ရှားသည့် လက္ခဏာများ**

သော်ကကြီးပင်သည် အလတ်စား အပင်ကြီးမျိုးဖြစ်သည်။ အရွယ်ရောက်သည့် အပင်ကြီးများသည် အမြင့်ပေ ၅၀ မှ ၆၀ အထိ မြင့်မားစွာ ပေါက်ရောက်ကြသည်။ အမြဲစိမ်းလန်းသည့် အပင်မျိုးဖြစ်ပြီး ဝန်းဝိုင်းသော ရွက်အုပ်ရှိသည့် အပင်မျိုးဖြစ်သည်။

အကိုင်းအခက်များမှာ သေးသွယ်ကြသည်။ အရွက်ဝိုင်း၏ အဖျားချွန်သော အစိမ်းရင့်ရောင်ရှိသည့် ရှည်လျားလျားရှိသော အရွက်ဖားဖားများသည် ၄က်မွေးပုံ ရွက်ပေါင်းများ ဖြစ်ကြသည်။ ရွက်မြွှာများသည် ၆ စုံမှ ၇ စုံအထိ မျက်နှာချင်းဆိုင် ထွက်ကြသည်။ ကြေးနီရောင် သို့မဟုတ် မရမ်းရောင် သို့မဟုတ် အညိုနုရောင် ရှိသော

အရွက်နုများသည်တွဲလောင်းကျ၍ထွက်နေပုံသည် သော်က ကြီးပင်၏ ထူးခြားလှပချက်တစ်ရပ်ပင် ဖြစ်လေသည်။

သော်ကကြီးပန်းခိုင်များသည် တစ်ပေမှ တစ်ပေ ခွဲခန့်အထိရှည်၍ တွဲလောင်းကျလျက် ပွင့်ကြသည်။ မြန်မာ နိုင်ငံ၌ မိုးရာသီအချိန်မှလွဲ၍ တစ်နှစ်ပတ်လုံး အပွင့် ပွင့် သည်။ သီရိလင်္ကာနိုင်ငံ၌မူ နိုဝင်ဘာလမှ ဧပြီလအထိ အပွင့်များ ပွင့်ကြသည်။ စိမ်းလန်းဝေဆာနေသည့် အကိုင်း အခက်များကို နောက်ခံလျက် ဟသ်ာပြဒါးရောင်နှင့် အ ဝါရောင်ရောနေသည့်ပန်းခိုင်များသည် ပန်းဆိုင် ပန်းခြင်း များဆွဲထားသည့်နှယ် တွဲလောင်းကျလျက် ရွက်အုပ်များ၏ ကြိုကြား ကြိုကြားနေရာများမှ ပေါ်ထွက် ဖူးပွင့်နေပုံသည် ရှုမငြီးဖွယ်ရာဖြစ်သည်။

သော်ကကြီးပန်းပွင့်များမှာလည်း သစ်ခွပန်းနှင့် တူသည့်အတွက် Orchid tree ဟု လည်း ခေါ်ဆိုခြင်း ဖြစ်သည်။ အပွင့်များမှာလည်းအရွယ်အစားကြီးသည်။ သော်ကကြီးပင်သည် အသီးတောင့်များသီး၍ အသီးတောင့် များသည် ခြောက်လက်မမှ ရှစ်လက်မအထိ ရှည်သည်။ ပြက်မှာ နှစ်လက်မနီးပါးခန့် ရှိသည်။ အသီးတောင့်အတွင်း ၌ ခပ်ပြားပြားအစေ့ တစ်စေ့မှ သုံးစေ့အထိ ပါရှိတတ် သည်။

ထိုအစေ့များကို မိုးရာသီတွင် ပလတ်စတစ်အိတ် များဖြင့် ပျိုးထောင်ကြသော်လည်း များသောအားဖြင့် အစေ့များသည် မျိုးမအောင်သည်က များလေသည်။ အစေ့များမှ အပင်ပျိုးထောင်ရန် အလွန်ခက်ခဲပါသည်။ မျိုးရလိုလျှင် မြေပြင်နှင့်နီးကပ်သောအကိုင်းကို မြေ၌ မြှုပ်၍ ပျိုးရသော မြေဖိပျိုးနည်းစနစ် Layering စနစ်ကို အသုံး ပြုခြင်းသည် ပို၍ စိတ်ချရသည်။ ထိုစနစ်ဖြင့် နွေရာသီ၌ ပျိုးထားလျှင် မိုးရာသီတွင် အကိုင်းဖြတ် စိုက်ပျိုးနိုင်သည်။

သော်က ကလေးပင် သို့မဟုတ် ကုလားသော်က ပင်ဟုခေါ်သော သော်ကပင်တစ်မျိုးလည်း ရှိသေးသည်။ ဟိန္ဒူဘာသာဝင်များ အမြတ်တနိုးတန်ဖိုးထား၍ ၎င်း အပင်ကို အာသောကပင် ဟုလည်း ခေါ်ကြသည်။ အထက် တွင်ဖော်ပြခဲ့သော သော်ကကြီးပင်နှင့် မျိုးရင်းခြင်း တူကြ သော်လည်း အပင်မှာ သော်ကကြီးပင်လောက် မမြင့်ပေ။

သော်ကကလေးပင်သည် Saraca မျိုးစုဝင် ဖြစ် ပြီး ရုက္ခဗေဒအမည်အားဖြင့် *Saraca indica* ဟုခေါ် ကြသည်။ ၎င်းအပင်၏ မူလပေါက်ရောက်ရာဒေသများမှာ အိန္ဒိယနိုင်ငံ တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့ ဖြစ်ကြ သည်။ အရွက်ထွက်ပုံနှင့် အရွက်ပုံသဏ္ဌာန်သည် သော်က ကြီးပင်နှင့် ဆင်ဆင်တူကြသည်။ သို့သော် တွဲလျား ကျနေ သည့် အကိုင်းအခက်အနုများမှ ပြွတ်သိပ်ထူထပ်စွာ ထွက် သောအရွက်နုများ၏အရောင်သည် သော်ကကြီးပင် ရွက်နု အရောင်နှင့်မတူဘဲ ဖြူမွဲမွဲအရောင်ဖြစ်သည်။

ဘေးဘက်သို့ ပြန့်ကား၍ ထွက်နေသော အကိုင်း များ၊အခက်များမှ အနံ့မွှေး အညှာမဲ့ပန်းများသည် Ixora ပန်းခိုင်ကဲ့သို့ အဆုပ်လိုက် အခဲလိုက် ထွက်ပြီး ဖူးပွင့်ကြ သည်။ ပန်းများသည် ဖူးပွင့်စတွင် အဝါရောင် ထို့နောက် လိမ္မော်ရောင် ထိုမှ အနီရောင်သို့ ပြောင်းလဲသွားကြသည်။ အသီးတောင့် အနည်းငယ်သီး၍ ထိုအသီးတောင့်မှ အစေ့ များကို ပျိုးခြင်းဖြင့် မျိုးပွားနိုင်သည်။ ထို သော်ကမျိုးသည် စွတ်စိုသောဒေသ၊ မိုးပါးသောဒေသ နှစ်မျိုးလုံး၌ စိုက်ပျိုး နိုင်သော်လည်း လောင်းရိပ်ကျသောနေရာမျိုး၊ အထူးသ ဖြင့် ရေနားနီးသည့်နေရာမျိုး၌သာလျှင် ကောင်းစွာဖြစ် ထွန်းသည်။

မြန်မာနိုင်ငံတွင် စွတ်စိုသောဒေသများ၌ ခြံဝင်း များ၊ ဘုန်းကြီးကျောင်းဝင်းများတွင် အလှစိုက်ပျိုးလေ့ ရှိကြသည်။ ရန်ကုန်မြို့တွင် အလှအပစိုက်ပျိုးထားသော တောင်အမေရိက သော်ကတစ်မျိုးကိုလည်း တွေ့ရှိရသေး သည်။ အရွယ်ရောက်သည့် ၎င်းသော်ကပင်များသည် အမြင့်ပေ ၃၀ မှ ၄၀ အထိ မြင့်ပါသည်။ ရုက္ခဗေဒ အ မည်အားဖြင့် *Brownea grandicep* ဟုခေါ်ပြီး သော်က မျိုးရင်းတွင်ပါဝင်သည်။ ၎င်းအပင်များ မူလပေါက်ရောက် သည့် ဒေသမှာ Venezuela နိုင်ငံ ဖြစ်ပြီး ၁၈၇၀ ပြည့် နှစ်လောက်တွင် သီရိလင်္ကာနိုင်ငံသို့ မျိုးယူပြီး စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းသည်။

၎င်းမှ တစ်ဆင့် မျိုးယူပြီး ရန်ကုန်မြို့တွင် အလှ စိုက်ပျိုးကြခြင်းဖြစ်သည်။ အပွင့်ပွင့်သည့်အချိန်တွင် အလွန် လှပသောအပင်မျိုးဖြစ်ပြီး အကိုင်းဖျားများ ထိပ်တွင် အဆုပ်လိုက် အဆုပ်လိုက် ဖူးပွင့်ကြသည်။ အရွက်ထွက် ပုံမှာလည်း သော်ကအပင်နှင့် အလွန်တူပါသည်။ အရွက် များမှာလည်း ၄က်မွေးပုံရွက်ပေါင်းဖြစ်သည်။ အပွင့်များ မှာ တောင်ဇလပ်ပွင့်များနှင့်တူပြီး အရောင်မှာ တောက်ပ သောကြက်သွေးရောင်ဖြစ်သည်။ သော်ကကြီးပင်နှင့် ကုလားသော်က နှစ်မျိုးစလုံးကို ဆေးဖက်ဝင်အပင်အနေ ဖြင့် အသုံးပြုကြသည်။ သို့ရာတွင် အာသောကပင်ဟု ခေါ်သော ကုလားသော်ကပင်ကို ဆေးဖော်စပ်ရာ၌ အများ ဆုံးသုံးကြသည်။

*********

# SOME MISCELLANEOUS NOTES OF MYINT SWE



**Myint Swe (1975)**

## The Favourite Tree of University Student

Generations of university students have a favourite tree. It is a big tree growing at the heart of the campus of the University of Yangon. Its botanical name is Tetrameles nudiflora whereas its local name is Thitpok. The Genus name is Tetrameles which is derived from the ancient Greek. In terms of Greek language, Tetra means four and meles means part. The whole word Tetrameles refers to the flower having four sepals. The Species name is nudiflora that is derived from the Latin language. According to the Latin language, nudiflora means bare flowers or naked flowers. The naked flowers are those flowers which have no petals at all.

Since Thitpok tree standing in the campus of Yangon University is over 100 years old, Yangon Heritage Trust gave its 32nd blue plaque marking to it. As an old student of Rangoon Arts and Science University (RASU) I am highly and proudly honoured for this tree.

According to botanists and forestry scholars, this tree is medium or large in size. It can be up to 45 metres tall and 200 centimetres in diameter at breast height with buttresses up to 5 metres tall. Its bark is silvery grey and smooth. Most of the trees usually do gas exchange through the stomata of their leaves. The stomata (singular stoma) are tiny openings or pores found in the epidermis of leaves and young stems that help in gas exchange.

In accordance with the book on "Trees, Shrubs, Herbs and Principal Climbers" written by H. G. Hundley and U Chit Ko Ko, the local name of Tetrameles nudiflora is Baing-Thitpok. It is mentioned on page 142 of that book for your kind information. H. G. Hundley was a retired Conservator of Forests and U Chit Ko Ko was a retired Herbarium Curator. This is my sincere information sharing to widen your knowledge.





*To be Continue*



# အမှတ်တရ တွေထဲက အမှတ်တရ

## ကိုနေဖြိုးဦး (မြောင်)

Y2K ဟုတင်စားပြောဆိုကြသည့် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် သစ်တောဦးစီးဌာနရုံးချုပ်၊ ရန်ကုန် စီမံကိန်းနှင့်စာရင်းအင်းဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ရသည်။

၂၀၀၀ ပြည့်နှစ်အကုန်တွင် ကွန်ပျူတာ ဆော့ ဝဲလ်များ၏ ကုဒ်နံပါတ် "00" မှသည် နောက်ထပ် ကုဒ် အသစ်ကူးပြောင်းရန် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသဖြင့် ဘာတွေဖြစ်မည် ကြိုတင်ခန့်မှန်းမရနိုင်ဘဲ အသည်း တဖိုဖို ရင်တမမ စောင့်ကြည့်နေကြချိန်တွင် ကျွန်တော့် ဝန်ထမ်း ဘဝကတော့ ကုဒ်နံပါတ်တစ်ခုမှ နောက်တစ်ခုသို့ အမှတ် မထင်ကူးပြောင်းသွားပါသည်။

အလုပ်မဝင်မီ နှစ်လလောက် ရန်ကုန်မှာ နေခဲ့ဖူး တော့ ရန်ကုန်သည် စိမ်းလှသည်ရယ်တော့မဟုတ်... သို့ သော် ရန်ကုန်သည် ကျွန်တော့်အတွက်စိမ်းနေတုန်းသာ....

ကျွန်တော်နှင့်အတူ မြင်းမူသား ဦးမျိုးမြင့် (ကွယ် လွန်)လည်း စီမံကိန်းသို့ ပြောင်းရွှေ့ရသဖြင့် တောသား နှစ်ယောက် ရန်ကုန်ရောက်ခဲ့ကြသည်။

ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် မလျှောက်လျှင် ပြောင်းရန်မလိုဟု ထင်မှတ်မှားကာ ရောက်ရာနေရာမှာ ကျောက်ချနေခဲ့ရာက ပြောင်းရွှေ့မိန့် Surprise ရရှိတော့ မှပျာပျာသလဲ ပြောင်းရွှေ့လာခဲ့ကြသည့် ငအနှစ်ကောင်။

နောက်တစ်ယောက် ရှိပါသေးသည်။ မုံရွာသား ဦးမြဝင်းကောင်း (ယခု–သာယာဝတီ ခရိုင်မှူး)သူက စီမံ ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်။

သို့သော် သူနှင့်ဦးမောင်မောင်သက်တို့နှစ်ဦးအ ပြန်အလှန်သဘောတူလက်မှတ်ရေးထိုးကာ တင်ပြလိုက် ရာ ဦးမြဝင်းကောင်းသည် ကနီမြို့နယ်သို့လည်းကောင်း၊ ဦးမောင်မောင်သက်သည် စီမံခန့်ခွဲရေးဌာနသို့လည်းကောင်း ပြောင်းရွှေ့ရသည်။

ကျွန်တော်က စစ်ကိုင်းခရိုင် တောအုပ်ကြီးဘဝမှ ရုံးချုပ်သို့ ပြောင်းရွှေ့ရသည်။

ဇနီးသည် က ဒုတိယသမီး မွေးပြီးစ ရက်သား သာရှိသေးသည်မို့ မိသားစုပြောင်းရွှေ့လိုက်ပါရန် အခက်အ ခဲရှိသဖြင့် ဝန်ထမ်းအိမ်တွင် သုံးလခန့် မိသားစုဆက်လက် နေထိုင်ခွင့်တင်ပြသော်လည်း တစ်လအတွင်း ပြောင်းရွှေ့ ပေးရန် ညွှန်ကြားခဲ့သည်။

ဝန်ထမ်းဟူသည် ညွှန်ကြားချက်ကို လိုက်နာရ မည်သာ ။

++++++

စီမံကိန်း ညွှန်ကြားရေးမှူးသည် ဦးကြည်မောင်

ဖြစ်သည်။ အလွန် စည်းကမ်းကြီးသည်။

လုပ်ထုံးလုပ်နည်း လေးစားသည်။

အလုပ်ကို အထူးဦးစားပေးသည်။

တာဝန်နှင့်လူမှုရေး တစ်ကန့်စီ ထားတတ်သည်။

ဘယ်လောက်အထိ စည်းကမ်းကြီးသည်ဆိုလျှင် ကျွန်တော့်အဖေ နာရေးဖြစ်၍ ရှောင်တခင်ခွင့်တင်ကာ အဖေ့ရုပ်ကလပ်ရှိရာသို့ ပြန်လာခဲ့သည်။

ရှောင်တခင်ခွင့်ဟူသည် ခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ရရှိမှသာ အမြဲနေရပ်က ထွက်ခွာခွင့်ရှိသည်။

ယခု သူ့ ခွင့်ပြုချက်မရသေးဘဲ အမြဲနေရပ်က ထွက်ခွာသွားသည်ဆိုကာ ကျွန်တော့်အား ဌာနတွင်း သတိပေးစာထုတ်၍ သတိပေးခံရသည်။ ပြီးတော့မှ နာရေးအတွက် ကူညီထောက်ပံ့ငွေပေးသည်။ ရှားပါး စီနီယာကြီး တစ်ယောက်အဖြစ် အမှတ်ရမိသည်။

ရုံးချုပ်ရောက်တော့ နယ်မှာ လတ်လျားလတ်လျားနေခဲ့သည့် ကျွန်တော်တို့အဖို့ ပထမဦးဆုံးကြုံရသည့် အခက်အခဲမှာ အချိန်မှန် ရုံးတက်ရုံးဆင်းရခြင်း....

ဒုတိယ ကြုံတွေ့ရသည်မှာ တစ်နေကုန် ရုံးစားပွဲတွင်ထိုင်၍ တကုပ်ကုပ် ရုံးအလုပ်လုပ်ရခြင်း ....

လုပ်ဖော်ကိုင်ဖက် အစ်ကိုများမှာ ဦးရဲထွဋ် (ကွယ်လွန်)၊ ဦးဘိုနီ(ငြိမ်း)၊ ဦးဖုန်းလွင်(ငြိမ်း)၊ ဦးဝင်းနိုင် (တနင်္သာရီ)၊ ဦးဝင်းနိုင်(ငြိမ်း)၊ ဦးခင်မောင်ညွန့် (ကွယ်လွန်) တို့ဖြစ်ကြပြီး ရုံးအုပ်ကြီးက ဒေါ်မေရီ ဖြစ်သည်။

ထိုခေတ်က ကွန်ပျူတာကျွမ်းကျင်သူရှားပါးသည်။ အစ်ကို ဦးခင်မောင်ညွန့်က ကွန်ပျူတာကျွမ်းကျင်သည်။ အနှစ်(၃၀) အမျိုးသားသစ်တောကဏ္ဍပင်မ စီမံကိန်းတွင် ဖော်ပြထားသည့် Data များသည် ဦးခင်မောင်ညွန့် စုစည်းပြုစုခဲ့ခြင်းဖြစ်သည်။ အားနေလျှင် ရယ်စရာမောစရာ အစုံပြောတတ်သဖြင့် ညီအစ်ကိုတွေ တသောသောနေကြသည်။ အစ်ကို့ကို အမှတ်ရမိသည်။

ပွင့်လင်းရာသီရောက်လျှင် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ရသည်။ ထိုအခါ ဦးမောင်မောင်ဖော်(ငြိမ်း)နှင့်အတူ လိုက်ပါရသည်။ လုပ်ငန်းအတွေ့အကြုံများ စိတ်ဝင်စားဖွယ် ကြားသိရတတ်ပြီး စကားပြောလည်းကြွယ်သူဖြစ်သည်။

ဒု-ညွှန်မှူးများမှာ ဦးအော်စတင်ညွန့်(ကွယ်လွန်) ဦးသိန်းဝင်း(၇၄)၊ ဦးမြင့်ဆွေ(၇၅) တို့ ဖြစ်ကြသည်။

GIS Section တွင် အစ်ကို ဦးမောင်မောင်သန်း ရှိပြီး စိတ်ဝင်စားဖွယ် မြေပုံပညာများ ဆည်းပူးခွင့်ရသလို ကမ္ဘာ့ဖလား ဘောလုံးပွဲများကြည့်ချင်လျှင် အစ်ကို ဦးမောင်မောင်သန်းအခန်း သွားကြည့်ရသည်။ အစောကြီး ခေတ်မီခဲ့သော အစ်ကိုဖြစ်သည်။

NFI တွင် အစ်ကို ဦးညွန့်မောင် ရှိသည်။ မြေပုံကားချပ်များအလိုရှိလျှင် အစ်ကို ဦးညွန့်မောင်ကို သွားဖားရသည်။

အစ်ကိုအားလုံးသည် ညီအစ်ကို လုပ်ဖော်ကိုင်ဖက်စိတ်ရှိကြပြီးတစ်ဦးစီက တစ်မျိုးစီ အတုယူစရာများ ရရှိခဲ့ပါသည်၊

မြေပုံနှင့်ပတ်သက်လျှင် မေ့ထားလို့မရသည့်သူ တစ်ဦးရှိပါသည်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းဆောင်ရွက်မည်ဆိုလျှင် ဦးတိုးသည် မရှိမဖြစ် အရေးပါသည်။ မြေပုံဆွဲစာရေး ရာထူးထင်ပါသည်။

ထိုခေတ် ထိုအချိန်က ခေတ်မီနည်းပညာများတွင် ကျယ်စွာ အသုံးမချနိုင်သေးသဖြင့် မြေပုံကို လက်ရေးမှုဖြင့် ရေးဆွဲရသည်။ ဆီစိမ်စက္ကူကဲ့သို့ စက္ကူမျိုးဖြင့် တစ်ပုံချင်းထပ်ပြီး ဆွဲသည်။ မြေပုံမိတ္တူ ၂၅ စုံ ရေးဆွဲပေးပို့ရသည့်ကိစ္စသည် လွယ်လှသည် မဟုတ်ပေ။

ဦးတိုးသည် အလွန်စိတ်ရှည်သည်။ သူ့အလုပ် မပြီးမချင်း ထိုင်ရာကမထလုပ်သည်။ စီးကရက် အလွန်ကြိုက်သည်။ ကိုယ့်အလုပ်မပြီးမချင်း ဦးတိုးအနားထိုင်ကာ စီးကရက် တစ်လိပ်ပြီးတစ်လိပ် မီးညှိပေးကာ ထိုင်ရာမထ ကူညီပေးခြင်းဖြင့် အလုပ်ပြီးမြောက်စေသည်။

အတိုင်းအတာတစ်ခုပြီးမှသာ လက်ဖက်ရည်ဆိုင်ကိုသွားကြသည်။

ဝင်းထဲက ကိုခင်မောင်ဝင်း(ရေစက်မောင်း)ရဲ့ လက်ဖက်ရည်သည် အခုခေတ် ရွှေပလွင် က လက်ဖက်ရည်ထက်သာမည်ထင်၏။

ပုံများကို ချုံ့စရာ ချဲ့စရာ ဘာစက်ကိရိယာမှမရှိ ပေတံနှင့်တိုင်းကာ ချုံ့ရချဲ့ရသည်။

ဧရိယာ ဘယ်လိုတိုင်းမှာလဲ မြေပုံပေါ် အပ်ချည်ကြိုးလေးချပြီး မြေပုံနယ်နိမိတ်အတိုင်းပတ်ကာ တိုင်း၍ စကေးကိုက်တွက်ချက်ကာ ဧရိယာတိုင်းတာခြင်းဖြင့် ထိုစဉ် ထိုအချိန်က အကောင်းဆုံး အနီးစပ်ဆုံးကိန်းဂဏန်းများ တွက်ချက်ဖော်ထုတ်နိုင်ခဲ့ပါသည်။

အဆိုပါ ပညာရပ်များကို အနီးကပ် သင်ကြားပေးခဲ့သူမှာ ဦးတိုး ဖြစ်ပါသည်။ ရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ကွန်ပျူတာဖြင့်တွက်ချက်ပြုစုသူမှာ အစ်ကို ဦးခင်မောင်ညွန့်ဖြစ်သည်။

ကွန်ပျူတာကျွမ်းကျင်သူများအဖြစ် မချို(ယခု –

IR ဌာနစိတ်)၊ သိမ့်သိမ့်(နေ့စား)၊ နန္ဒာ(နေ့စား)တို့ ရှိပြီး ကွန်ပျူတာစီထားသည့် စာတစ်စောင်ထွက်ရှိရေးအတွက် ကွန်ပျူတာစာရေးမများသည် အလွန်အရေးပါလှသည်။

မှတ်မှတ်ရရ စာကြမ်းကို တစ်ဖက်ချော (တစ်ဖက်သုံးပြီး) စက္ကူဖြင့်ရေးရသည်။ ခဲတံဖြင့် ရေးရသည်။ ညွှန်/မှူးက ဘောပင်ဖြင့် ပြင်စရာရှိတာပြင်ပြီး တစ်ဖက်ချောဖြင့် စာစီတင်ပြရသည်။ ညွှန်/မှူးဖတ်ရှုပြီး စိတ်ကြိုက်ဖြစ်မှ အချောရိုက်ရသည်။ နှစ်ဖက်ချောစက္ကူဖြင့် စာကြမ်းရေးတင်ပြမိလျှင်ဖြင့် မျက်ရည်တောက်တောက် ကျချင်လောက်အောင် အပြောခံရသည်။

++++++++

Inventory သွားတုန်းက အဖြစ်တစ်ခုကို ဒီနေ့အထိ အမှတ်ရနေမိသည်။။။

တောအုပ် (၁)ဦး ခေါင်းဆောင်သည့် စာရင်းကောက် အဖွဲ့များခွဲ ကျဘမ်း နမူနာကွက်များ မြေပုံတွင် သတ်မှတ်ကာ တစ်ဖွဲ့စီ ခွဲဝေ တာဝန်ပေး၍ စေလွှတ်လိုက်သည်။ တောအုပ်ကြီး၊ ဦး/ရှိ တို့ကတစ်ဖွဲ့ချင်းနောက်က လိုက်လံစစ်ဆေးရသည်။

သံတွဲမြို့နယ်၌ စာရင်းကောက်စဉ် ပထမဆုံး အကွက်တစ်ကွက်စစ်ဆေးပြီး ညနေပိုင်းတွင် သံတွဲချောင်းဖျားရှိအကွက်ကို ကူးခဲ့သည်။ မောင်းပြန် ကုန်းတက် ဆိုတာရောက်တော့ ဘာကြောင့် မောင်းပြန်ခေါ်သည်မသိ.. စပြီးတက်သည်မှ ကုန်းထိပ်ရောက်သည်အထိ အဆင်းလုံးဝမရှိ၊ မြေပြန့် လုံးဝ မရှိ၊ တောက်လျှောက် အတက်မို့ မောင်းပြန်အတက် လို့ ခေါ်ပါသည်တဲ့။

အတူပါလာသည့် တောအုပ်ငြိမ်းထွန်း (ယခု–ဝိုင်းမော် ဦးစီး) နှင့် ဆရာတပည့်နှစ်ယောက် နားလိုက်တက်လိုက် အကြိမ်ကြိမ်ပြုလုပ်ကာ သွားလိုသည့် စခန်းရောက်မှ ရောက်ပါဦးမလားလို့ အားခဲတက်ခဲ့ရသည်။

ညနေမိုးချုပ်တွင် သံတွဲချောင်းဖျားစခန်းသို့ ရောက်သည်။ ချွေးသံရွှဲရွှဲနှင့်မို့ ခဏတဖြုတ်နားပြီးမှ ရေချိုးမည်စိတ်ကူးကာ ရေနွေးကြမ်းနှင့် အသားခြောက်ဖုတ်မြည်းရင်း အမောဖြေ၊ ခဏနေတော့ ရေချိုးမည်ပြင်ကာမှ အေးလိုက်တာ အရိုးကွဲမတတ်။ ရေမချိုးဘဲလည်း မနေနိုင်တော့ အဝတ်အစားတွေမချွတ်ဘဲ ချောင်းထဲဆင်းစိမ်ကာ ရေချိုးခြင်းကိစ္စ ပြီးမြောက်လိုက်ရသည်။

ရေချိုးပြီးတော့လည်း ချမ်းလွန်းလို့ မီးဖိုဘေးမီးလှုံ ရေချိုးပြီး ဝါးမီးကင်ပါက ဖျားတတ်သည်ဆိုတာ ဘာဟုတ်သေးလို့လဲ.... တစ်ညလုံး ဝါးမီးဖိုဘေးအိပ်ခဲ့တာ ဘာမှ မဖြစ်ပေါင်ဗျာ။

နောက်တစ်နေ့ မနက် အကွက်စစ်။

နေ့လယ်စာစားပြီး နောက်တစ်ကွက်ကူးဖို့ပြင်။

မြေပုံမှာ တွေ့ရတဲ့ ရွာတစ်ရွာတွင် ညအိပ်ရန် မှတ်သားပြီး၊ သံတွဲချောင်းကို ဆင်းလိုက်တက်လိုက် စုန်ဆင်းခဲ့သည်။

ညနေ ၅ နာရီလောက်မှာ မြေပုံထဲက ရွာတည်နေရာကို ရောက်ပါပြီ။ သို့သော် ရွာက မရှိတော့။ တောဆင်ရိုင်းရန်ကြောင့် အခြားတစ်နေရာ ရွှေ့သွားပါသည်တဲ့ ....ဘယ့်နှယ့်လုပ်ရပါ့။

အတူပါလာသည့် ဒေသခံလမ်းပြက နောက် တစ်နာရီခန့်ဆက်၍ စုန်ဆင်းလျှင် သူ့ယောက်ဖ ယာတဲရှိသည်။ အဲ့ဒီအထိ အရောက်သွားပြီး အိပ်မှဖြစ်မည်။ ဤနေရာသည် တောဆင်ရိုင်းအန္တရာယ်ရှိသည်ဆို၍ ညနေနေဝင်ရီတွင် ချောင်းအတိုင်း ဆက်လက် စုန်ဆင်းခဲ့ကြရာ ည ၇ နာရီခန့်တွင်မှ ယာတဲကို ရောက်သည်။

တဲရှင် လင်မယားက အလွန်ဖော်ရွေကြသည်။ ဧည့်သည်ပါလာသည်ကြောင့် ဟင်းစားသွားရှာမည်ဟု ဆိုကာ ညမှောင်မှောင်တွင် ချောင်းထဲ ဆင်းသွားကြသည်။

ပါလာသည့် အဝတ်အစားများလဲကာ ရေနွေးကြမ်းဖြင့် အအေးဒဏ်ကာကွယ်နေခိုက် မီးဖိုပေါ်က ရှူးရှူးရှဲရှဲသံများ ကြားပြီး မကြာမီ ဆရာတို့ ထမင်းစားလို့ရပါပြီဆိုတော့ ခေါင်းမဖော်နိုင်အောင် စားကြပါလေသည်။

ဟင်း က တစ်ခွက်တည်းပါ။

ကျွန်တော်တို့ရောက်မှ ချောင်းထဲဆင်းနှိုက်ခဲ့သည့် ငါးဟင်း၊ ဆီ က ပါသည် မည်ကာမတ္တ။

တကယ်တော့ ငါး ရေလည်ဆီလည်ဟင်းလို့သာ ဆိုရလိမ့်မည်။ သို့သော် အဆိုပါ ငါးဟင်းသည် စားဖူးသမျှ ဟင်းလျာများတွင် အကောင်းဆုံး၊အရသာအရှိဆုံး ဟင်းလျာတစ်ခွက်အဖြစ် ဒီနေ့အထိ မမေ့နိုင်အောင် အမှတ်ရနေမိသည်။

စာရင်းကောက်အဖွဲ့များ စုရပ်အဖြစ် အခြေပြုသည်မှာ ငပလီကမ်းခြေရှိ လင်းသာသစ်တောမိုလ်တဲတွင်ဖြစ်သည်။

ရောက်ကာစက အလွန်ပျော်သည်။ ပင်လယ်ရေချိုး အုန်းရည်သောက်၊ ပင်လယ်စာစားဖြင့် အပန်းဖြေမဝနိုင်အောင်ပင် ရက်အနည်းငယ်ကြာလာတော့ ပင်လယ်လှိုင်းပုတ်သံ တဝုန်းဝုန်းသည် ဆူညံလာသည်။

ပင်လယ်စာလည်း မစားချင်တော့၊ အုန်းရည်လည်း မသောက်ချင်တော့ ၊ ပင်လယ်လှိုင်းပုတ်သံကြားက ညများကို မုန်းတီးလာသည်။

ညနေရီတွင် ပင်လယ်ကြမ်းပြင်အောက် ငုပ်လျိုးသွားသည့် နေလုံးကြီးကို မမြင်ချင်တော့၊ သဲသောင်ပြင် လမ်းလျှောက်ရသည့်မနက်ခင်းများကိုလည်း မခံမင်တော့ .. ဆန္ဒတစ်ခုသာဖြစ်မိသည်။ Home Sick ခေါ် အိမ်လွမ်းနာ၏။

++++++++

ထိုခေတ် ထိုအခြေအနေတွင် ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများစွာ ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်ခဲ့ကြသည်။ မလွှဲမရှောင်သာပယ်ဖျက်ခဲ့ရသည်များလည်း ရှိသည်။

အတတ်နိုင်ဆုံး မပယ်ဖျက်ရအောင် သစ်တောမြေဧရိယာလျော့ပါးမသွားအောင် ကြိုးစား ထိန်းသိမ်းခဲ့ကြသည်။ အမည်လွှဲပြောင်းကာ ကာကွယ်ထိန်းသိမ်း ရသည်လည်း ရှိ၏။

'သာသနာတော် အစောင့်ရှောက်ခံကြိုးဝိုင်း' 'လူမှုဝန်ထမ်းကယ်ဆယ်ရေးအစောင့်ရှောက်ခံကြိုးဝိုင်း' 'တပ်မတော်အစောင့်ရှောက်ခံကြိုးဝိုင်း' စသဖြင့်သစ်တောမြေကို ရနိုင်သမျှ ကျားကုတ်ကျားခဲ ထိန်းသိမ်းကြသည်။

အဲ့ဒီတုန်းက မြေအသုံးချကိစ္စ စိုက်ခင်း (ဌာန၊ ပုဂ္ဂလိက)၊ သစ်ထုတ်လုပ်မှု (AAC)၊ ကောင်းကင်မြေတိုင်းသယံဇာတစာရင်းကောက်၊ CF စသည့်လုပ်ငန်းအစုံသည် စီမံကိန်းဌာနခွဲလုပ်ရသည့်အလုပ်များဖြစ်သည်။

ပေါ်ပင်ကိစ္စရပ်များဖြစ်သည့် တန်းဆီပင်စိုက်ပျိုးခြင်း၊ ဆီသပြေစိုက်ပျိုးခြင်း၊ သစ်ဆိမ့်ပင် စိုက်ပျိုးခြင်းများကိုလည်း ကြီးကြပ်ဆောင်ရွက်ရသည်။

ကုမ္ပဏီများ၏ လျှုဒါန်းငွေဖြင့် တည်ထောင်သည့် အထူးကျွန်းစိုက်ခင်းများကိုလည်း ကြီးကြပ်ဆောင်ရွက်ရသည်။ ခေါင်းစဉ် စုံသည်။ အလုပ်စုံလုပ်ရသည်။ အတွေ့အကြုံများစွာရသည်။ ပင်ပန်းသည်။သို့သော် ပျော်ပါသည်။

၂၀၀၂ ခုနှစ်တွင် ကမ္ဘာကြီး လုံးသည်ဆိုသည့် အဆိုကိုချွင်းချက်မရှိ လက်ခံလိုက်ရသည်။ စစ်ကိုင်းမြို့နယ် ဦးစီးဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် အမိန့်ရသည်။

ဧယျာရွှေမြေသို့ တစ်ကျော့ပြန် ရောက်ရပြန်ဦးမည်။ ။

## မြန်မာ့ရွေးချယ်ခြင်း နည်းစနစ်၏ အနှစ်သာရ

(၁) နှစ်စဉ်တောထွက်ကို ထာဝစဉ်ညီစနစ်ဖြင့် ထုတ်လုပ်ခြင်း၊

(၂) သစ်တောများ၏ အနာဂတ်တောထွက်ကို ခန့်မှန်းတွက်ချက်ခြင်း၊ သစ်တော၏ အပင်ပေါက်ရောက်မှု၊ ပါဝင်မှုတို့နှင့်ပတ်သက်၍ ကိန်းဂဏန်းများ ရရှိခြင်း။

(၃) နွယ်ဖြတ်ညောင်ပတ်လှဲခြင်း၊ အုပ်မိုးကာဆိုင်းခုတ်လှဲခြင်း၊ တန်ဖိုးရှိပင်ပျိုများအတွက် အလင်းဖွင့်ပေးခြင်း၊ ဝါးသုဉ်းဧရိယာတွင် ကျွန်းစေ့ကြဲခြင်း စသည့် ပြုစုပျိုးထောင်မှုနည်းစနစ်များ ပြုလုပ်သဖြင့် သစ်တောအခြေအနေကောင်းမွန်စေခြင်း။

(၄) ကြိုးဝိုင်းနယ်နိမိတ်၊အကွက်နယ်နိမိတ်များကို ပြင်ဆင်ပေးသဖြင့် သိသာထင်ရှားစေခြင်း။

(၅) အောင်လုံသောအပင်များကို အစေ့ထုတ်ပင်များအဖြစ် ရွေးချယ်ချန်လှပ်သောကြောင့် ဓမ္မတာမျိုးဆက်မှုကို ကောင်းမွန်စေခြင်း။

(၆) အောင်လုံသောအပင်များကို အစေ့ထုတ်ပင်များအဖြစ် ရွေးချယ်ချန်လှပ်သောကြောင့် ဓမ္မတာမျိုးဆက်မှုကို ကောင်းမွန်စေခြင်း။

(၇) ဒေသထောက်ပံ့ရေး အလုပ်တိုက်နယ်များတွင် ငုတ်တက်ချွန်ခုတ်လှဲခြင်းနှင့် ငုတ်ချွန် ပင်ချန်ခုတ်လှဲခြင်းများကို ဆောင်ရွက်ပေးသဖြင့် တောများ၏ ဓမ္မတာမျိုးဆက်မှုကို အားပေးကောင်းမွန်စေခြင်း။



သစ်တောမှတ်စုများ (၂၀၁၉၊ မတ်လ)

# ချောရယ် နှုတ်ဆက်ခဲ့ပါတယ် . . .

တင်စိုး



## ချောရယ်

ထွက်ပြူစ မြေပဲပင်များက စိမ်းမြနေသည်။ မြေပဲပင်ကိုအုပ်မိုးလျက် တစ်တောင်ခန့် အရွက်ဖားဖား ကျွန်းရွက်ထိပ်ဖူးလေးတွေက သံချေးရောင်ညိုမှောင်သန်းလျက်။ မြေဆီကိုစား၍ သန်မာဖို့အားယူနေခြင်းကို ကျွန်းပင်တိုင်းတွင် မြင်တွေ့ရလေသည်။

ကြည့်လိုက်တိုင်း စိုက်ခင်း မြေပြန့်ပတ်ပတ်လည်တွင် မြေပဲခင်းများနှင့်တောင်စောင်းများတွင် စူးထိုး တောင်ယာစပါးပင်များက လေအလာတွင် ယိမ်းနွဲ့ကခုန်နေကြ၏။ တောင်ယာတဲအနောက်ဖက် သစ်ငုတ်တိုမှာ ဖရုံရွက် ဖရုံညွှန့်တွေဝေဆာနေသလို ချောက်ထဲသို့ဆင်းသည့် ရေခပ်လမ်း ဘယ်ညာတွင် တောင်ယာပြောင်းပင်များ၌ အဖူးများထွက်နေသည့် မြင်ကွင်းအား ကုန်းမို့မို့ထက်ရှိ တောင်ယာတဲများနှင့် ပဏာရလှပေသည်။

လျှိုအောက်ခြေက စမ်းချောင်းလေး သွင်သွင်စီးလျက်၊ ရေအလျဉ်က ကြည်လင်လှသည်။ စမ်းချောင်းပေါ် ဖြတ်လျက်လှဲထားသည့် မအူပင်ခြောက် သစ်လုံးတံတားမှ ကျွန်တော်နှင့် စိုက်ကွက်မှူး ဖြတ်ကူးလိုက်၏။ တစ်ဖက်ကမ်း စပါးတောနှင့် ပြောင်းဖူးခင်း ဖြတ်တက်လိုက်သော အခါ ယာသမား ဦးလှဝင်း တဲတိုက်သို့ ရောက်လေသည်။ တဲတိုက်ဆိုသော်လည်း မျောတိုင်၊ ဝါးကြမ်းခင်း၊ သက်ငယ်မိုး၊ ဝါးကြမ်းပေါက် အကာအရံနှင့် ဆောက်လုပ်ထားသည့် တဲနှစ်လုံးသာ။

တဲတစ်လုံးတွင် ဦးလှဝင်းနှင့် ဇနီး၊ သမီးငယ်တို့ နေ၏။ ကျန်တဲတစ်လုံးမှာ ဦးလှဝင်း၏သား လှဆောင်နှင့် ချွေးမ၊ မြေးငယ်နို့စို့မတို့ နေကြသည်။ ဦးလှဝင်းတို့ မိသားတစ်စုမှာ သစ်တောကျွန်းစိုက်ခင်းတွင် တောင်ယာခုတ်၊ကျွန်းခွေ၊ ပန္နက်ရိုက်၊ အပင်စိုက်သည်မှ ပေါင်းရှင်းခါးဆွ၊ မြေသြဇာကျွေး တစ်နှစ်ပတ်လုံး စိုက်ခင်းပြုစုရင်း စပါး၊ ပြောင်း၊ ပဲ၊ တောင်ယာသီးနှံမှအစ စိုက်ပျိုးပြီး ကြက်၊ ဝက် မွေးမြူခြင်းဖြင့် ဝမ်းစာပြည့်တင်းနေသော ယာသမားစင်စစ်များဖြစ်ကြသည်။ တစ်ရာသီပြီးလျှင် နောက်စိုက်ခင်းသစ်သို့ ကူးပြောင်း၍ သစ်တောစိုက်ခင်းသည်သာသူတို့၏ ထောက်တည်မှီခိုရာပင်တည်း။

'ဆရာ'

တဲကြမ်းခင်း ထိုင်ရုံရှိသေး ဝါးဆင့်များက ညွတ်ကြသွားသည်။ ခြေနှစ်ဖက်ကိုတွဲလွဲချ၍ ရေစိုရွှံ့ပေလာသော ဂျန်းဂဲလ်ဘွတ်အား ခါနေစဉ်တွင်ပင် ဦးလှဝင်းက အလိုက်သိစွာ မီးဖိုခွင်ပေါ် အမြဲမပြတ်တည်ထားသော အကြမ်းအိုးနှင့် မြေရေနွေးပန်းကန် နှစ်ခု ချပေးလေ၏။ ကျွန်တော်မှ အကြမ်းပန်းကန် နှစ်လုံးအား ရေနွေးငှဲ့ထည့်လိုက်ပြီး တစ်လုံးကို ဆရာ့ရှေ့ချပေးလိုက်လေသည်။

'ဦးလှဝင်း.... စပါးတွေကသန်လှတယ်.... ကျွန်းပင်တွေကိုအုပ်နေပြီ.... ကျွန်းပင်တွေက အားယူလာပြီလေ။ ခေါင်ဖူးတွေ ငြိနေတာ အပင်က အ တော့မှာ.... ပင်ခြေရင်းကကပ်လျက် စပါးပင်နဲ့ ပြောင်းပင်တွေ စပေါ့လုပ်ပေးဦး'

'ဟုတ်ကဲ့ပါဆရာ.... မနက်ဖြန်သဘက် ပြီးစေရပါမယ်'

ကျွန်တော်က စိုက်ခင်းတာဝန်ခံဖြစ်သဖြင့် ဦးလှဝင်းအား ဒုပေါင်းအတွက် ငွေမရှင်းပေးသေးမီ လိုက်စစ်ရင်းပြောရသည်။ ဆရာကတော့ ရေနွေးတစ်ခွက် မော့သောက်ရင်း ခေါင်းလေးတညိတ်ညိတ်နှင့် နားထောင်နေ၏။

အနေအေးသည့် စိုက်ကွက်မှူး ဖြစ်၍ စကားများများမပြော။

'ကျွန်တော် လိုက်စစ်မှာနော်'

'ဟုတ်ကဲ့ပါ ဆရာလေးရဲ့သေချာလုပ်ထားပါ့မယ်'

'ဩော် ဆရာ ....ညက တစ်လုံးမှာ..ဆေးဖြစ်ဝါး

ဖြစ် ကျွန်တော် တစ်ခွက်ပဲသောက်ရသေးတယ်။ ချလိုက်မယ်နော် ဆရာ'

အချိန်က ဆွမ်းခံပြန်ချိန်ရှိသေးသည် ဦးလှဝင်းက ငေ့ခံလာချေပြီ။

'ကိုးခွဲပဲရှိသေးတယ်... ဦးလှဝင်းကလည်း'

'စားကောင်း သောက်ကောင်းပေါ့ ဆရာရယ်'

ပြောလည်းပြော ဦးလှဝင်းက သံသေတ္တာ နောက်ကထိပ်တွင် ပြောင်းဖူးရွက်ဆို့ထားသည့် ပုလင်းစိမ်း တစ်လုံးထုတ်လာ၏။ တဲတိုင်ဘေးနား ရေအိုးထဲမှ သောက်ရေကို ဒန်ဖလားတစ်ခုတွင်ထည့်၍ ကော်သောက်ရေခွက် ချပေးရင်း 'ဟဲ့...အေးမိ ပဲခြမ်းတစ်ပန်းကန် မြန်မြန်သုတ်ဦး ဆရာတို့ မြည်းရအောင်' ပြောလည်းပြော အကြမ်းပန်းကန် နှစ်လုံး တဲနောက် ရေစင်တွင်သွားဆေး၍ ချလိုက်ပြီး ပုလင်းထဲမှ အရက်လက်တစ်လုံးခန့် လောင်းထည့်လိုက်သည်။

'ဆရာ... စပ်ရေလေး ကောင်းတယ်'

ရှေ့သို့ ချပေးလာသော အရက်ခွက်ကို ဆရာစိုက်ကွက်မှူး ကောက်ယူ၍ နမ်းကြည့်ပြီး ပြန်ချလိုက်သည်။ ကော်ခွက်ဖြင့်သောက်ရေခပ်၍ ရေအနည်းငယ် စပ်လိုက်ပြီး တစ်ငုံလေး ကျိုက်လိုက်၏။

'ဆရာလေး'

'ကျွန်တော် မသောက်သေးပါဘူး။ မောင်ကြိုင်တို့ ...အေးသောင်တို့အကွက်တွေ လိုက်စစ်လိုက်ဦးမယ်၊ ဆရာ့ကို ဦးလှဝင်း ငေ့ခံထားလိုက်ပါ'

ပြောလည်းပြော ကျွန်တော်တဲပေါ်ကဆင်းရင်း ဘေးနားချထားသည့် ခါးချိတ်ဓားနှင့် မှတ်စု၊ ဘောပင်၊ ပိုက်ဆံအိတ်ပါသည့် စစ်သုံးဘေးလွယ်အိတ်ကို ကောက်ဆွဲပြီး–

'ဆရာ...ကျွန်တော် လိုက်စစ်လိုက်ဦးမယ်'

ခေါင်းတစ်ချက်ညိတ်ပြ၍ အသိအမှတ်ပြုလိုက်သည်ပင် အကောင်းဆုံး စကားပြောလိုက်ခြင်းပါတည်း။

---------

'သိန်းဟန်အကွက်က ပေါင်းမပြောင်ဘူးလား'

'ဝါးပေါင်းသစ်တက်က အကုန်လိုက်ပြီးသားပါ... ဒါပေမယ့် ရိုးပြတ်တွေကို စပေါ့မဝိုက်ထားဘူး'

'ဆရာ... ဒု–ပေါင်းထဲက...သိန်းဟန်လုပ်တာ အချိုးမပြေလို့ တ–ပေါင်းမှာ သူ့နာမည်ကို ကျွန်တော် ထည့်မထုတ်ဘူး'

စိုက်ကွက်မှူး ၊ ကျွန်တော်တို့က တောအုပ်ကြီးဟု ချစ်စနိုးခေါ်သော တောအုပ်ဦးဆိန်ကျိဂေါင်နှင့် ကျွန်တော် သုံးဦးသား တတိယပေါင်းရှင်းခထုတ်ပေးရာတွင် မကျေမလည်ဖြစ်၍ တိုင်မည်တောမည် ခြိမ်းခြောက်သွားသော ယာသမားသိန်းဟန်နှင့်ပတ်သက်၍ စကားပြောနေကြခြင်း ဖြစ်လေ၏။

'တိုင်ချင်... တိုင်ပါစေ ဆရာ... ကျွန်တော်မှ သူ့နာမည်နဲ့... ပေါင်းရှင်းခ မထုတ်ထားတာ'

'သူငယ်ချင်း... မင်းဟာ... မဟုတ်သေးဘူးကွ'

ထိုအချိန်က ကျွန်တော်မှာ အသက် ၂၇ နှစ်ခန့်။ မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပြီး ကျောင်းဆင်းတောခေါင်း၊ စိုက်ကွက်တာဝန်ခံအနေဖြင့် တာဝန်ယူရ၏။ ဦးဆိန်ကျိဂေါင်မှာ ကချင်လူမျိုး လုပ်သက်အများကြီး ဖြစ်နေပြီး ဝါရင့်တောအုပ်။ ကျွန်တော်က မာနထောင်ဆဲ လက်သင်မို့ ဖြောင်းဖျနေရသည်။

'တင်စိုး... မင်း သိန်းဟန်နာမည်နဲ့ FA (သစ်တောလုပ်ငန်းသုံးငွေ) ထည့်မထုတ်ဘူးထားဦး... သိန်းဟန်အကွက်ကလည်း ပေါင်းရှင်းတာ ထိုက်သင့်သလောက် ပြောင်တယ်...ငါတို့ ကျွန်းပင်ကိုမထိခိုက်ဘူးဆို'

'အိုး...သူက ဒု–ပေါင်းတုန်းကလည်း စပေါ့ ဝိုင်းခိုင်းတာ ကောင်းကောင်းမလုပ်ဘူး၊ ကျွန်တော် သတိပေးထားပြီးသား'

'အေး... ဟုတ်ပါပြီ။ သူ ကောင်းကောင်းမလုပ်ဘူးထား...တိုင်ဟယ် တောဟယ်ဆို... အစစ်ဆေးခံရမယ်၊ အလုပ်များမယ်'

ဆရာ စိုက်ကွက်မှူး၏ အတွေ့အကြုံနှင့် သုံးသပ်ချက်ကို ကျွန်တော်မငြင်းနိုင်ပေ။

'ဆရာပြောတာ အမှန်ပဲ ကိုတင်စိုး... ဒီကိစ္စမှာ ခင်ဗျား မပါတော့နဲ့ ကျွန်တော် ကြည့်လုပ်သွားမယ်'

ဆရာ စိုက်ကွက်မှူးမှ အဆုံးအဖြတ်ပေးလိုက်၏။

'ဟုတ်တယ်..ဦးဆိန်ကျိဂေါင် ကြည့်လုပ်လိုက်ပါ'

'ဆရာတို့ ကောင်းမယ် ထင်သလိုလုပ်ပါ'

မပြောမပြီး မတီးမမြည်ဆိုသလို လိုအပ်လာတော့လည်း ဆရာ စိုက်ကွက်မှူးက အကျိုးအကြောင်းနှင့် မှန်ကန်သည့်ဆုံးဖြတ်ချက်ချပေးခြင်းသည် ကျွန်တော့်ဘဝ တစ်သက်တာလုံး လုပ်ငန်းခွင်၌ အမှားမလုပ်ခင် ဆုံးဖြတ်နိုင်အောင် လမ်းပြခဲ့ပေသည်။

---------

'ဟ ... တင်စိုးရဲ့ မင်းဆရာက ကြိုက်တာ တခြား... ခိုးပြေးတော့ တစ်ယောက်ဟ'

ကျွန်တော်တို့ ပျဉ်းမနားသစ်တောနယ် ကိုင်းကြီးဝိုင်း အကွက်အမှတ်(၆)နှင့် လယ်ဝေးသစ်တောနယ်

ပလွေးကြိုးဝိုင်း အကွက်အမှတ်(၁၁)တို့သည် ကြောလမ်းတစ်ခုသာခြားပြီး စိုက်ကွက်စခန်းတစ်ခုနှင့်တစ်ခု တစ်မိုင်မရှိတရှိဖြစ်သဖြင့် ပလွေး စခန်းရောက်ချိန် အလည်သွားကြရင်း ဝိုင်းဖြစ်ကြသည်။ Forestry (၅၉) batch မှ ဆရာက ဆရာ့အကြောင်းပြောပြလာသည်။

'ဟုတ်လား ဆရာ… အစ်မကို ဆရာမကြိုက်ဘဲ ခိုးပြေးခဲ့တာပေါ့'

နှုတ်ခမ်းတွန့်၍ ပြုံးရုံသာပြုံးသည်။ ဘာမှမပြော။

'ဟုတ်တယ်ဟေ့… အဲဒါ တက္ကသိုလ်က ကျောင်းပိတ်လို့အပြန်… ချစ်စကား ကြိုက်စကားမပြောဘဲ… နင်ငါ့နောက်လိုက်မှာမို့လား ဆိုပြီး … အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ခိုးပြေးတာပဲလေ…ဟား…ဟား…'

'ဩော် … သည်လိုလား စကားမပြောတဲ့ တေမိမင်းသားက လိုရင်းပဲ ပြောတာပေါ့'

'အေးလေကွာ…မိဘတွေကလည်း သဘောတူတာကို မင်းဆရာ လုပ်ချင်ရင် ဖွတ်ချည်းပဲ ဟား… ဟား'

အရက်စွတ်လိုက် စကားပြောလိုက်နှင့် ဆရာသမားများ၏ စကားဝိုင်းက စည်လှသည်။ သောက်ရင်းစားရင်း မျက်လုံးမှေးကျလျက် စကားပြောသွက်လာသလိုလက်ဟန် ခြေဟန်တွေနှင့် ပြောလာပြီဆိုလျှင် ကျွန်တော့်ဆရာ ရေချိန်ကိုက်ပေပြီ။

'ဆရာ… သီချင်း တစ်ပုဒ်လောက်'

ကြိုးညှိထားသည့် ဂစ်တာ ဆရာ့လက်ထဲ တွန်းပို့ရင်း ပွဲတောင်းလိုက်သည်။ ဆရာ ဘယ်သီချင်းဆိုမည်နည်းကျွန်တော်သိပေသည်။ သူတို့တက္ကသိုလ်ကျောင်းသားဘဝမှာ ရေပန်းစားသည့် သီချင်း။

အဆိုတော် မင်းမင်းလတ်၏ **ချော ရယ်** သီချင်း။ ကျွန်တော်က ကျန် ဂစ်တာတစ်လက်နှင့် base လိုက်ပေးသည်။ chorus အပိုဒ်တွင် ဆရာအောင်ကလဲ အသံဝါကြီးနှင့် ဝင်ဆို၏။ rhythm တီးဆိုဆိုရင်း ဆရာမှ ဂစ်တာ body ကိုလဲခေါက်၍ စည်းလည်းလိုက်လိုက်သေးသည်။

*♫ ဟို…ဝေးဝေးက ခေါ်သံကြားမိတယ်… တိုးတိုးညင်သာ ဘယ်ကများလဲကွယ်'*

*ကိုယ်ဆွေးဆွေးရင်…ခေါ်သံများနောက်ကို တရွေ့ရွေ့နှင့်… ဘယ်ဆီမှန်း မသိတယ်… ချစ်တဲ့သူ ရှိမယ် ချောရယ် …♫*

ကျွန်တော်တို့ စိုက်ခင်းဝန်ထမ်းများ၏ ဂစ်တာဝိုင်းမှ တေးသံသည် တောင်ယာတစ်ခွင်ကို ဖြန့်ကျက်လျက် လွှမ်းမိုးသွားသည်။

'ချောရယ်' ကတော့ တောင်ယာတစ်ခွင်လုံးယာသမားတွေ နှုတ်ဖျားထိ စီးဆင်းလျက်ရှိပေတော့သည်။

***ငွေသော်တာရောင်ခြည်***

သစ်တောဝန်ထမ်းဘဝတွင် ဝန်ထမ်းငယ်အစ စိုက်ခင်းဝန်ထမ်းဘဝသည် အပျော်ဆုံးဖြစ်သည်ဆိုပါက မှားအံ့မည်မထင်။

ဆရာ့ လို အရာရာမမက်မောသော စိုက်ကွက်မှူး တစ်ယောက်နှင့် နေခဲ့ရ၍ထင်။ ကျွန်တော်တို့တွင်မက အောက်ကဝန်ထမ်းငယ်များလည်းပျော် တောင်ယာသမားလည်းပျော်၏။

ဒီဇင်ဘာလ ကျွန်တော်တို့တောင်ယာတိုင်းချိန်တွင် သစ်ကုန်စင်မထုတ်နိုင်သေး၊ ကျန်နေသဖြင့် သစ်ထုတ်စုပုံနေဆဲ။ ကျွဲဖြင့်ငုတ်ထုတ်တာဝန်ခံက ညနေအလုပ်သိမ်းချိန်တွင် မိမိရွာသို့ ကျွဲများ မောင်းနှင်သိမ်းဆည်းသွားသော်လည်း ဆွဲဆင် (၆)ကောင်ခန့်မှာ ဆင်ထိန်းကရိုးများ၊ လျှိုမြောင်များအတွင်း ထုးခတ်၍ လွှတ်ကျောင်းသဖြင့် ကျွန်တော်တို့ စခန်းဝန်းကျင် လျှို၊ မြောင်များ၌ ဆင်ခလောက်သံများ ညတိုင်းကြားနေရသည်။ ကျွန်တော်တို့မှာလည်း ထိတ်ထိတ်လန့်လန့်နေကြရ၏။ သစ်သားခလောက်နှင့်ဆင်သည်ရန်မမူပေ။ ဆင်ဆိုးဆိုလျှင် သံခလောက်ဆွဲ၏။

'ကိုသာဉာဏ် ထ ထ ထမင်းချက်တော့'

ညကြည့်ဒိုင်ခွက်က နာရီလက်တံများက လေးနာရီ ညွှန်ပြသည်နှင့် အိပ်ချင်စိတ်မပြေ၊ နံနက်စာ ထမင်းချက်ပြုတ်ရန် နှိုးရသည်။ နံနက်စာအတွက် ညဦးကပင် ပဲကတ္တီပါ ပင်တိုင်ပြုတ်ရ၏။ အနည်းငယ်ပြန်မှိန်း၍ နာရီလက်တံများ (၅)နာရီ ညွှန်ပြလျှင် ဝန်ထမ်းများနှိုးရသည်။ ချမ်းအေးလှသည်။ ဒီဇင်ဘာ နှင်းဖွဲ့ကြဲဆဲ။

'ဟေ့ကောင်တွေ ထ… ထကြတော့ ငါးနာရီထိုးပြီ… ဝင်းလှိုင်… သိန်းဝင်း…ဖော်လေး ထလေကွာ… ဟေ့ကောင်တွေ ထဆို… ငါလိုက်ကန်မိတော့မယ်'

အတင်းအကျပ်နှိုးမှ အလူးအလဲထကြ၏။

သူတို့ကိုလည်းနှိုး ကိုယ်ကိုယ်တိုင်လည်း ထ၍ အခင်းကြီး အခင်းလေးသွား၊ မျက်နှာသစ် အိပ်ရာသိမ်းပြီး၊ တောယူနီဖောင်း ကာကီဘောင်းဘီ၊ ကာကီအင်္ကျီလဲပြီး ခါးချိတ်ဓား၊ ရေဗူး၊ compass၊ ထောက်တိုင် စစ်ဆေးရသည်။ စစ်သုံးဘေးလွယ်အိတ်အတွင်း မှတ်စုစာအုပ်၊ ပေကြိုး၊ ခဲတံ၊ ဘောပင်စုံမစုံကြည့်ရ၏။ ပြီးမှ စစ်ခြေအိတ်စွပ်၊ တောစီးဖိနပ်စီးပြီး ရေဗူးတွင်ဖြည့်ရန် စစ်စိမ်း မတ်ခွက်နှင့် ဖိုခွင်ပေါ်မှ လက်ဖက်ခြောက်ခပ်ပြီးသား ရေနွေးကို အအေးခံရ၏။ ထို့နောက် မီးဖိုဘေး မီးလှုံရသည်။ လက်

များကင်ရသည်။ ကျောဘက်နွေးအောင်လည်းလုပ်ရသည်။ သို့မှသာ သွေးပူ၍ လုပ်ငန်းခွင်ဝင်ရောက်ရန် အဆင်သင့်ဖြစ်မည်။

ရောင်နီသန်းလာလျှင် ထမင်းပူပူအား သံဇလုံတွင်ထည့်၍ ပဲကတ္တီပါပြုတ် ဆီဆမ်း၊ ငပိထောင်း၊ ကြက်သွန်နီ တစ်ဥသင်၍ နံနက်စာ ရသမျှသွပ်ကြရသည်။ သစ်တောသမားအတွက် နေ့ခင်းစာမသယ်။ နှစ်နာရီခွဲ သုံးနာရီ အလုပ်သိမ်းသည်အထိ နေနိုင်ရန် အစာများများစားထားရပေသည်။

'သိန်းဝင်း...ရော့ ထောက်တိုင်ယူ... ဝင်းလှိုင်... သံကြိုးမမေ့နဲ့'

ယာတိုင်း သံကြိုးဆိုသော်လည်း အမှန်တကယ် 1 chain သံကြိုး...ကျွန်တော်တို့မသယ်နိုင်။ ဆန့်ဒဏ်ခံနိုင်မည့် နိုင်လွန်ကြိုး သုံးမူးလုံးကိုသုံးရ၏။ နေ့စဉ် အလုပ်ကပြန်လာတိုင်း ပြန်စစ် ပြန်ထုံးရ၏။ နိုင်လွန်ကြိုးသည် ရှည်ထွက်တတ်သည်။

ညနေ အလုပ်သိမ်းလျှင် စခန်းမှ ရေစမ်းရှိရာချောက်ထဲသို့ လျှော်စရာအဝတ်များယူ၍ ဆင်ချေးတုံးဆပ်ပြာနှင့် အဝတ်လျှော်ပြီး ရွှေဝါဆပ်ပြာနှင့် ကိုယ်တိုက်ရသည်။ အများနှင့်မဟုတ်လား၊ ခေါင်းလျှော်လည်း ရွှေဝါဖြစ်သဖြင့် ကျွန်တော်တို့ ဆံပင်တွေ ကြမ်းတမ်း မာကြောလှ၏။ ပြန်အတက်တွင် သောက်ရေ သုံးရေအတွက် ကြသောင်းဝါး ရေကျည်တောက် တစ်လုံးစီထမ်းတက်ရ၏။ သောက်ရေအိုးဖြည့် တဲနံရံမှီ ထားကြရသည်။

နေညိုလျှင် လေပျိုသည် ဆိုကြ၏။ အလင်းရောင်ရှိဆဲမှာပင် မြို့ကဝယ်လာသော BE အဆီကို ရေကျက်အေးနှင့်ရောစပ်၍ ပုလင်းထဲထည့်သည်။ ပဲကြီးလှော်သုတ်၊ ငါးမန်းခြောက်ဖုတ်နှင့် ဆရာတွေတစ်ဝိုင်း၊ တပည့်တွေ တစ်ဝိုင်း ဝိုင်းကြသည်။

'တင်...တောင်...တောင်...တောင်'

ဂစ်တာကြိုးညှိပြီး ဖွဖွလေး အရှိန်မရခင် ညင်ညင်သာသာရယ်။

'ဆရာ'

ဝါးနံ့မွှေးမွှေး ဝါးခွက်ဖြင့် BE နံ့က ဆွဲဆောင်မှုရှိ၏။ တစ်ကျိုက်ကျိုက်ရာမှ ဆရာခေါင်းခါသည်။ ဆရာအရှိန်မရသေး၊ Limit မပြည့်သေးသဖြင့် ကျွန်တော် ယူတီးလိုက်သည်။

♫ *တာဝတိံသာက နတ်သမီးလေး တစ်ပါး နတ်သက်ကြွေကာ... မြန်မာပြည်ကို လူဖြစ်ပြီးတော့ မွေးဖွားလာသလား... ဣန္ဒြေပိုင်ရှင် ယဉ်ကျေးမှုရဲ့ သူ့အလှတွေရယ် မြင်လျှင်မြင်ချင်းပဲ ချစ်မိလေတယ် ...* ♫

ကျွန်တော် အသံပြာနှင့် ကျုံးဆိုလိုက်၏။ ကျွန်တော်ပြီး ဖော်လေးကိုဂစ်တာပေးလိုက်သည်။ သောက်လိုက် မြည်းလိုက်ဖြင့် သူတစ်ပုဒ်၊ ကိုယ်တစ်ပုဒ် ဆိုကြ၏။ တောစခန်း ညဦးယံသည် ကျွန်တော်တို့လူသိုက်အသံနှင့် လွှမ်းမိုးနေ၏။ လဆုတ်ရက်မို့ လကမသာ ကြယ်စင်ကမဝင်း၊ နှင်းဇာပုဝါ ပါးပါးက လွှမ်းခြုံသည်။ အအေးဓာတ်စလာသော်လည်း BE အရှိန်လေးနှင့် နွေးသာထိုင်သာရှိနေသည်။

'ဆရာ...တစ်ပုဒ်လောက်'

ဆရာ ဂစ်တာကိုယူလိုက်သည်။ တို့ထိအသံစမ်းရင်း အေးအေးသာသာ ညည်းလိုက်သည်။

♫ *နှုတ်ဆက်ခဲ့ပါတယ်.. ကျွန်တော်သွားတော့မယ်. လမ်းရဲ့ သယ်ဆောင်ရာ...ဟို ...အဝေးကိုအဝေးကို* ♫

ဆရာစိတ်အစဉ်က အဝေးကိုထွက်သွားပုံရသည်။ ကျွန်တော်တို့လည်း သံစဉ်စီးမျောရင်း အိမ်သူကို သတိရသွားသည်။

ဆရာလည်း အစ်မနှင့်ကလေးတွေကို လွမ်းနေပုံရသည်။ အဆိုနှင့်အတီးကိုရပ်လိုက်သည်။

'ဆိုပါဦး...ဆရာရဲ့...'

ဘာမှပြန်မပြော ဂစ်တာပြန်ပေး၍ အရက်ခွက်ကောက်ကိုင်လိုက်သည်။

ဂစ်တာကို ဖော်လေး လက်ထဲ ပြန်ထည့်ပေး၍ အိမ်ကိုသတိရစွာ အရက်ခွက် ပြန်ကိုင်ကြသည်။

ဖော်လေးက ဂစ်တာကြိုးများကို တို့ထိနေသည်။ တိတ်ဆိတ်မှုကို သိန်းဝင်းကသည်းမခံနိုင်။

'သူငယ်ချင်း...ဆရာမ တီးကွာ'

♫ *ငွေသော်တာရောင်ခြည်... ထိန်လင်းတော့သည်. .. ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ သဒ္ဒါကပိုသည်... ဆရာမကိုပဲ အသဲစွဲအောင် ချစ်မိသည်* ♫

မြူးလာသဖြင့် နောက်တစ်ပိုဒ် ဝိုင်းဆိုကြသည်။

ထိုညက ကျွန်တော်တို့ 'ဆရာမ' နှင့် ပျော်ရွှင်စွာ ဝိုင်းသိမ်းခဲ့သည်။

'ဟော့ကောင်တွေ....ထ ထကြစမ်း'

ဆရာနိုးလိုက်သည့် အသံကြောင့် အိပ်ချင်မူးတူး မျက်လုံးအတင်း ဖွင့်ရ၏။

'ဟိုမှာ.... ဟိုမှာ....'

ငွေသော်တာလဝန်းက နှင်းခြုံလွှာကို မဖောက်နိုင်သော်လည်း နိုင်စွမ်းသလောက် အလင်းဖြန့်ကြက်လျက်။

စာမျက်နှာ (၄၂)သို့



# လွမ်းဆွတ်သတိရခြင်း(၁၃)

## ချစ်ဦး (၉၂)

သိပ်မကြာခင်ကဘဲ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့် စီမံကိန်း)က နိုင်ငံခြားခရီးစဉ်ရှိလို့ သူ့ကိုယ်စား သင်တန်းသွားပို့ချပေးပါလို့ ကျွန်တော့်ကို မှာပါတယ်။ သင်တန်းသားအဆင့်ကတော့ ရာထူးသိပ်မကြီးလှသော်လည်း သင်တန်းသားများဟာ စစ်ဆေးရတဲ့အဖွဲ့အစည်းတစ်ခုကဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝကလည်း တာဝန်ထမ်းဆောင်ရတဲ့နေရာပေါ်မူတည်ပြီး ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေမတူပါဘူး။ လွန်ခဲ့တဲ့ (၅) လခန့်ကတော့ ကျွန်တော်က တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူးဆိုတော့ Wild Animal တွေနဲ့ နှစ်ပါးသွားရတာပေါ့။ အတွေ့အကြုံကတော့အတော်လေးရပါတယ်။ ယခုတာဝန်ကျတာတော့ စစ်ဆေးရေး ညွှန်ကြားရေးမှူးဆိုတော့ သဘော သဘာဝကမတူပြန်ဘူး။ ရုံးချုပ်ညွှန်ကြားရေးမှူးဆိုတော့ တစ်နိုင်ငံလုံးရဲ့တရားမဝင်သစ်ဖမ်းဆီးရမိမှုတွေ၊ တရားစွဲတဲ့ ဥပဒေပုဒ်မတွေ သင့်တော်၏မတော်၏ ဆုံးဖြတ်ရတာတွေ၊ တရားရုံးစီရင်ချက်များအပေါ် ထိုက်တန်သည့် ပြစ်ဒဏ် ချမှတ်မှုရှိမရှိ သုံးသပ်ရတာတွေ၊ နိုင်ငံအတွင်းမှာ တရားမဝင်သစ်ခိုးလမ်းကြောင်းဖြစ်နိုင်သည့်နေရာတွေကို သုံးသပ်၍ ပြည်နယ်/တိုင်းများကို သတင်းချပြရတာတွေ၊ တိုင်ကြားစာအပေါ် ပြည်နယ်/တိုင်းများအားသတင်းချပြရခြင်း၊ ကိုယ်တိုင်သော်လည်းကောင်း အဖွဲ့များလွှတ်၍သော်လည်းကောင်း ဖမ်းဆီးခြင်းများဆောင်ရွက်ရပါတယ်။

သင်တန်းပို့ချတဲ့အတွေ့အကြုံက ကျွန်တော့်မှာ (၃)နှစ်လောက်ရှိပါတယ်။ အချိန်တိုအတွင်းမှာ သင်တန်းသားတွေကို ဘာတွေသိချင်စေလဲ၊ ဦးစွာ ပထမ စဉ်းစားရပါတယ်။ သင်တန်းသားတွေက ကျွန်တော်တို့ထက်ပင် စစ်ဆေးရေးပညာက ကျွမ်းကျင်သူတွေဆိုတော့ ကျွန်တော်တို့စစ်ဆေးချက်တွေနဲ့ သူတို့စစ်ဆေးချက်တွေ သိပ်မတူတဲ့အကြောင်းတွေ၊ သစ်တောဥပဒေတွေ၊ သစ်တောဖုံးလွှမ်းမှုတွေ၊ သစ်တောပျက်စီးမှုတွေ၊ တောအမျိုးအစားတွေ၊ သစ်တောများပြန်လည်ကောင်းမွန်ရေးအတွက် သစ်တောဦးစီးဌာနရဲ့ဆောင်ရွက်ချက်တွေကို စိတ်ဝင်စားဖွယ်ဟောပြောမယ်လို့ စီစဉ်ထားလိုက်ပါတယ်။

သင်တန်းသားတွေလည်း သင်တန်းချိန်က ထမင်းစားပြီးချိန်၊ နေ့လယ်ပိုင်းဆိုတော့ အိပ်မငိုက်အောင် ဟောပြောပို့ချဖို့လိုသလို အချိန်တိုအတွင်းမှာ သင်တန်းသားများအနေနဲ့ သိသင့်သိထိုက်တာတွေသိသွားဖို့ ပြင်ဆင်ရပါတယ်။ ဟောပြောပို့ချရာမှာလည်း သင်တန်းသားနှင့်သင်တန်းဆရာ ရင်းရင်းနှီးနှီး ရှိဖို့လည်းလိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ သစ်တောမှုစစ်ဆေးရေးဆိုတာထက် မြန်မာနိုင်ငံ၏ သစ်တောစီမံအုပ်ချုပ်မှုအကြောင်း၊ Forest Type (သစ်တောအမျိုးအစား) တွေအကြောင်း၊ ဒေသခံပြည်သူလူထုတွေရဲ့သစ်တောအပေါ် ဘယ်လိုမှီခိုနေသလဲဆိုတဲ့အကြောင်း၊ သစ်တောပြုန်းတီးမှုအကြောင်း၊၁၉၀၂ခုနှစ် သစ်တောဥပဒေ၊ ၁၉၉၂ ခုနှစ် သစ်တောဥပဒေ၊ ၂၀၁၈ ခုနှစ် သစ်တောဥပဒေအကြောင်းများကို အကျဉ်းချုပ်ဟောပြောဆွေးနွေးခဲ့ပါတယ်၊ အလားတူ သစ်တောမှုဖမ်းဆီးရာတွင် ခက်ခဲမှုများရှိမှုအပေါ် သုံးသပ်တင်ပြခြင်း၊ အများပြည်သူ ဝင်ရောက်နိုင်ခြင်းမရှိသည့် အိမ်ခြံဝန်းကဲ့သို့နေရာများတွင် အာဏာရတရားသူကြီးထံမှဝရမ်းရယူ၍ ဖမ်းဆီးရေး ဆောင်ရွက်ရာတွင် ခက်ခဲသည့်ကိစ္စများအား ဆွေးနွေးတင်ပြခြင်း၊ သစ်တောဝန်ထမ်းများမှ တရားခံများဖမ်းဆီးရာတွင် အခက်အခဲရှိသည့်ကိစ္စများအား တင်ပြဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

အလားတူ တရားခံများ ဖမ်းဆီးရာတွင် တရားခံများထွက်မပြေးအောင် ဆောင်ရွက်နေသည့်ကိစ္စသည် အခက်အခဲရှိပုံနှင့် ရဲစခန်းသို့ တရားခံရောက်ရှိပို့ဆောင်ရန် ခက်ခဲပုံများအား တင်ပြဆွေးနွေးခြင်း၊ တရားခံများအား စစ်ဆေးမေးမြန်းရာတွင် စိတ်ခံစားပိုင်းဆိုင်ရာ စစ်ဆင်ရေး မဆောင်ရွက်နိုင်သဖြင့် အမှုမှန်ပေါ်ပေါက်ရန် ခက်ခဲခြင်းကိစ္စနှင့် တရားရုံးမှတရားခံများအား ထိရောက်သောပြစ်ဒဏ်များ မချမှတ်နိုင်ခြင်းကြောင့် သစ်တောမှုများဆက်လက်ဖြစ်ပွားနေသည့် အကြောင်းများအား တင်ပြဆွေးနွေးဖြစ်ပါတယ်။

သစ်တောဦးစီးဌာနဘက်မှလည်း တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းခြင်း၊ ကင်းလှည့်

ခြင်းအပါအဝင် ရနိုင်သည့် သတင်းအရင်းအမြစ်မှန်သမျှ ရယူဖော်ထုတ်ဆောင်ရွက်ပုံ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့်သာ ဖမ်းဆီးရေး ဆောင်ရွက်နိုင်မှု မဖြစ်နိုင်သည့် ကိစ္စများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်သားများ၏ အကူအညီကို ရယူဆောင်ရွက်ခဲ့သည့်ကိစ္စများ၊ လုံခြုံရေးအတွက် မြန်မာနိုင်ငံသစ်တောရဲတပ်ဖွဲ့ဝင်များအကူအညီဖြင့် ဆောင်ရွက်ရသည့်ကိစ္စများအား တင်ပြဆွေးနွေးဖြစ်ပါတယ်။

အလားတူ သစ်တောဥပဒေပါ သစ်တောအရာရှိ စီမံခန့်ခွဲပိုင်ခွင့်ရှိသောဥပဒေ၊ ရဲအရေးပိုင်သော ဥပဒေများအကြောင်းကို case study များဖြင့် တင်ပြဆွေးနွေးခြင်း၊ သစ်တောဥပဒေ၏ အားသာချက်၊ အားနည်းချက်များအား တင်ပြဆွေးနွေးခြင်းများကို ကျွန်တော်နှင့်အတူ စစ်ဆေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွဏ်းမှ တင်ပြဆွေးနွေးခဲ့ကြပါသည်။ ဦးတင်ထွဏ်းသည် အရွယ်ငယ်သေးသော်လည်း နယ်လုပ်ငန်းအတွေ့အကြုံများခြင်း၊ လုပ်ငန်းအပေါ် စိတ်ဝင်စားမှုရှိခြင်းတို့ကြောင့် သင်တန်းသားများသည် ကျေနပ်အားရမှုရှိကြောင်း တွေ့ရှိရပါသည်။ ဘာကြောင့်လဲဆိုတော့ သင်တန်းချိန်အတွင်း အိပ်ငိုက်သည့် သင်တန်းသားများ မတွေ့ရှိရသောကြောင့် ဖြစ်ပါသည်ခင်ဗျား။

အလားတူ သစ်တောဦးစီးဌာနမှ ဆောင်ရွက်ရေးသွင်းသည့် သစ်တောမှုစစ်ဆေးချက်၊ Search Form (ရှာဖွေပုံစံ)၊သစ်တိုင်းတာတွက်ချက်ပုံများ၊ အမှုစစ်ဆေးရာတွင် သက်သေ (၂) ဦးလိုအပ်ပုံစသည့်သိသင့်သိထိုက်သည့်ကိစ္စများအား သင်တန်းသားများသို့ ဆွေးနွေးပို့ချခဲ့ပါတယ်။

သင်တန်းသားများဘက်မှလည်း ၎င်းတို့အိမ်အတွင်း သစ်ပင်များစိုက်ပျိုးပါက တရားဝင်ဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်ရမည့် မေးခွန်းများ၊ ဖမ်းဆီးသစ်များအား ပြည်တွင်းရောင်း၊ ပြည်ပ ရောင်းမည်ကဲ့သို့ ခွဲခြားသည်ကို မေးမြန်းမှုအပေါ် မြန်မာ့သစ်လုပ်ငန်းမှ ဌာနများခွဲ၍ မည်ကဲ့သို့ဆောင်ရွက်သည်ကို ဖြေကြားပေးခြင်း၊ သစ်ပင်များ၏ ဇစ်မြစ်မေးမြန်းမှုအပေါ် မြန်မာနိုင်ငံအတွင်း ပေါက်ရောက်နေသည့်တောအမျိုးအစား၊ သစ်မျိုးအုပ်စုခွဲခြားပုံများအား၊ အတွေ့အကြုံများဖြင့်လည်းကောင်း၊ စာတွေ့များဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့ပါကြောင်းနှင့် သင်တန်းချိန် (၃) နာရီအတွင်း သစ်တောဦးစီးဌာနနှင့်ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းအတွေ့အကြုံများအား ဖလှယ်ခဲ့ပါကြောင်း သင်တန်းပို့ချသည့် အတွေ့အကြုံအား မျှဝေတင်ပြအပ်ပါသည်။

*စာမျက်နှာ (၄၀) မှအဆက်*

ဆရာ ဓာတ်မီးထိုးပြသည်မှာ ဝေးဝေးမရောက်သော်လည်း တောင်ကုန်းအောက်ခြေမှ ပြေးတက်လာသော ဆင်တစ်ကောင်၏ ပုံရိပ်ကို ကျွန်တော် ပြက်ပြက်ထင်ထင်မြင်တွေ့ရသည်။

'ဟော့ကောင်တွေ.... ထ .ထ ဂိုဒေါင်ထဲက ကောင်တွေ နှိုး.... ဟိုမှာ ဆင်လာနေပြီ'

ဆင်ဆိုသည့် အသံကြား၍ အားလုံးနိုးထကုန်၏။ ညကမီးစွဲသည့်ထင်းတုံးကို မီးထည့်သူကထည့်၊ တဲတိုင်ခေါက်သူကခေါက်၊ ဆန်ဂိုဒေါင်မှာအိပ်သူကို နှိုးသူကနှိုး၊ စခန်းကုန်းတွင် ကမ္ဘာပျက်လေသည်။ ဓာတ်မီးနှင့်ပိုင်းထိုး၍ ဆင်ကတန့်သွား၏။ ဆင်ပေါက်လေးတစ်ကောင်။

မီးဖိုထဲ ဝါးစိမ်းဝါးလုံးတွေထည့်။

'ဖောင်း.... ဒိုင်း.... အုံး....' နှင့် ဝါးလုံးဖောက်သံများက ဆူညံသောအခါ....

ကျီ.... ကျီ....ကျီ

ဆင်ပေါက်လေး ကြောက်လန့်တကြား အော်ဟစ်ဆင်းပြေး၏။

'ဝူး .... ဝူး.... ဝူး.... ဝူး '

ရိုးထဲက မိခင်ဆင်မကြီး ရှေ့လက်နှစ်ဖက်တွင် ထူးခတ်ထားသဖြင့် စုံခုန် ခုန်၍ အော်လည်း အော် ပြေးတက်လာ၏။

ရိုးထဲမှ ကျန်ဆင်များကလဲ တစ်ဝူးဝူး၊

'ဝေး.... ဝေး....ဖောင်း.... ဖောင်း'

ကျွန်တော်တို့အဖွဲ့ကလည်း ညာသံပေး ခြောက်လှန့်သဖြင့် ဆင်ပေါက်နှင့်တွေ့သောအခါ မိခင်ဆင်လည်း နောက်ကြောင်း ပြန်လှည့်ပြေးလေသည်။ ရိုးထဲကဆင်တွေကလည်း အော်လည်းအော် ဝါးကိုင်းချိုး၊ သစ်ကိုင်းဆွဲသံများကြောင့် ကျွန်တော်တို့ ထိုညပြန်မအိပ်ရဲတော့။

ဆန်နှင့် ငပိစားရန်လာသော ဆင်ပေါက်လေးလည်းတော်တော်ကြောက်လန့်သွားသည့်ည။

ကျွန်တော်တို့ အားလုံးလည်းထိတ်လန့်သည့် ညသည် ငွေသော်တာလည်း မထွန်းလင်းနိုင်တော့သည်။ သစ်တောသမားရဲ့ အမှတ်တရနေ့ တစ်ခုပင်တည်း။

*ဆက်လက်ဖော်ပြပါမည်။*

***********

# သားငယ်လေးရဲ့ မွေးရပ်မြေ (အပိုင်း −၁)

ဦးရဲလွင် (၉၃)

### ရခိုင်မြောက်ပိုင်းမှ တောင်ပိုင်းသို့

ရခိုင်မြောက်ပိုင်း ဘူးသီးတောင်မြို့တွင်တာဝန် ထမ်းဆောင်နေစဉ် ရခိုင်တောင်ပိုင်း တောင်ကုတ်မြို့သို့ ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါသည်။ ရခိုင်မြောက်ပိုင်းတွင် တစ်ဦး တည်းနေထိုင်ရပြီး လုပ်ငန်းဆောင်ရွက်နေရင်းပင် ပြောင်း ရွှေ့မိန့်ထွက်လာပါသည်။ ပင်လယ်မြစ်ချောင်းပေါ်များသော အရပ်မှ ချောင်းမြောင်းများသာရှိပြီး ကုန်းတွင်းပိုင်းအနည်း ငယ်ကျသော တောင်ကုတ်မြို့သို့ပြောင်းရွှေ့ခဲ့ရပါသည်။

ထိုစဉ်က ပြည်နယ်မှူးမှာ အစ်ကိုကြီး ဦးကျော်မိုး ဖြစ်ပြီး မိသားစုနှင့်ဝေးနေသဖြင့် ပြောင်းရွှေ့ပေးခဲ့ပါသော အစ်ကိုကြီးအား အထူးကျေးဇူးတင်ရှိအပ်ပါသည်။

### တောင်ကုတ်မြို့

တောင်ကုတ်မြို့သည် ရခိုင်တောင်ပိုင်း၊ သံတွဲ ခရိုင်တွင်တည်ရှိ၍ ထိုစဉ်က မြို့ပေါ်ရပ်ကွက်(၄)ခုရှိပြီး ပြည်မနှင့်ကုန်စည်ကူးသန်းရောင်းဝယ်ရေး ကြားခံမြို့၊ ရခိုင်ပြည်နယ်၏ တံခါးဝဖြစ်ပါသည်။ တောင်ကုတ် တောင်ကြားလမ်းသည် ပန်းတောင်းမြို့မှတောင်ကုတ်မြို့ သို့ဖောက်လုပ်ထားပါသည်။ စီးပွားရေးဖွံ့ဖြိုးသော မြို့ ဖြစ် ပါသည်။ တောင်ကုတ်တောင်ကြားလမ်းသည် မိုင် ၁၀၀− ခန့်ရှိပြီး၊ ဒေသခံများ ပြောစကားအရ မိုင်−၁၀၀ အား မုဆိုးမှ လမ်းအုကြောင်းပြပေးခဲ့ပြီး တံတားတစ်စင်းမျှ ထည့်သွင်းတည်ဆောက်ရခြင်းမရှိကြောင်း မှတ်သားရပါ သည်။ တောင်ကုတ်မြို့သည် သံတွဲမြို့နှင့် မိုင်၄၀−မျှ ကွာဝေးပြီး၊ ထိုစဉ်က ကတ္တရာလမ်းဖြင့် သွားလာနိုင် ပါသည်။ နာမည်ကြီးပင်လယ်ကမ်းခြေ ငပလီနှင့် ၄၆− မိုင်ခန့်သာကွာဝေးသဖြင့် သွားလာရေးလွယ်ကူပါသည်။ မြန်မာလူမျိုးများ၊ ရခိုင်လူမျိုးများ ရောနှောနေထိုင်သော မြို့ဖြစ်ပါသည်။ ဘာသာသာသနာကိုင်းရှိုင်းပြီး ဗုဒ္ဓဘာသာ သာသနာထွန်းကားသောမြို့၊ အမျိုးဘာသာ သာသနာ အလွန်ချစ်မြတ်နိုးသောမြို့လည်းဖြစ်ပါသည်။

### ရခိုင်တောင်ပိုင်းနှင့်မြောက်ပိုင်း

ရခိုင်တောင်ပိုင်းနှင့်မြောက်ပိုင်းသည် ပထဝီဝင် အနေအထားအနည်းငယ်ကွာခြားသည့်အပြင် ဘာသာ စကားအပြောအဆို အနည်းငယ်ကွာခြားပါသည်။ ရခိုင် မြောက်ပိုင်းစကားနှင့် အခေါ်အဝေါ်များကို ရခိုင်တောင် ပိုင်းမှအကုန်မသိနိုင်ပါ၊ မိမိမှာ တောင်ပိုင်းကော မြောက်



ပိုင်းပါ တာဝန်ကျသဖြင့် လေယူ လေသိမ်းမမှန်သော်လည်း ရခိုင်စကားပြော၍ရပြီး ကွဲပြားသောစကားများကို အကုန် နီးပါးသိရှိခွင့်ရခဲ့ပါသည်။ ကံကောင်းလေစွ၊ သို့သော် တောင်ပိုင်းမြောက်ပိုင်းကွဲပြားသော်လည်း ရခိုင်လူမျိုးများ မှာ ဗုဒ္ဓဘာသာအပေါ်သက်ဝင်ယုံကြည်မှု ဘာသာတရား ကိုင်းရှိုင်းမှုမှာ အတူတူပင်ဖြစ်ကြောင်းတွေ့ရပါသည်။ အလှူအတန်းရက်ရောကြပြီး အလှူကြီးများမှာ စည်ကား စွာကျင်းပကြပါသည်။ တောင်ပိုင်းကော မြောက်ပိုင်းပါ ရခိုင်အမျိုးသမီးများမှာ ရွှေခြေကျင်းများဝတ်ဆင်၍ ရှင်ပြု အလှူလုပ်ကြကြောင်းတွေ့ခဲ့ရပါသည်။

### တောင်ကုတ်မြို့နယ်သစ်တောဦးစီးဌာန

တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာနသည် (က)အဆင့်မြို့နယ်တခုဖြစ်ပြီး သစ်တောလုပ်ငန်းများ စုံ လင်စွာရှိသောမြို့နယ်တစ်ခုဖြစ်ပါသည်။ စိုက်ခင်းလုပ်ငန်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်း၊ ဓမ္မတာမျိုးဆက် ခြင်းလုပ်ငန်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများရှိပါသည်။ ထို စဉ်က ဦးစီးအရာရှိမှာ မေမြို့ ယခု ပြင်ဦးလွင် ကျောင်း ဆင်းများနှင့်သာဆုံခဲ့ရပါသည်။

### တောင်ကုတ်မြို့တွင် စတင်တာဝန်ထမ်းဆောင်ခြင်း

တောင်ကုတ်မြို့သို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး စတင် တာဝန်ထမ်းဆောင်ပါတော့သည်။ တာဝန်စ၍ထမ်းဆောင် စဉ် တောအုပ်ကြီး ၃−ယောက်ရှိနေသဖြင့် မိမိအား ဘိနယ် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ပါသည်။ ဆားပြင် ဘိနယ်၊လမူးဘိနယ်၊ မအီဘိနယ်များ တာဝန်ခံ တောအုပ် ကြီးအဖြစ် တာဝန်ပေးအပ်ပါသည်။ သစ်တောဦးစီးဌာန ၏တာဝန်တစ်ရပ်ဖြစ်သော ဘိနယ်ထိန်းသိမ်းခြင်းတာဝန် များကို စတင်ဆောင်ရွက်ရပါသည်။ ဘိနယ်၏လုပ်ငန်း

တာဝန်များမှာ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ တရားမဝင်သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးအရေးယူခြင်း၊ ဘိနယ်အတွင်းဌာန စိုက်ခင်းများထိန်းသိမ်းခြင်း၊ အစိုးရအဆောက်အဦများ ထိန်းသိမ်းခြင်း၊ အခွန်တော် ကောက်ခံမှုများကြပ်မတ်ဆောင်ရွက်ခြင်း၊ သစ်ထုတ်ခြင်းလုပ်ငန်းများကြပ်မတ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရပါသည်။

အခွန်တော်ကောက်ခံခြင်း

အခွန်တော်ကောက်ခံခြင်းသည် ဘိနယ်တာဝန်ကျဝန်ထမ်းများ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ခုဖြစ်ပါသည်။ ရှေးယခင်က အခွန်တော်စည်းကြပ်ခြင်းအား အခွန်တော်ကင်းရုံးများမှသာ ဆောင်ရွက်ရပြီး အခွန်တော်လက်ခံကောက်ယူရမည့်သူအား သစ်တောကင်းရုံးများတွင် ကြော်ငြာထားရှိရပါသည်။ တာဝန်ပေးအပ်ထားသူမှသာ အခွန်တော်ကိုလက်ခံခွင့်ရှိပါသည်။ ယခုအခါ အခွန်ကောက်ခံခြင်းကို ဘိနယ်တာဝန်ခံအရာရှိသာကောက်ခံခွင့်ရှိပြီး အခွန်တော်ဖြတ်ပိုင်းစာအုပ်များကို အခွန်ကောက်ခံမည့်အရာရှိမှ စာဖြင့်မြို့နယ်ရုံးသို့တောင်းခံရပါသည်။ မြို့နယ်ရုံးများမှလည်း မှတ်တမ်းထား၍ ထုတ်ပေးရပါသည်။

အခွန်တော်သွင်းချိန်ရောက်တိုင်း တာဝန်ခံ အရာရှိကိုယ်တိုင် မြို့နယ်ရုံးသို့ လာရောက်၍ အပေါ်စာရေးသား၍ငွေပေးသွင်းရပါသည်။ မိမိသွင်းမည့်သစ်တောထွက်ပစ္စည်းအလိုက် အခွန်ကောက်ခံခဲ့သောသစ်တောထွက်ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ ငွေပမာဏ ဖြတ်ပိုင်းစာအုပ်အမှတ်၊ စာမျက်နှာအမှတ်တို့ကိုစနစ်တကျရေးသွင်းကြရပါသည်။ ပြီးစလွယ် ဆောင်ရွက်၍မရပါ။ အစိုးရငွေကိုင်သော အရာရှိတိုင်း ဂရုတစိုက် မဖြစ်မနေလိုက်နာဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်ဖြစ်ပါသည်။

တာဝန်ယူထိန်းသိမ်းရသောဘိနယ်များအခြေအနေ

မိမိတာဝန်ယူထိန်းသိမ်းရသော ဘိနယ်များမှာ တောင်ကုတ်မြို့မြောက်ဘက်တွင်တည်ရှိပြီး မြို့နယ်အတွင်းရှိ ချောင်းကြီး၃–ချောင်း ပါဝင်တည်ရှိနေပါသည်။ ချောင်းကြီးများမှာပင်လယ်နှင့် ဆက်စပ်တည်ရှိနေသော ချောင်းများဖြစ်ပြီး ဒီရေတက်သောအချိန် မိမိမှတ်သားမိသလောက် လဆန်းဖျား လ ဆုတ်ဖျားဟုဒေသအခေါ်အရ ပြောကြပြီး ပုံမှန်မှာ မြန်မာလဆန်းရက်များ လဆုတ်ရက်များတွင် ဒီရေတက်သောရက်များဖြစ်ပါသည်။ ပင်လယ်ဒီရေသည် လဆန်း၁၂–ရက်ခန့်မှစ၍ လဆုတ် ၃– ရက် အထိလည်းကောင်း၊ လဆုတ်၁၂–ရက်နေ့မှလဆန်း၃–ရက်နေ့အထိ ပင်လယ်ဒီရေတက်ကြောင်း တွေ့ခဲ့ရပါသည်။ ကြားရက်များတွင် ပင်လယ်ရေပြင်သည်ပုံမှန်အတိုင်းသာရှိနေပါသည်။ မိမိတာဝန်ကျ ဘိနယ်အတွင်း ဆားပြင်ချောင်း၊ လမူးချောင်း၊ မအီချောင်းတို့ပါဝင်ပါသည်။ အဆိုပါ ချောင်းများသည် ကြားရက်များတွင် ချောင်းများအတွင်း ခြေလျင်ဖြတ်သန်းသွားလာနိုင်သော်လည်း ဒီရေတက်ရက် ရောက်လာပါက စက်လှေများနှင့်သာ ဖြတ်သန်းသွားလာနိုင်ကြောင်းတွေ့ရပါသည်။ ပင်လယ်ဒီရေတက်ချိန်တွင် ပင်လယ်ကမ်းရိုးတန်းသွားလာနိုင်သော မော်တော်ကြီးများသည် ချောင်းဖျားအထိသွားလာနိုင်ပါသည်။ ထိုအချိန်၌ တရားမဝင်သစ်များသယ်ယူသွားလာနိုင်သဖြင့် အထူးဂရုပြုဆောင်ရွက်ရမည့်အချိန်ဖြစ်ပါသည်။ အဆိုပါချောင်းစပ်များတွင် အဖိုးတန် ပျဉ်းကတိုး၊ သဃ်န်း၊ ကညင်၊ စကားဝါများပေါက်ရောက်သဖြင့် သစ်ထုတ်နိုင်သောဒေသများဖြစ်ပါသည်။ မိမိတာဝန်ကျစဉ်အတွင်း သစ်မာပင်ထောင်ရိုက်မှတ်ခြင်းဆောင်ရွက်ခဲ့ရရာလုံးပတ်ပြည့်မီသော ပျဉ်းကတိုးပင်များမှာ ထုတ်လုပ်ရေးလွယ်ကူသောချောင်းနှင့်မြေပြန့်များတွင်ပင်ထောင်မရရှိဘဲ ထုတ်လုပ်ရန်ခက်ခဲသောနေရာများတွင်သာ ပင်ထောင်များရရှိခဲ့ပါသည်။ ထို့အပြင် ပျဉ်းကတိုးမျိုးဆက်ပင်များလည်း တွေ့ရှိမှုနည်းပါးပြီး တရားမဝင် ခုတ်လှဲခံရမှုများရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။ ပျဉ်းကတိုးသစ်ပေါများခဲ့သဖြင့် ထိုစဉ်က ဆားပြင်ကျေးရွာတွင် ရခိုင်တစ်ပြည်နယ်လုံး ပျဉ်းကတိုးသီးသန့်ခွဲသော မြန်မာ့သစ်လုပ်ငန်းပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနပိုင် သစ်စက်လည်ပတ်၍ မြန်မာနိုင်ငံ ပြည်တွင်းသို့ ပျဉ်းကတိုးခွဲသားများ ဖြန့်ဝေသည်ကိုသိရပါသည်။

မိမိဘိနယ်အတွင်းရှိထင်ရှားသောကျေးရွာများ

**ဆားပြင်ရွာ–** မိမိတာဝန်ယူရသောဘိနယ်အတွင်းပါဝင်ပြီး အိမ်ခြေများပြား၍ ဆားပြင်ချောင်းအနီးတွင် တည်ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးသောရွာကြီးတစ်ရွာဖြစ်ပါသည်။ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှသစ်စက်တည်ရှိပြီး သစ်စက်ဝန်ထမ်းများ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနပေါင်းစုံဝန်ထမ်းများ သစ်တောဘိနယ်ကင်းရုံးတည်ရှိပါသည်။ ဒေသခံများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါသည်။ မြန်မာတိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြပါသည်။

**လမူးရွာ**–ဘိနယ်အတွင်းပါဝင်ပြီး လမူးချောင်းဘေးတွင်တည်ရှိပါသည်။ ချောင်းဖျားများတွင် အဖိုးတန်သစ်များပေါက်ရောက်သောချောင်းဖြစ်ပါသည်။ ရွာတည်ထားမှုမှာ အလွန်စနစ်ကျပြီး ရွာ၏ အရှေ့–အနောက်–တောင်–မြောက်လမ်းများ တိုးလျှိုပေါက် တဖြောင့်တည်း တည်ရှိပါသည်။

စာမျက်နှာ ( ၄၆ ) သို့

# ဘဝရဲ့ အရသာတစ်ချို့

စိုင်းကျော်အောင်

တည်နေရာသည် ဟဲဟိုး-ဘော်ဆိုင်းလမ်း မိုင်တိုင်အမှတ် ၁၂/၆ တွင်ဖြစ်သည်။ မိမိပင်လောင်းတွင် တာဝန်ကျစဉ် အဆိုပါနေရာသို့ သစ်ပင်စိုက်ရန် တာဝန်ပေးအပ်ခြင်းခံရသည်။ မြေနေရာသည် ကြပ်တီးမြေဖြစ်သည်။ ကျောက်စရစ်ရောမြေဟူ၍လည်း ပြော၍ရသည်။

မိမိတာဝန်ယူရသည့် မြေကသည် (၁၀)ကေ မပြည့်သော်လည်း အဆိုပါနေရာတွင် စိုက်ရန် ကြိုတင်စဉ်းစားရသည်။

ပထမဦးစွာ အခြေချနေထိုင်ရေးပင်။ ရွာသူကြီးအိမ်သို့လက်ဆောင် စားစရာအချို့ဝယ်၍ အလည်သွားသည်။ ကိုမျိုးမင်းခေါ် သူကြီးသည် ဓနုလူမျိုးဖြစ်သည်။ ဖော်ရွေသည်။ သူကြီးကတော် မသန်းရွှေသည် အင်းသမဖြစ်သည်။ ဆီမပါပေမယ့် ဒေသရိုးရာ အစားအစာသည် ထမင်းမြိန်ခဲ့သည်။

စိုက်ခင်းဟုခေါ်သော်လည်း ကွက်လပ်ဖြည့်စိုက်ခြင်းဖြစ်သည်။ မြို့နယ်(၅)မြို့နယ် ဝိုင်းဝန်းစိုက်ပျိုးခြင်းဖြစ်ရာ မိမိတာဝန်ယူရမည့်စိုက်ကွက်အတွက် Order ရသည်နှင့် (၇"×၃") ဆိုဒ်ပျိုးပင်အကြီးကို ပျိုးဥယျာဉ်တာဝန်ခံဆီတောင်းယူပြီး အရင်ဦးအောင်ရယူသယ်ဆောင်သည်။ မြေနေရာရွေးချယ်မှုတွင် အခြားမြို့နယ်ကို ရွေးစေပြီးမှ ကျန်သည့်မြေနေရာကို ရယူသည်။ ကံကောင်းစွာပျိုးပင်များ ထိန်းသိမ်းရန် ရေကန်အဆင်သင့်ရှိလို့နေခဲ့သည်။ ရောက်ရှိသည့် ပျိုးပင်များ ကြံ့ခိုင်စေရန် Hardening ပြုလုပ်သည်။ ရေကို စနစ်တကျဖြန်းစေသည်။ Monitoring ကို တောခေါင်းတစ်ဦးအား တာဝန်ပေးသည်။ ထိုသူသည် ယခု တောအုပ် သင်တန်းတက်နေသည့် ညီငယ် သက်ပိုင်ဦးဖြစ်သည်။

တောအုပ်ကြီးနှင့် တောအုပ်၊ တောခေါင်း ပေါင်းသုံးဦးတာဝန်ယူခြင်းဖြစ်ရာ သက်ပိုင်ဦးသည်အားကိုးရသည်။ အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းဖြစ်သည်။ ပန္နက်ရိုက်ခြင်း၊ လုပ်သားရအောင်စည်းရုံးခြင်း သည်သူ့အပိုင်ဖြစ်သည်။ ညနေစောင်းလျှင် ကျွန်တော်မှ ငွေ(၅) ထောင်ပေးသည်။ တောအရက်(၃)လုံးသည် (၂၄၀၀) ကျပ်ဖြစ်ပြီး၊ ကျန်သည့် ငွေစအချို့အား ဘီယာနှင့်အမြည်းဝယ်စေကာ နေ့စဉ် သူကြီးနှင့်အပေါင်းပါအား တိုက်သည်။ စည်းရုံးခြင်းဟုဆိုသော်လည်း ကိုယ်မတိုက်လျှင်ပင် ရွာဓလေ့အရ အလှည့်ကျသောက်ကြရာ ညနေချိန်သောက် ဖြစ်ကြခြင်းသည် မပြောပလောက်သော်လည်း ထိုသူတို့ ပျော်ကြသည်။ ဗိုလ်ချုပ်၊ သူကြီး၊ မသန်းရွှေ၊ မော်တော်၊ ကိုနေတိုးတို့သည် မပါမဖြစ် ဝိုင်းဆရာများဖြစ်သည်။

ဘာဖြစ်ဖြစ် ထိုရွာ၌ သစ်ပင်စိုက်ခဲ့ခြင်းသည် အမှတ်ရစရာ များစွာ ရှိသည်။ တစ်ရက်လျှင်အချိုရည် နှစ်ဘူးဝယ်သည်။ ထမင်းစားပြီး အလုပ်ဆင်းချိန် နှစ်နာရီဝန်းကျင်တွင် တစ်ခါသုံးခွက်ဖြင့် နေပူပူတွင် အလုပ်လုပ်နေသည့် ရွာရှိ ညီအစ်ကိုများအား လိုက်တိုက်သည်။ ငွေပေးချေရသော်လည်း ရင်းနှီးမှုတို့သည် မိသားစုသဖွယ်ဖြစ်လာသည်။

တစ်ပိုင်းလုံးခြံခတ်သည်။ အပင်မစိုက်ခင် ကျင်းကို (၂'×၂') ပတ်လည် တစ်ပေခွဲ အနက်တူးသည်။ ကျင်းတူးစက်ဖြင့် ချက်ကျင်းတူးသည်။ တစ်ကျင်းလျှင် နွားချေး နို့ဆီတစ်ဘူး ထည့်သည်။ သဘာဝထင်းရှူးတော အောက်ခြေရှိမျက်နှာပြင်မှ (၆)လက္ခန့် Top soil တူးယူသည်။ Mycorrhiza ရောသမ၍ ကျင်းတွင်းပြန်ထည့်သည်။ First Rain တွင်စစိုက်တော့ ကြံ့ခိုင်ပြီးဖြစ်သည့် အပင်များ ဖြစ်သဖြင့် မျှော်မှန်းသလိုဖြစ်ခဲ့သည်။

မနေ့က သူကြီးဖြစ်သူဖုန်းဆက်သည်။ မကြာ မကြာဆက်သည်ဆိုရမည်။ အပင်စိုက်တာ မကြာလိုက်သော်လည်း မမြင်ရသောသံယောဇဉ်သည် ကြီးမားခဲ့သည်။ စိုက်ကွက်ဘက် ရောက်တိုင်း ကျွဲ/နွားတွေ့လျှင် ခြောက်မောင်းပေးကြောင်း၊ ဗိုလ်ချုပ်လည်း နေကောင်းကြောင်း၊ ရွာရှိ မတော်လိုက်ရသည့် အမျိုးတို့သည် အုပ်ကြီးတို့နှစ်ဦးအားသတိယကြောင်း၊ အခါအခွင့်သင့်လျှင်လာလည်ရန်နှင့် ကျွန်တော်ကြိုက်သည့် ရွာကြက်ကို မသန်းရွှေက ဆီမပါ အင်းသမကာလသားဟင်း ချက်ကျွေးမည်ဖြစ်ကြောင်းပြောရာ လွမ်းသလိုလိုနှင့် တံတွေးမြိုချမိသည်။

ဘာဘဲပြောပြော ညီငယ်တောအုပ်၊ တောခေါင်းရဲ့ကြိုးစား အားထုတ်မှု ရွာသားတွေရဲ့ ညီရင်းအစ်ကိုစိတ်ဓာတ်များနှင့် စိုက်ပျိုးခဲ့သော ထင်းရှူးပင် ကွက်လပ်ဖြည့်စိုက်ခင်းလေးသည် အညွန့်တလူလူနှင့် စိမ်းစိုလို့နေခဲ့ပါပြီ။

အိမ်ထွက်သီးနှံတွေလာလာ ပို့ပေးသည့် ဗိုလ်ချုပ်လည်း အမြဲသတိရနေမိပြီ။

တောဓလေ့ရွာဓလေ့ မင်္ဂလာဆောင်တိုင်း ဖိတ်ခဲ့ကြပြီး ဓနုဟင်းလျာ တွေက ခံတွင်းမြိန်ခဲ့သလို။

အထုတ်လေးဝယ်ပြီး အကောက်လေး ကောက်မုန့်ဖိုးယူသည့် သူကြီးသားငယ်ကိုလည်း တခုတ်တရရှိခဲ့ပါသည်။

ယခုတော့ ထာဝရကုသိုလ်သည် စိတ်ချမ်းမြေ့စရာပုံရိပ်များ အဖြစ်ထင်ဟပ်နေစေတော့သည်။

++++++




– စာမျက်နှာ (၄၄) မှအဆက် –

မှတ်သားမိသလောက် တော်လှန်ရေးကောင်စီလက်ထက်တွင် ပြန်တည်ပေးသောရွာဖြစ်ကြောင်း သိရပါသည်။ ပညာတတ်လူငယ်လူကြီးများပေါ်များပြီး စီးပွားရေးပညာရေးအလွန်ဖွံ့ဖြိုးကြောင်းတွေ့ရပါသည်။ ထိုစဉ်က အာ အိုင် ဒီ ကျောင်းသားများပင် ထိုရွာမှ မွေးထုတ်ပေးပြီးခင်မင်ခဲ့ရပါသည်။ အလွန်ခေတ်မီ သန့်ရှင်းသော ရွာတစ်ရွာဖြစ်ပြီး မိမိတာဝန်ကျခဲ့သောနေရာများတွင် ထိုရွာမျိုး ယနေ့တိုင်မတွေ့ခဲ့ရပါ။ ရွာသူရွာသားများမှာလည်း ညှော်ဝတ်ကျေပြီး ဖော်ရွေကြပါသည်။

**မအီရွာ**– မအီရွာသည်တောင်ကုတ်မြို့နှင့် အမ်းမြို့နယ်စပ်တွင်ရှိပြီး ဗုဒ္ဓဘုရားရှင်၏ခြေတော်ရာအစစ်ရှိသော ဘာသာရေးအရ ထူးခြားသောရွာဖြစ်ပါသည်။ မအီချောင်းဘေးတွင်တည်ရှိပြီး မအီချောင်းသည် ပျဉ်းကတိုးကဲ့သို့သော အဖိုးတန်သစ်ထွက်သောနေရာဖြစ်ပါသည်။ သစ်လုပ်ငန်းအတွက်သစ်မာပင်ထောင်ရိုက်မှတ်ပေးခြင်းကို မအီချောင်းတစ်လျှောက်တွင်းလည်း ဆောင်ရွက်ခဲ့ရပါသည်။ ရခိုင်ရိုးမတောင်ခြေတွင် သာယာစွာလှပသောရွာတစ်ရွာဖြစ်ပါသည်။

ဘိနယ်များသို့ သွားလာခြင်း

ထိုစဉ်က မိမိတာဝန်ယူထိန်းသိမ်းရသော ဘိနယ်အစပ်မအီရွာထိ ၂၀မိုင်ခန့်ရှိပြီး ကားလမ်းမှာ နွေရာသီသာ သွားလာနိုင်ပြီး မြေသားလမ်းသာဖြစ်ပါသည်။ ချောင်းကူးတံတားများမရှိသေးပါ၊ မိုးတွင်းအခါတွင် ခြေလျင်ခရီးသွားလာရပါသည်။ ခြေလျင်မသွားလာပါက သင်္ဘော ဖြင့်၂–ရက်ခန့်သွားလာရပါသည်။ လမ်းပန်းဆက်သွယ်ရေးသည် ထိုအချိန်ကခက်ခဲပါသည်။ တစ်ခါတရံအလုပ်အရေးကြီးပါက ဆားပြင်ရောင်းစက် စက်လှေဖြင့်သွားလာခဲ့ရပါသည်။ စက်တာဝန်ခံဦးတင်အောင် ၉၅ နှင့် စက်ရုံမှူး ဦးပန်နှင့်ဝန်ထမ်းများအား အမှတ်တရကျေးဇူးတင်ရှိပါသည်။

သားငယ်လေးမွေးဖွားခြင်း

ရခိုင်တောင်ပိုင်းတောင်ကုတ်မြို့တွင် ဇနီးသည်၊ သားကြီးတို့နှင့်အတူ တောင်ကုတ်မြို့မြောက်ဘက် ဘိနယ် နယ်မြေတာဝန်ခံတောအုပ်ကြီးအဖြစ် ဘိနယ်အလုပ်များ တာဝန်ကျေအောင်ဆောင်ရွက်ရင်း သားအငယ်လေးအား တောင်ကုတ်မြို့မှာပင် မွေးဖွားခဲ့ပါသည်။ သားအငယ်မှာ ရခိုင်တောင်ပိုင်း တောင်ကုတ်မြို့မှာမွေးသော ဗမာလူမျိုး ရခိုင်သားတယောက်ဖြစ်ပါတော့သည်။

ဆက်လက်ဖော်ပြပါမည် ➤



# လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့

ဒေါက်တာ တင်အောင်ဝင်း
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့သည် စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (The Fourth International Day of Clean Air for Blue Skies) ဖြစ်ပါသည်။ စက်တင်ဘာလ ၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အဖြစ် သတ်မှတ်ရန် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့်(၇၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ခဲ့ပါသည်။ လေထုအရည်အသွေးကောင်းမွန်စေရေးအတွက် လူသားများ၏အသိအမြင်နှင့် နားလည်သဘောပေါက်မှုတို့အား မြှင့်တင်ပေးနိုင်ရန်နှင့် ဖြေရှင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်ရည်ရွယ်ပြီး ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ် စက်တင်ဘာလ ၇ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ် ကျင်းပလာခဲ့ကြပါသည်။




ကိုးကားချက်။ UNEP Website

ယခုနှစ် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ လေထုသန့်ရှင်းဖို့ လက်တွဲပူးပေါင်းဆောင်ရွက်စို့ (Together for Clean Air) ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ လေထုအရည်အသွေးဆိုင်ရာအစီအမံများနှင့်အတူ ဖြေရှင်းမှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် လေထုညစ်ညမ်းမှုကို ကျော်လွှားနိုင်ရေးအတွက် မိမိတို့၏ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်နိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်းကို မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။

### လေထုညစ်ညမ်းမှုအန္တရာယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော လေထုအရည်အသွေးလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိသောလေကို ရှူရှိုက်နေကြရပါကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် ၁ နှစ်လျှင် လူဦးရေ ၆.၇ သန်းခန့် သေဆုံးနေကြရပြီး လူဦးရေ ၂၄ သန်းခန့်သည် အိမ်တွင်းလေထုညစ်ညမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးများ၊ ကလေးငယ်များနှင့်သက်ကြီးရွယ်အိုများသည် ပြင်ပလေထုညစ်ညမ်းမှုနှင့် အိမ်တွင်းလေထုညစ်ညမ်းမှုတို့၏ ဆိုးကျိုးများကို အများဆုံးခံစားနေကြရပါကြောင်း၊ အထူးသဖြင့် ဝင်ငွေနည်းပါးသည့် မိသားစုများတွင် ထင်း၊ မီးသွေးစသည့် ရုပ်ကြွင်းလောင်စာများကိုအသုံးပြုပြီး ချက်ပြုတ်ခြင်း၊ အနွေးဓာတ်ရရှိအောင် လုပ်ဆောင်ခြင်းတို့မှတစ်ဆင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို ကြုံတွေ့နေကြရပါကြောင်း တို့ကို လေ့လာသိရှိရပါ

သည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝှမ်း ရှိ လူသားများ၏ကျန်းမာရေးအပေါ် ထိခိုက်စေလျက် ရှိသောဖြေရှင်းဆောင်ရွက်ရမည့် ပတ်ဝန်းကျင်ဆိုင်ရာအကြီးမားဆုံးပြဿနာရပ်တစ်ခုဖြစ်လာနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

**လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု**

မြန်မာနိုင်ငံအနေဖြင့်လည်း ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေထုညစ်ညမ်းမှု အပါအဝင်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကို ကာကွယ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများနည်းတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၄ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ၂၀၁၅ ခုနှစ်တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ၂၀၁၉ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) တို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး သက်ဆိုင်ရာကဏ္ဍ အသီးသီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်းနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံသဘောတူညီချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ပြီး ကမ္ဘာ့နိုင်ငံများနှင့်အတူ လေထုညစ်ညမ်းမှုထိန်းချုပ်ရေး အပါအဝင် ရာသီဥတုပြောင်းလဲလာမှုအပေါ် ပူးပေါင်းဖြေရှင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကဦးဆောင်ပြီး သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အဆိုပါ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတကာ သဘောတူညီချက်များအပေါ် အခြေခံပြီး လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်–

- စက်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းကဏ္ဍအသီးသီးမှထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးက လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊
- စွန့်ပစ်ပစ္စည်းများကို ရေရှည်စနစ်တကျစီမံ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)ပါ ကာလတို၊ ကြားကာလ၊ ကာလရှည်များအတွက် ချမှတ်ထားသော ရည်မှန်းချက်များပါလုပ်ငန်းများကို အကောင်အထည်ဖော်ပြီး မျှော်မှန်းထားသောပန်းတိုင်များ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများပူးပေါင်းပြီး ပြည်ထောင်စု နယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့်များအထိ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ၂၀၀၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံက သဘောတူအတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်(ASEAN Agreement on Transboundary Haze Pollution - AATHP) အရ တောမီးနှင့်အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက်လျှော့ချနိုင်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် တိုင်း

ဒေသကြီး/ပြည်နယ်များတွင် လုပ်ငန်းစီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

- ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချရေးအတွက် သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများတွင် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များအရ ၂၀၃၀ ခုနှစ်အထိ ဆောင်ရွက်သွားမည့်ရည်မှန်းချက်များချမှတ်ပြီး သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုများကို လစဉ်ပုံမှန်ဆောင်ရွက်ပြီး မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ၂၀၂၂ ခုနှစ် မေလမှစတင်၍ လစဉ်ပုံမှန်သတင်းထုတ်ပြန်ခြင်း။

**လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု**

လေထုညစ်ညမ်းမှုသည် ကျွန်ုပ်တို့လူသားတိုင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍတိုင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့် သက်ဆိုင်နေသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းအလိုက်၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်၊ နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်မှသာ လေထုညစ်ညမ်းမှုကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုတို့ကို မျှော်မှန်းလျက် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေအောင် ထိန်းသိမ်းနိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းပြီး လေထုသန့်ရှင်းဖို့လက်တွဲပူးပေါင်းဆောင်ရွက်စို့ဟု တိုက်တွန်းနှိုးဆော်ရင်း ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ရောက်ရှိသော အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့ (International Day of Clean Air for Blue Skies) အား ဂုဏ်ပြု ကြိုဆိုအပ်ပါသည်။

## ကာတွန်းကဏ္ဍ









၂၀၂၃ခုနှစ်၊
အောက်တိုဘာလ(၁၆)ရက်နေ့တွင်
ကျရောက်သည့်
ကမ္ဘာ့စားနပ်ရိက္ခာနေ့အား
ကြိုဆိုဂုဏ်ပြုသည်။





APK

သစ်တောကြေးမုံ



# ကမ္ဘာ့ အလှပဆုံး ပန်းဘုရင်မ ပင် သော်ကကြီးပင် ( သော်ကပင် )

ဦးဟုတ်လင်း

**အင်္ဂလိပ်အမည်** ။ Orchid tree,Queen of the flowering tree, Pride of Burma,Tree of heaven.

**ရုက္ခဗေဒအမည်** ။*Amherstia nobilis* Wall.

**မျိုးရင်း**။ ယခုအခါ Fabaceae မျိုးရင်းတွင်ပါဝင်ပြီး၊ ယခင်အခါက (Caesalpiniaceae)မျိုးရင်း၌ပါဝင်သည်။

**မျိုးစု** ။ Amherstia

**မျိုးစိတ်** ။ nobilis

ငင်းမျိုးစုတွင် မြန်မာနိုင်ငံ၌ သော်ကကြီးပင်တစ်မျိုးတည်းကိုသာ တွေ့ရှိရသည်။ သော်ကကြီးပန်းသည် သဘာဝ၏ အလှပဆုံးပစ္စည်းများထဲတွင် အပါအဝင်ဖြစ်သည်။ ဖြူ ပြာ နီ ဝါ စသည်ဖြင့် ချစ်စဖွယ်အရောင် အသွေးရှိ၍ လှပ တင့်တယ် ရှုချင်စဖွယ်ကောင်းသော အဖူး အပွင့်တို့ဖြင့် တသွယ် မွှေးထုံသင်းပျံ့သည့် ရနံ့ဖြင့်တစ်ဖုံ၊ ပန်းများသည် လူတို့၏ စိတ်ကို ရွှင်လန်း ကြည်နူး အောင် ဆွဲဆောင်နိုင်ကြသည်။ ထို့ကြောင့် ပန်းများကို လူတိုင်းလိုလိုပင် နှစ်သက်ကြသည်။

အပူပိုင်းဒေသ၌ ပေါက်ရောက်ကြသည့် ပန်းပွင့်သောသစ်ပင်များအနက် အပွင့်ပွင့်ပုံ ထူးခြားလှပ ခန့်ညားသော သော်ကကြီးပန်းကို ကမ္ဘာ့အလှပန်း ဘုရင်မ အလှပဆုံးပန်းဟူ၍ တင်စား၍ ခေါ်ဝေါ်ကြသည်။

စာမျက်နှာ (၁၀) သို့





